# အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများမိတ်ဆက်

ဇန်နဝါရီလ ၂၀၁၉

ကမ္ဘာ့ဒေသအားလုံးမှ အထင်ကရတရားသူကြီးများနှင့် ရှေ့နေများ စုစုပေါင်း ၆၀ ဦးဖြင့် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ကော်မရှင် (International Commission of Jurists – ICJ) သည် တရားဥပဒေစိုးမိုးရေးမှတစ်ဆင့် ၎င်း၏ ထူးခြားသော ဥပဒေရေးရာကျွမ်းကျင်မှုကို အသုံးပြုပြီး ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုစနစ်များကို ဖွံ့ဖြိုးခိုင်မာစေခြင်းဖြင့် လူ့အခွင့်အရေးများကို တိုးမြှင့်ကာကွယ်လျက်ရှိပါသည်။ ၁၉၅၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကမ္ဘာ့တိုက်ကြီးငါးတိုက်တို့တွင် တက်ကြွစွာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် ICJ အနေဖြင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဥပဒေကို စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်စေပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်အပါအဝင် နိုင်ငံသား၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခွင့်အရေးများကို သေချာစွာ အကောင်အထည်ဖော်ရန်၊ အာဏာခွဲဝေပိုင်းခြားကျင့်သုံးမှုကို အကာအကွယ်ပေးရန်နှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာ အသက်မွေးဝမ်းကြောင်းမှုတို့၏ လွတ်လပ်မှုကို အာမခံချက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

® အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများမိတ်ဆက်

© မူပိုင်ခွင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် ဇန်နဝါရီလ ၂၀၁၉ တွင်ပုံနှိပ်ဖြန့်ဝေသည်။ မူပိုင်ခွင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် - ဇန်နဝါရီလ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေသည်။

ICJ ၏ ရေးသားထုတ်ဝေမှုများမှ ထုတ်နုတ်ဖော်ပြချက်များကို ပြန်လည်ဖြန့်ဝေမည်ဆိုပါက ထိုသို့ ပြုလုပ်ရာတွင် ICJ အား အသိအမှတ်ပြုပေးရမည်ဖြစ်ပြီး အဆိုပါကောက်နုတ်ချက်ပါဝင်သည့် ထုတ်ဝေမှုမိတ္တူတစ်စုံကို ကျွန်ုပ်တို့၏ရုံးချုပ်သို့ အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်။

International Commession of Jurists
P.O. Box 91
Rue des Bains 33
Geneva
Switzerland

ပရော်ဖက်ဆာ Heiner Bielefeldt အား ၎င်း၏အကြံဉာဏ်များနှင့် သုံးသပ်ချက်များ အတွက် ICJ မှ အထူးကျေးဇူးတင်ရှိပါသည်။

ဤမိတ်ဆက်အား အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါလီမန်အဖွဲ့ဝင်များ၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၊ နော်ဝေ ဟယ်လင်စကီ ကော်မတီ၊ DanChurchAid -Norwegian Church Aid (DCA- NCA) နှင့် Norweigian Agency for Development Cooperation (Norad) တို့၏ ပံ့ပိုးကူညီမှုဖြင့် ပုံနှိပ်ထုတ်ဝေသည်။

အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ်
သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ
လူ့အခွင့်အရေး ဥပဒေနှင့် စံချိန်စံညွှန်းများ မိတ်ဆက်

ဇန်နဝါရီလ ၂၀၁၉

# မာတိကာ(၁)


**အကျဉ်းချုပ် နှင့် အကြံပြုချက်များ** ၃

**နိဒါန်း** ၈

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှု ရပ်တည်ချက်အပေါ်တွင် ခွဲခြားဆက်ဆံမှု ၉

**အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ မူဘောင်** ၁၁

**လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းရမည့် ဝတ္တရားများ** ၁၁

လူ့အခွင့်အရေးကို လေးစားရမည့် ဝတ္တရား ၁၁
လူ့အခွင့်အရေးကို ကာကွယ်ရမည့် ဝတ္တရား ၁၂
လူ့အခွင့်အရေးကို ဖြည့်ဆည်းရမည့် ဝတ္တရား ၁၂

**အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်** ၁၃

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို အာမခံပေးသော
အပြည်ပြည်ဆိုင်ရာဥပဒေ ၁၃
ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွပ်လပ်စွာခံယူ၊ ပြောင်းလဲ၊ စွန့်လွှတ်ခွင့် ၁၃
ကိုးကွယ်သည့်ဘာသာ ခံယူနိုင်ခွင့် သို့မဟုတ် ပြောင်းလဲနိုင်ခွင့် ၁၃
လူတစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုအား ဖော်ထုတ်ပြသခွင့် ၁၄
မိမိကိုးကွယ်သည့်ဘာသာ  သို့မဟုတ် သက်ဝင်ယုံကြည်မှုအား လွပ်လပ်စွာဖော်ထုတ်ခြင်းအပေါ် ကန့်သတ်ချက်များ ၁၅
လွပ်လပ်စွာဝတ်ပြုကိုးကွယ်ခွင့်နှင့် ဝတ်ပြုကိုးကွယ်သည့်နေရာများ ၁၆
ဘာသာရေးဆိုင်ရာ အမှတ်သင်္ကေတများကို လွတ်လပ်စွာဆင်ယင်ခွင့် (သို့) ပြသခွင့် ၁၇
ဆိုနီယာ ယကာ အမှု ပြင်သစ် (Sonia Yaker v. France) ၁၉
ဘီကရမ်ဂျစ် ဆင်း အမှု ပြင်သစ် (Bikramjit Singh v. France) ၂၀
အားလပ်ရက်များနှင့် အလုပ်နားရက်များကို သတ်မှတ်လိုက်နာခြင်း ၂၁
ဘာသာရေးခေါင်းဆောင် ခန့်အပ်ခြင်း ၂၁
ဘာသာရေးဆိုင်ရာ သင်ကြားမှု၊ ဟောပြောမှုနှင့် ဘာသာကူးပြောင်းရန် သိမ်းသွင်းမှု ၂၁
အကြပ်ကိုင်ခြင်း၊ တွန်းအားပေးခြင်း၊ မလျော်ကန်သောဩဇာလွှမ်းမိုးခြင်း (သို့) ဖိအားပေးခြင်းနှင့်
အခြားသောမတရားပြုသည့်ပုံစံများ ၂၃
လာရစ်စစ် နှင့် အခြားအမှု ဂရိနိုင်ငံ  (Larissis and Others v. Greece) ၂၃
မိဘများနှင့် တရားဝင်အုပ်ထိန်းသူများ၏ မိမိတို့၏သားသမီးများအား ဘာသာရေးဆိုင်ရာ စာပေသင်ကြားပေးခွင့်ကို
သေချာစေခြင်း ၂၃
စစ်မှုထမ်းရန် ငြင်းဆိုခြင်း ၂၅

**ခွဲခြားဆက်ဆံမှု** ၂၅

ခွဲခြားဆက်ဆံမှုနှင့် နိုင်ငံတော်ဘာသာ ၂၇
စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ရရှိခံစားခြင်းနှင့်ပတ်သက်၍  ခွဲခြားဆက်ဆံမှု ၂၈
ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှု အခြေခံအပေါ်တွင် ခွဲခြားဆက်ဆံမှု
နှင့် အကြမ်းဖက်မှု ၂၉
အထူးသဖြင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသော အုပ်စုများ ၂၉
အမျိုးသမီးများ ၂၉
ပစ်ချွန်နှင့်ဆဂျုက် အမှု ပြင်သစ် (PICHON AND SAJOUS V. FRANCE) ၃၀


# မာတိကာ(၂)


မ လိင်တူဆက်ဆံသူ၊ ကျား လိင်တူဆက်ဆံသူ၊ လိင်တူလိင်ကွဲနှစ်မျိုးစလုံးကို ဆက်ဆံသူ၊ ကျား၊မ လက္ခဏာ
ပြောင်းလဲထားသူများ ၃၂
ဒုက္ခသည်များ ၃၃
ကိုးကွယ်သည့်ဘာသာနှင့် သက်ဝင်ယုံကြည်မှုအရ လူနည်းစုများ ၃၄

**အခြားသော လူ့အခွင့်အရေးများနှင့် ဆက်နွယ်မှု** ၃၅
လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ဖော်ထုတ်ပြောဆိုခွင့် ၃၆
ရော့စ် အမှု ကနေဒါ (Ross v. Canada) ၃၇
ဘုရားသခင်နှင့် မြင့်မြတ်သောအရာများကို အသရေဖျက်မှု ဥပဒေ ၃၇

**အကြံပြုချက်များ** ၃၈

## အကျဉ်းချုပ်နှင့် အကြံပြုချက်များ

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည် အမျိုးအစား ကျယ်ပြန့်သော အခွင့်အရေးတစ်ခုဖြစ်ပြီး ယင်းတွင် ကွဲပြားမှုအရေအတွက်များစွာနှင့် အပြန်အလှန်ဆက်နွယ်နေသော အခွင့်အရေး များ အကျုံးဝင်ပါရှိပါသည်။ အဓိကအားဖြင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (ICCPR) အပိုဒ် ၁၈ ပါဝင်သော အပြည်ပြည်ဆိုင်ရာဥပဒေသည် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ကျယ်ပြန့်စွာ အပ်နှင်းပေးပြီး အာမခံမှုလည်းပေးထားပါသည်။ ယင်းစာချုပ်ထဲ၌ ကိစ္စရပ် တိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် တသီးပုဂ္ဂလထင်မြင်ယူဆခွင့်တို့ အကျုံးဝင်ပြီး ဖန်ဆင်းရှင်ဘုရားကို သက်ဝင်သည့် ဝါဒဖြစ်စေ၊ ဖန်ဆင်းရှင်ဘုရားကို သက်ဝင်သည့်ဝါဒ မဟုတ်သည့်ဝါဒဖြစ်စေ၊ ဖန်ဆင်းရှင်ဘုရားမဲ့ဝါဒဖြစ်စေ ကွဲပြားသည့် သက်ဝင် ယုံကြည်မှုများ၏ ယုံကြည်မှုကို ဝန်ခံခြင်းနှင့် ကျင့်ကြံခြင်းကိုလည်းကောင်း၊ တစ်ဦးတစ်ယောက်၏ ကိုးကွယ်ယုံကြည်မှုကို ထုတ်ဖော် ခြင်းမပြုသော လွတ်လပ်ခွင့်ကိုလည်းကောင်း ကာကွယ်ပေးပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည် ဘာသာရေးဆိုင်ရာအပြစ် ဝန်ခံခြင်းမရှိခွင့်ကိုလည်း အာမခံပေး ကာကွယ်ပေးပါသည်။

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည် သီးခြား ကင်းလွတ်စွာ တည်ရှိနေသည်မဟုတ်ပဲ အခြားသောအခွင့်အရေးများနှင့်- ပြည်သူ့ရေးရာနှင့် နိုင်ငံရေး၊ စီးပွားရေးအပါအဝင်၊ လူမှုရေး နှင့် ယဉ်ကျေးမှု - ဖြစ်စဉ်တလျောက်တွင် တည်ရှိနေပါသည်။ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင် ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့်အတူ လူ့အခွင့်အရေးများသည် ရုတ်သိမ်း၍မရပဲ လူသားအားလုံး၏ ဘုံလူသားအဖြစ် တည်ရှိမှု ကြောင့် ရလာသည့်မွေးရာပါအခွင့်အရေးဖြစ်ပြီး တလောကလုံးကလက်ခံထားကာ၊ ခွဲခြမ်း၍မရပဲ၊ အပြန်အလှန် အမှီပြုနေပြီး၊ အပြန် အလှန်ဆက်နွယ်နေသော အခွင့်အရေးများဖြစ်သည်။

## ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှု ရပ်တည်ချက်အပေါ်တွင် ခွဲခြားဆက်ဆံမှုမှ လွတ်လပ်ခွင့်

ခွဲခြားဆက်ဆံမှုမရှိသည့် အခြေခံမူကို ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာတွင်ဖြစ်စေ သို့မဟုတ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတွင်ဖြစ်စေ လူ့အခွင့်အရေးအားလုံးတွင် ကျင့်သုံးပြီး တစ်သားတည်းဖြစ်နေပါသည်။ ထို့ကြောင့် ဤအခြေခံမူကို အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တွင် ကျင့်သုံးပါသည်။

သို့ဖြစ်၍ နိုင်ငံများတွင် ကိုးကွယ်ရာဘာသာသို့ ယုံကြည်သက်ဝင်မှုအပေါ်မူတည်၍ လူတစ်ဦးချင်းစီသို့ လူတစ်ဦးစီပါဝင် သော အုပ်စုအလိုက်အပေါ် ခွဲခြားဆက်ဆံခြင်းပြုခြင်းမှ ရှောင်ကြဉ်ရန် တာဝန်ရှိသလို အစိုးရနှင့်မသက်ဆိုင်သော လူတစ်ဦးစီ (သို့) အဖွဲ့အစည်းများ၏ ခွဲခြားဆက်ဆံခြင်းပြုမှုမှကာကွယ်ရန် လိုအပ်သောဆောင်ရွက်မှုများ ပြုလုပ်ရန် တာဝန်လည်းရှိပါသည်။ ဤ အခြေအနေတွင် တစ်နေရာထက်ပိုပြီး၊ ဆက်စပ်မှုရှိကာ၊ ပေါင်းစပ်နေသည့် ခွဲခြားဆက်ဆံမှုပုံစံများကို သတိရရန် အရေးကြီးပါသည်။ ခွဲခြားဆက်ဆံခြင်း၏ အကြောင်းခံအချက်များမှာ အသက်အရွယ်၊ ကျား/မ၊ လူမှုစီးပွားရေးအဆင့်အတန်း၊ လူမျိုး (သို့) ဇာတိမျိုးနွယ် နောက်ခံ၊ နိုင်ငံသား/လူမျိုးဇစ်မြစ်၊ နိုင်ငံသားဖြစ်မှု၊ ရွှေ့ပြောင်းအခြေချမှုအခြေအနေ၊ ဘာသာစကား၊ အထူးသဖြင့် HIV/AIDS ကဲ့သို့ ကျန်းမာရေးအခြေအနေနှင့် မသန်စွမ်းဖြစ်ခြင်းအပြင် ဆင်းရဲခြင်း၊ လိင်စိတ်တိမ်းညွှတ်မှု သို့မဟုတ် ကျား/မ ကိုယ်ပိုင်လက္ခဏာ (သို့) အသွင်အပြင်တို့နှင့် စပ်လျဉ်း၍ဖြစ်ပြီး ယင်းတို့သည် တစ်စုံတစ်ဦး၏ အမှန်တကယ် သို့မဟုတ် ယိုးစွပ်ခံရသည့် ကိုးကွယ် သည့်ဘာသာ (သို့) ယုံကြည်သက်ဝင်မှု ရပ်တည်ချက်အပေါ်တွင် ခွဲခြားဆက်ဆံခြင်းပြုမှု၏ သဘာဝကို ပိုမိုဆိုးရွားစေခြင်း သို့တည်း မဟုတ် ဩဇာလွှမ်းမိုးမှုရှိပါသည်။

## ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွတ်လပ်စွာခံယူ၊ ပြောင်းလဲ သို့မဟုတ် စွန့်လွှတ်ခွင့်

ခွဲခြားဆက်ဆံမှုမရှိသည့် အခြေခံမူကို ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာတွင်ဖြစ်စေ သို့မဟုတ် စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုဆိုင်ရာတွင်ဖြစ်စေ လူ့အခွင့်အရေးအားလုံးတွင် ကျင့်သုံးပြီး တစ်သားတည်းဖြစ်နေပါသည်။ ထို့ကြောင့် ဤအခြေခံမူ ကို အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တွင် ကျင့်သုံးပါသည်။

သို့ဖြစ်၍ နိုင်ငံများတွင် ကိုးကွယ်ရာဘာသာသို့ ယုံကြည်သက်ဝင်မှုအပေါ် မူတည်၍ လူတစ်ဦးချင်းစီသို့ လူတစ်ဦးစီ ပါဝင်သော အုပ်စုအလိုက်အပေါ် ခွဲခြားဆက်ဆံခြင်းပြုခြင်းမှ ရှောင်ကြဉ်ရန် တာဝန်ရှိသလို အစိုးရနှင့်မသက်ဆိုင်သော လူတစ်ဦးစီ သို့ အဖွဲ့အစည်းများ၏ ခွဲခြားဆက်ဆံခြင်းပြုမှုမှ ကာကွယ်ရန် လိုအပ်သောဆောင်ရွက်မှုများ ပြုလုပ်ရန် တာဝန်လည်းရှိပါသည်။ ဤအခြေအနေတွင် တစ်နေရာထက်ပိုပြီး၊ ဆက်စပ်မှုရှိကာ၊ ပေါင်းစပ်နေသည့် ခွဲခြားဆက်ဆံမှုပုံစံများကို သတိရရန် အရေးကြီး ပါသည်။ ခွဲခြားဆက်ဆံခြင်း၏ အကြောင်းခံအချက်များမှာ အသက်အရွယ်၊ ကျား/မ၊ လူမှုစီးပွားရေးအဆင့်အတန်း၊ လူမျိုးသို့



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု  လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

ဇာတိမျိုးနွယ်နောက်ခံ၊ နိုင်ငံသား/လူမျိုးဇစ်မြစ်၊ နိုင်ငံသားဖြစ်မှု၊ ရွှေ့ပြောင်းအခြေချမှုအခြေအနေ၊ ဘာသာစကား၊ အထူးသဖြင့် HIV/AIDS ကဲ့သို့ ကျန်းမာရေးအခြေအနေနှင့် မသန်စွမ်းဖြစ်ခြင်းအပြင် ဆင်းရဲခြင်း၊ လိင်စိတ်တိမ်းညွှတ်မှု သို့မဟုတ် ကျား/မ ကိုယ်ပိုင်လက္ခဏာသို့ အသွင်အပြင်တို့နှင့် စပ်လျဉ်း၍ဖြစ်ပြီး ယင်းတို့သည် တစ်စုံတစ်ဦး၏ အမှန်တကယ် သို့မဟုတ် ယိုးစွပ်ခံ ရသည့် ကိုးကွယ်သည့်ဘာသာသို့ ယုံကြည်သက်ဝင်မှု ရပ်တည်ချက်အပေါ်တွင် ခွဲခြားဆက်ဆံခြင်းပြုမှု၏ သဘာဝကို ပိုမိုဆိုးရွား စေခြင်း သို့တည်းမဟုတ် ဩဇာလွှမ်းမိုးမှုရှိပါသည်။

## ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွတ်လပ်စွာခံယူ၊ ပြောင်းလဲ သို့မဟုတ် စွန့်လွှတ်ခွင့်

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများအရ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည် မှုဆိုင်ရာ လွတ်လပ်ခွင့်သည် တစ်စုံတစ်ဦး၏ရွေးချယ်ရာ ကိုးကွယ်သည့်ဘာသာကို ခံယူခွင့်၊ ကိုးကွယ်သည့်ဘာသာ ပြောင်းလဲခွင့် အပါအဝင်နှင့် ကိုးကွယ်သည့်ဘာသာတစ်ခုကို ထိန်းသိမ်းခွင့်တို့ကို အာမခံပေးပြီး ပါဝင်စေပါသည်။ ဤခံစားခွင့်အားလုံးသည် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၏ ပင်မလိုအပ်ချက်များဖြစ် ပြီး ၎င်းတို့တွင် အကြွင်းမဲ့သောအရည်အချင်းရှိပြီး ကန့်သတ်မှုအကြောင်းတစ်စုံတရာ မည်သို့မျှဖြစ်မလာနိုင်ခြင်းသည် အပြည်ပြည် ဆိုင်ရာဥပဒေအောက်တွင် အာမခံပေးထားသော အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည် မှုဆိုင်ရာ လွတ်လပ်ခွင့်၏သဘာဝကို ရောင်ပြန်ဟပ်ပါသည်။[1]

## ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို ဖော်ထုတ်ပြသခွင့်

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများသည် လူတစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည် မှုကို ဖော်ထုတ်ပြသခွင့်ကို အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့် ၏ အခြေခံကျသောအမြင်အဖြစ် အာမခံပါသည်။ ယင်းတွင် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ယုံကြည်သက်ဝင်မှုနှင့် ဆက်စပ်နေ သည့် ဝတ်ပြုဆုတောင်းခွင့် (သို့) စုဝေးခွင့်နှင့် ထိုရည်ရွယ်ချက်များအတွက် နေရာဌာနများထူထောင်ခွင့်နှင့် ထိန်းသိမ်းခွင့်တို့ပါ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဝတ်ပြုရာနေရာများသည် လွတ်လပ်စွာအတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့် ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ဖော်ပြနိုင်ရန်အတွက် အဓိကလိုအပ်ချက်တစ်ခု ဖြစ်သည့်အတွက် အရေ အတွက်များပြားသည့် အများစုသော ဘာသာရေးအစုအဖွဲ့များသည် ယင်းတို့၏အဖွဲ့ဝင်များ သူတို့၏ယုံကြည်မှုကို ပြသနိုင်မည့် ဝတ်ပြုဆုတောင်းသည့်နေရာတစ်ခု၏ တည်ရှိမှုကို လိုအပ်ပါသည်။

လူတစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို ဖော်ထုတ်ပြသခွင့်တွင် ကိုးကွယ် သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုတစ်ခု၏ ဘာသာရေးဓလေ့များ (သို့) ထုံးတမ်းဓလေ့များနှင့် ဆက်စပ်လျှက်ရှိသော လိုအပ်သည့်အယူဝါဒဆိုင်ရာ ရေးသားချက်များနှင့် ရုပ်ဝတ္ထုပစ္စည်းများကို လွတ်လပ်စွာပြုလုပ်၊ ရယူ၊ အသုံးပြုမှုတို့ ပါဝင်သလို ဘာသာရေးဆိုင်ရာ အမှတ်သင်္ကေတများကိုဆင်ယင် သို့မဟုတ် ပြသမှုလွတ်လပ်ခွင့်လည်းပဲ ပါရှိပါသည်။ သို့သော် လူတစ်ဦး တစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို ဖော်ထုတ်ပြသခွင့်သည် လူ့အခွင့်အရေးဆိုင်ရာဥပဒေ အရ အကြွင်းမဲ့ဖြစ်ခြင်းမရှိပါ။

အချို့သောအခြေအနေများတွင် နိုင်ငံများသည် လူတစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင် ယုံကြည်မှုကို ဖော်ထုတ်ပြသခွင့်အား တရားဝင်ကန့်သတ်နိုင်သည်။ ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ အမှတ်သင်္ကေတများကို လွတ်လပ်စွာဆင်ယင်ခွင့် (သို့) ပြသခွင့်ကိုကန့်သတ်မှုများ သတ်မှတ်ခြင်းပါဝင်သည်။ သို့သော် နိုင်ငံများသည် ယင်းတို့ သတ်မှတ်လို သည့် တားမြစ်ကန့်သတ်မှုများကို ဥပဒေအရနှင့် အများပြည်သူလုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျန်းမာရေးသို့ လူ့ကျင့်ဝတ် (သို့) လူ အများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်လိုအပ်ချက်တို့အရ နှစ်မျိုးစလုံးဖြင့် ပြဌာန်းပြီးချိန်မှသာ ကျင့်သုံးနိုင်သည်။ ထို့ အပြင် ယင်းကဲ့သို့သောအခြေအနေတွင် အပြည်ပြည်ဆိုင်ရာဥပဒေ၌ လူတစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို ဖော်ထုတ်ပြသခွင့်အပေါ် တားမြစ်ကန့်သတ်မှုများကို အလွန်ထူးခြားသော ဖြစ်စဉ်များတွင်သာ ခွင့်ပြုထားပြီး

[1]လူ့အခွင့်အရေးကော်မတီမှ ရှင်းလင်းပြီးသည့် အချက် ဖြစ်သည့်" ဤပြဌာန်းချက်ကို [တနည်းအားဖြင့် ICCPR ၏ အပိုဒ် ၁၈ အရ အာမခံထားသော လွတ်လပ်စွာ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၏ အခွင့်အရေး] အများပြည်သူ အရေးပေါ်ကာလတွင် တောင်မှ နိမ့်ကျစေခြင်းငှာ မလုပ်နိုင်ပါ။"သည် ယင်း အာမခံသည့် လွတ်လပ်ခွင့်၏ အခြေခံကျသော အရည်အချင်းကို သက်သေခံပါသည်။ အပိုဒ် ၄၊ ICCPR; ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ၊ အထွေထွေမှတ်ချက် ၂၂၊ စာပိုဒ် ၁။

ယင်းဖြစ်စဉ်များတွင်တောင်မှ အခြေအနေအတော်များများတွင် ပြစ်မှုဆိုင်ရာဥပဒေကို ကျင့်သုံးရန် မလိုအပ်ကြောင်းနှင့် ပြစ်မှုဆိုင်ရာဥပဒေကျင့်သုံးမှု မပါဝင်သည့် အခြားသောကန့်သတ်မှု ဆောင်ရွက်ခြင်းများသည် ယေဘုယျအားဖြင့် ထိရောက်ပြီး လုံလောက်နိုင်သည်ဆိုသည့် အချက်များကို အလေးထားသင့်ပါသည်။

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေသည် ဥပမာသင်ကြားမှုနှင့် သာသနာပြုလုပ်ငန်းများအားဖြင့် စည်းရုံးသိမ်းသွင်းရန်နှင့် အယူဝါဒကူးပြောင်းရန် ကြိုးပမ်းခွင့်ကိုလည်း တစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှု ဖော်ထုတ်ပြသခွင့်ကို သွယ်ဝိုက်သောနည်းအားဖြင့် ကျင့်သုံးမှုနှင့် အကျိုးခံစားမှုရရှိရန်အတွက်  အသိအမှတ်ပြုပါသည်။ သို့သော် အခြားလူများကို အယူဝါဒကူးပြောင်းရန်ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှုမဆို အတင်းအကျပ်မလုပ်ရပါ။ အမှန်မှာ အခြားသူများကို သတ်မှတ်ထားသော ဘာသာရေးယုံကြည်မှုတစ်ခုကို ခံယူခြင်းဆီသို့ရောက်အောင် ဖိအားပေးအကျပ်ကိုင်ရန် ကြိုးပမ်းသည့် အကြပ်ကိုင်ခြင်း၊ တွန်းအားပေးခြင်း၊ မလျော်ကန်သောဩဇာလွှမ်းမိုးခြင်းသို့ ဖိအားပေးသောအပြုအမူများ သို့မဟုတ် အခြားသော မတရားပြုခြင်းပုံစံများသည် တစ်ဦးတစ်ယောက်၏ အတင်းအဓမ္မပြုခံရခြင်းအကြောင်း မဖြစ်ခွင့်ကို ချိုးဖောက်ပါသည်။ ထိုချိုးဖောက်မှုသည် လူတစ်ဦးတစ်ယောက်၏ သူရွေးချယ်ရာကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုကို ရယူခွင့်သို့ခံယူခွင့်ကို ထိခိုက်စေပါသည်။[2]

ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုလွတ်လပ်ခွင့်မှ အာမခံပေးသည့်အချက်များမှာ တစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု၏ လိုအပ်ချက်အရ အားလပ်ရက်များနှင့် အခမ်းအနားများကိုကျင်းပရန် အလုပ်နားရက်များကို သတ်မှတ်လိုက်နာခြင်း၊ သင့်လျော်သည့် ဘာသာရေးခေါင်းဆောင်များကို တင်မြှောက်ခြင်းအားဖြင့် လွတ်လပ်စွာ လေ့ကျင့်၊ ခန့်အပ်၊ ရွေးချယ် (သို့) လျာထားမှုလွတ်လပ်ခွင့်နှင့် အထူးသဖြင့်လက်နက်များ (သို့) လူကိုသေစေသောအင်အားကို အသုံးပြုမှုတို့နှင့် စပ်လျဉ်း၍ လူအများကို ၎င်းတို့၏ ဆင်ခြင်တုံတရား (သို့) သက်ဝင်ယုံကြည်မှုနှင့် ဆန့်ကျင်၍ပြုမူရန် တွန်းအားပေးခံရခြင်းမှကာကွယ်ခြင်း (ဥပမာ စစ်မှုထမ်းခြင်းသည် ကျင့်ဝတ်အရမလျော်ဟုခံယူခြင်း) တို့ဖြစ်သည်။ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်တွင် မိဘများနှင့် အချို့အခြေအနေတွင် တရားဝင်အုပ်ထိန်းသူများအတွက် မိမိတို့၏ ကလေးများ၏ ဘာသာရေးနှင့် ကျင့်ဝတ်သင်ကြားရေးကို မိမိတို့၏ ယုံကြည်ခံယူချက်အတိုင်း အုပ်ထိန်းခွင့်ကို သေချာစေသည့် အုပ်ထိန်းခွင့် ပါဝင်သည်။

## အခြားသောအခွင့်အရေးများနှင့် ဆက်နွယ်မှု

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည် လွတ်လပ်စွာ ဖော်ထုတ်ပြသခွင့်အပါအဝင် အခြားသောအခွင့်အရေးများနှင့် ဝိရောဓိဖြစ်လာနိုင်ပါသည်။ လွတ်လပ်စွာ ဖော်ထုတ်ပြသခွင့်သည် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် နီးကပ်စွာဆက်စပ်နေပြီး နှုတ်စကားဖြင့်ဖြစ်စေ၊ လက်ရေး (သို့) ပုံနှိပ်စာမူဖြင့်ဖြစ်စေ၊ အနုပညာပုံစံတခုခုဖြစ်စေ (သို့) တစ်ဦးဦး၏ရွေးချယ်ရာ အခြားသောဆက်သွယ်ရေးကြားခံမှတဆင့်ဖြစ်စေ လူတိုင်းသတင်းအချက်အလက်နှင့် အတွေးအခေါ်အမျိုးအစားအားလုံးကို ဝေမျှပေးနိုင်သည့် အခွင့်ရေးကို အာမခံပေးပါသည်။

လွတ်လပ်စွာ ဖော်ထုတ်ပြသခွင့်သည် အကြွင်းမဲ့ အခွင့်အရေးတစ်ခုမဟုတ်သည့်အတွက် သတ်မှတ်ထားသည့်ကိစ္စများ အနည်းငယ်တွင် နိုင်ငံတော်၏စည်းမျဉ်းဥပဒေဖြင့် သတ်မှတ်ခြင်းကို ခံရနိုင်ပါသည်။ ကိုးကွယ်သည့်ဘာသာတစ်ခုခု (သို့) ဘာသာရေးဆိုင်ရာယုံကြည်မှုသက်သက်ကို ကာကွယ်ခြင်း သို့မဟုတ် အဆိုပါကိစ္စရပ်အတွက် တစ်စုံတစ်ယောက်၏ ဘာသာရေးဆိုင်ရာခံယူချက်အား ကာကွယ်ခြင်းကိစ္စရပ်များကို လွတ်လပ်စွာ ဖော်ထုတ်ပြသခွင့် ကျင့်သုံးမှုအပေါ် ဥပဒေနှင့်အညီ တားမြစ်ကန့်သတ်မှု အချို့ပြဋ္ဌာန်းနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများက အသိအမှတ်ပြုထားသည့် တရားဝင်သောအကြောင်းပြချက်များအဖြစ် သတ်မှတ်နိုင်ခြင်းမရှိပါ။

ထို့အပြင် "ဘုရားသခင်နှင့် မြင့်မြတ်သောအရာများကို အသရေဖျက်မှုအတွက် ဥပဒေ" အပါအဝင် ဘာသာတစ်ခု (သို့) အခြားသော သက်ဝင်ယုံကြည်မှုစနစ်များကို လေးစားမှုကင်းမဲ့သော အပြုအမူများကို တားမြစ်မှုများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းများအရ ခွင့်ပြုထားခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဘာသာတစ်ခုခု (သို့) သက်ဝင်ယုံကြည်မှုစနစ်ကို မျက်နှာသာပေးခြင်းအားဖြင့် (သို့) ဆန့်ကျင်ခြင်းအားဖြင့်လည်းကောင်း၊ သို့တည်းမဟုတ် ယင်းတို့၏ နောက်လိုက်များမှ အခြားသူတို့

[2] ဥပမာ ICCPR ၏အပိုဒ် ၁၈(၂) ကို ကြည့်ပါ။



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု  လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

အပေါ်သို့ ဘာသာရေးယုံကြည်သူများမှ ဘာသာရေးမယုံကြည်သူများအပေါ်လည်းကောင်း ခွဲခြားဆက်ဆံသည့် ဥပဒေများဖြစ်သောကြောင့် ဖြစ်သည်။ ဘာသာရေးခေါင်းဆောင်များကို ဝေဖန်ခြင်း (သို့) ဘာသာရေးအယူဝါဒနှင့် သက်ဝင်ယုံကြည်မှု ရေသောက်မြစ်ကို ထင်မြင်ချက်ပေးခြင်းတို့ကို တားဆီးခြင်း (သို့) အပြစ်ပေးခြင်းတို့တွင် အသုံးပြုသည့် ဤတားမြစ်မှုများကိုလည်း ခွင့်ပြုထားခြင်းမရှိပါ။

## အကြံပြုချက်များ

ဤမိတ်ဆက်တွင် တင်ပြထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများနှင့် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်စံချိန်စံညွှန်းများ သုံးသပ်ချက်အရ ICJ အဖွဲ့မှ အကြံပြုထားသည်မှာ နိုင်ငံများသည်

- "ပြောင်းလဲခြင်း"၊ " ဖီဆန်ခြင်း"ကို ကန့်သတ် (သို့) တားမြစ်သော မည်သည့်ဥပဒေပြဋ္ဌာန်းမှုကိုမဆို ရုပ်သိမ်းသင့်သည် သို့မှမဟုတ်လျှင် ထိုအရာသည် တစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို စွန့်လွှတ်ခွင့်၊ ပြောင်းလဲခွင့် (သို့) ထိန်းထားခွင့်တို့ကို လျော့ချလိမ့်မည်။

- လူတစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာကို ဖော်ထုတ်ပြသမှု လွတ်လပ်ခွင့် - ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာသင်္ကေတများကို ပြသခြင်း (သို့) ဘာသာရေးဆိုင်ရာအဝတ်အစားများ ဝတ်ဆင်ခြင်း - အပါအဝင် အတွေးအခေါ်၊ ဆင်ခြင်တုံတရားနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်အပေါ်ပြုလုပ်သည့် မည်သည့်ကန့်သတ်မှုကိုမဆို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအောက်တွင် အသိအမှတ်ပြုခြင်းခံရသည့် တရားဝင်သော ရပ်တည်ချက်များပေါ်တွင်သာ သီးသန့်အခြေခံသည်ကို သေချာအောင်လုပ်သင့်သည်။ အတိအကျဆိုရသော် ယင်းကန့်သတ်မှု၏ ရည်ရွယ်ချက်မှာ အများပြည်သူလုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျန်းမာရေး (သို့) လူ့ကျင့်ဝတ် (သို့) လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို ကာကွယ်ရန်ဖြစ်ရမည်၊ ဤမည်သည့်ကန့်သတ်မှုမဆို ဥပဒေအရနှင့် လိုအပ်ချက်အရ ပြဋ္ဌာန်းခံရမည်၊ ယင်းကန့်သတ်မှုများသည် အနည်းဆုံး အထက်တွင်ဖော်ပြထားသည့် တရားဝင်သော ရည်ရွယ်ချက်တခုခုကို လုပ်ဆောင်ရန်ဖြစ်ရမည်၊ ယင်းကန့်သတ်မှုများသည် အချိုးကျဖြစ်ရမည်။

- ဤမိတ်ဆက်တွင် အနစ်ချုပ်ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စံချိန်စံညွှန်းများအောက်ရှိ "မလွှဲမရှောင်သာသော ကန့်သတ်မှု" လိုအပ်ချက်များကို ဖြည့်စည်းရန် တားမြစ်မှုများအပ "ဘာသာပြောင်းခြင်း"သို့ ဘာသာရေးဆိုင်ရာသင်ကြားမှုအပေါ် ပြုလုပ်သည့် မည်သည့်တားမြစ်မှုများကိုမဆို ရုပ်သိမ်းသင့်သည်။

- ဘာသာရေးဆိုင်ရာဝတ်ပြုခြင်း၊ မြင့်မြတ်သောနေရာ၊ အထွတ်အမြတ်ဗိမာန်တို့အတွက် နေရာများကို အပြည့်အဝလေးစားခြင်း၊ ကာကွယ်ခြင်းနှင့် ယင်းနေရာများတွင်  ကြုံမြင်နိုင်သော မတော်မလျော်ပြုမှုသို့ ဖျက်ဆီးမှုအန္တရာယ်တို့ ကြုံတွေ့လာပါက ယင်းတို့၏လုံခြုံရေးကို သေချာစေရန် ထပ်တိုးလုပ်ဆောင်မှုများ ပြုလုပ်ခြင်းတို့ကို သေချာအောင်လုပ်သင့်သည်။

- အထူးသဖြင့် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို တရားဝင်ကျင့်သုံးမှုနှင့် ဆက်နွယ်၍ ဘာသာရေးကျင့်ဝတ်နှင့်မလျော်ဟု ခံယူသဖြင့် ငြင်းဆိုနိုင်ခွင့်ကို အာမခံသည့် ဥပဒေပြဋ္ဌာန်းမှုကို ကျင့်သုံးသင့်သည်။

- အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာအပေါ် လေးစားမှုတို့ကို အထူးသဖြင့် အမျိုးသမီးနှင့်မိန်းမငယ်လေးများ (သို့) မည်သူ့ကိုမဆိုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှု လုပ်ရပ်တို့၏ ကျိုးကြောင်းဆီလျော်မှုကို ပြသည့် မှုမမှန်သောအကြောင်းပြချက်များအဖြစ် ဘယ်သောအခါမှ အသုံးချခြင်းမခံရစေရေးကို သေချာအောင်လုပ်သင့်သည်။

- အထူးသဖြင့် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု၊ လူမျိုးစုဝင်၊ လူမျိုး၊ ကျား/မ၊ လိင်စိတ်တမ်းညွှတ်မှုနှင့် ကျား/မ ကိုယ်ပိုင်လက္ခဏာအရ သတ်မှတ်ထားသော အုပ်စုများအပါအဝင် အချို့သောအုပ်စုများမှ လူတို့ကို ကိုယ်စားပြုမှုအပေါ်မူတည်၍ ခွဲခြားဆက်ဆံခြင်းအားလုံးကို တားမြစ်ရန်အလို့ငှာ ဥပဒေထုတ်ပြန်ခြင်း သို့မဟုတ် လက်ရှိဥပဒေကို ပြင်ဆင်ခြင်း ပြုလုပ်သင့်ပါသည်။

- "ဘုရားသခင်နှင့် မြင့်မြတ်သောအရာများကို အသရေဖျက်မှု"ကို ပြစ်မှုအဖြစ် ဥပဒေပြဌာန်း သတ်မှတ်ထားသည့် သို့တည်းမဟုတ် ဥပဒေအရ တားမြစ်ခြင်းခံရနိုင်သည့် နိုင်ငံတို့တွင် ထိုကဲ့သို့သော ဥပဒေများကို ရုပ်သိမ်းသင့်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းဥပဒေတို့သည် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာဖော်ထုတ်ပြသခွင့်တို့နှင့် ရှေ့နောက်လျော်ညီမှုမရှိပဲ အဆိုပါအခွင့်အရေးများကို အကျိုးခံစား၊ ကျင့်သုံးရာတွင် အဟန့်အတားဖြစ်စေပါသည်။

- နိုင်ငံတို့သည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ အပြည်ပြည်ဆိုင်ရာစာချုပ်၊ အပြည်ပြည်ဆိုင်ရာ အားလုံးသော လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေးညီလာခံ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ အားလုံးသောအမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေးညီလာခံ၊ ဒုက္ခသည်များအဆင့်အတန်းနှင့် စပ်လျဥ်းသောညီလာခံ စသည်တို့ပါဝင်သော အဓိကအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်စာတမ်းများအားလုံးတွင် ပါဝင်ပတ်သက်သင့်သည်။ နိုင်ငံတို့သည် ဘာသာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများကို လေးစားသဟယောင် ဟန်ဆောင်ထားသည့် ကန့်သတ်ထိန်းချုပ်မှုများအပါအဝင် လက်ရှိကန့်သတ်ထိန်းချုပ်မှုအားလုံးမှ ရုပ်သိမ်းပေးသင့်သည်။

[3] အားလုံးအနက် လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၈၊ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၈ နှင့် ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုအပေါ်အခြေခံသည့် အားလုံးသော မတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ကို ကြည့်ရန်။





## နိဒါန်း

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည်[3] အမျိုးအစားကျယ်ပြန့်သော အခွင့်အရေးတစ်ခုဖြစ်ပြီး ယင်းတွင် ကွဲပြားမှုအရေအတွက်များစွာနှင့် အပြန်အလှန်ဆက်နွယ်နေသော အခွင့်အရေးများ အကျုံးဝင်ပါရှိပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည် လွတ်လပ်စွာတွေးခေါ်ခွင့်၊ ဆင်ခြင်တုံတရားရှိခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်ကို ကျယ်ပြန့်စွာအပ်နှင်းပေးပြီး အာမခံမှုလည်း ပေးထားပါသည်။ ယင်းတွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ကိစ္စရပ်ရပ်တွင် တသီးပုဂ္ဂလထင်မြင်ယူဆခွင့်တို့ အကျုံးဝင်သည်။ ထို့အပြင် ဖန်ဆင်းရှင်ဘုရားကို သက်ဝင်သည့်ဝါဒဖြစ်စေ၊ ဖန်ဆင်းရှင်ဘုရားကို သက်ဝင်သောဝါဒ မဟုတ်သည့်ဝါဒဖြစ်စေ၊ ဖန်ဆင်းရှင်ဘုရားမဲ့ဝါဒဖြစ်စေ ကွဲပြားသည့် သက်ဝင်ယုံကြည်မှုများ၏ ယုံကြည်မှုကို ထုတ်ဖော်ပြောဆိုချက်နှင့် ကျင့်ဝတ်ကိုလည်းကောင်း၊ တစ်ဦးတစ်ယောက်၏ ကိုးကွယ်ယုံကြည်မှုကို ထုတ်ဖော်မှုမပြုလုပ်ရေး လွတ်လပ်ခွင့်ကိုလည်းကောင်း ကာကွယ်ပေးပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည် ဘာသာရေးဆိုင်ရာ အပြစ်ဝန်ခံခြင်းမရှိခွင့်ကိုလည်း အာမခံပေး ကာကွယ်ပေးပါသည်။

ဤ မိတ်ဆက်စာအုပ်တွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် ဆီလျော်သော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများကို အလေးပေးဖော်ပြထားပါသည်။ သို့သော် ထိုလွတ်လပ်ခွင့်သည် သီးခြားကင်းလွတ်စွာ တည်ရှိနေသည်မဟုတ်ပဲ အခြားသောနိုင်ငံသားနှင့် နိုင်ငံရေး၊ စီပွားရေးအပါအဝင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဖြင့် ဖြစ်စဉ်တလျောက် တည်ရှိနေပါသည်။ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့်အတူ လူ့အခွင့်အရေးများသည် ရုတ်သိမ်း၍မရပဲ လူသားအားလုံး၏ ဘုံတူညီချက်ဖြစ်သည့် လူသားအဖြစ်တည်ရှိမှုကြောင့် ရလာသည့်မွေးရာပါအခွင့်အရေးဖြစ်ပြီး တလောကလုံးက လက်ခံထာပြီး၊ ခွဲခြမ်း၍မရပဲ၊ အပြန်အလှန်အမှီပြုနေလျက်ရှိကာ၊ အပြန်အလှန်ဆက်နွယ်နေသော အခွင့်အရေးများဖြစ်သည်။[4]

[4] ၁၉၉၃ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ ဗီယင်နာတွင်ကျင်းပခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးညီလာခံတွင် သဘောတူခဲ့သည့် ဗီယင်နာကြေညာစာတမ်းနှင့် လုပ်ဆောင်မှုအစီအစဉ်။ "၅။ လူ့အခွင့်အရေးအားလုံးသည် တစ်လောကလုံးက လက်ခံထားပြီး၊ အပြန်အလှန်အမှီပြုနေလျက်ရှိကာ၊ မခွဲခြားနိုင်ပဲ၊ အပြန်အလှန်ဆက်နွယ်နေသော အခွင့်အရေးများဖြစ်ပါသည်။"

[5] ဆက်စပ်သော ခွဲခြားဆက်ဆံမှုဆိုသည်မှာ တစ်ခုထက်ပိုသောကိစ္စရပ်များ ဥပမာ လူမျိုး၊ လူမျိုးစုဝင်၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မ စသည့်တို့တွင် ခွဲခြားဆက်ဆံသည့် အခြေအနေတစ်ရပ်ကို ဆိုလိုပါသည်။ ဤတွင် တစ်ခုထက်ပိုသော ခွဲခြားဆက်ဆံမှုများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အကျိုးပြုနေပြီး လူတစ်ဦးတစ်ယောက်၏ ရပိုင်ခွင့်ကို ငြင်းဆိုမှုအားဖြစ်စေပြီး ပိုမိုဆိုရွားစေပါသည်။ ဥပမာ ဒါဗန်ကြေညာချက် အပိုဒ်၂ နှင့် လုပ်ဆောင်မှုအစီအစဉ် အပိုဒ် ၄၉၊ ၇၉၊ ၁၀၄(ဂ)နှင့် ၁၇၂၊ CERD နိုင်ငံသားမဟုတ်သူများအပေါ် ခွဲခြားဆက်ဆံမှုအတွက် အထွေထွေအကြံပြုချက် အမှတ် ၃၀ နှင့် CERD အထူးစီမံချက်များ၏ အဓိပ္ပါယ်နှင့် အကန့်အသတ်အပေါ်တွင် အထွေထွေအကြံပြုချက် အမှတ် ၃၂ ကို ကြည့်ရန်။

[6] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုအပေါ် အခြေခံသည့် အားလုံးသော မတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး ကုလသမဂ္ဂကြေညာစာတမ်း၊ အပိုဒ် ၂(၂)။

[7] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုအပေါ် အခြေခံသည့် အားလုံးသော မတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး ကုလသမဂ္ဂကြေညာစာတမ်း၊ အပိုဒ် ၄။

## အတွေးအခေါ်၊ ဆင်ခြင်တုံတရား ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု ရပ်တည်ချက်အပေါ်တွင် ခွဲခြားဆက်ဆံမှု

အသက်အရွယ်၊ ကျား/မ၊ လူမှုစီးပွားရေးအဆင့်အတန်း၊ လူမျိုး (သို့) ဇာတိမျိုးနွယ်နောက်ခံ၊ နိုင်ငံသား/လူမျိုးဇစ်မြစ်၊ နိုင်ငံသားဖြစ်မှု၊ ရွှေ့ပြောင်းအခြေချမှု အခြေအနေ၊ ဘာသာစကား၊ အထူးသဖြင့် HIV/AIDS ကဲ့သို့ ကျန်းမာရေးအခြေအနေနှင့် မသန်စွမ်းဖြစ်ခြင်းအပြင် ဆင်းရဲခြင်း၊ လိင်စိတ်တိမ်းညွတ်မှု သို့မဟုတ် ကျား/မကိုယ်ပိုင်လက္ခဏာ (သို့) အသွင်အပြင်စသည့်တို့နှင့် စပ်လျဉ်း၍ တစ်နေရာထက်ပိုပြီး ဆက်စပ်၊ ပေါင်းစပ်နေသော ခွဲခြားဆက်ဆံမှု[5] ပုံစံများသည် တစ်စုံတစ်ဦး၏ အမှန်တကယ် သို့မဟုတ် ယိုးစွပ်ခံရသည့် ကိုးကွယ်သည့်ဘာသာ (သို့) ယုံကြည်သက်ဝင်မှု ရပ်တည်ချက်အပေါ် ခွဲခြားဆက်ဆံမှု၏ သဘာဝကို ပိုမိုဆိုရွားစေသည့် သို့တည်းမဟုတ် ဩဇာလွှမ်းမိုးစေသည့် အကြောင်းခံအချက်များဖြစ်သည်။ စီးပွားရေးအဆင့်အတန်းအရ ခွဲခြားဆက်ဆံမှုခံရခြင်းအပါအဝင် ဆင်းရဲတွင်းတွင် နေထိုင်နေရသော လူတို့တွင် အထူးသဖြင့် ဆက်စပ်နေသော ခွဲခြားဆက်ဆံမှု၏ အန္တရာယ်ရှိပါသည်။ အချို့သောသူများသည် အထက်တွင်ဖော်ပြထားသော အကြောင်းအရာများအနက်မှ အချို့တွင်ခွဲခြားဆက်ဆံမှုများကို တပြိုင်နက်တည်း တွေ့ကြုံရလိမ့်မည်။ ဤတွင် ၎င်းတို့၏ အမှန်တကယ် သို့မဟုတ် ယိုးစွပ်ခံရသည့် ကိုးကွယ်သည့်ဘာသာ (သို့) ယုံကြည်သက်ဝင်မှုအပေါ် မူတည်၍ မလိုမုန်းထားမှု၊ အစွဲကြီးမှု၊ မုန်းတီးခြင်းတို့ကို အရင်းခံသည့် ခွဲခြားဆက်ဆံမှုများ ပါဝင်ပါမည်။ တရားမျှတမှုမရှိခြင်းနှင့် ဆက်စပ်နေသော ခွဲခြားဆက်ဆံမှု နှစ်ခုစလုံးသည် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့် စံချိန်စံညွှန်းများကို ချိုးဖောက်မှုနှင့် အခြားသောလူ့အခွင့်အရေးများကို ချိုးဖောက်မှုများ၏ အကြောင်းခံနှင့် မောင်းနှင်အားတစ်ခုဖြစ်သည်။

ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုအပေါ်အခြေခံသည့် အားလုံးသော မတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး ကုလသမဂ္ဂကြေညာစာတမ်းသည် ဥပမာအားဖြင့် ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှု အပေါ်အခြေခံသည့် ခွဲခြားဆက်ဆံမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုကြားထဲရှိ ဆက်သွယ်မှုကို "ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို အခြေခံသည့် မတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုဆိုသည်မှာ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုအပေါ်တွင် ခြားနားခြင်း၊ ချန်လှပ်ခြင်း၊ ကန့်သတ်ခြင်း (သို့) လိုလားခြင်းနှင့် တန်းတူညီမျှမှုအပေါ် အခြေခံသည့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အသိအမှတ်ပြုမှု၊ အကျိုးခံစားရမှု (သို့) အသုံးချမှုတို့ကို ပျက်ပြယ်စေလို (သို့) အဟန့်အတားဖြစ်စေလိုသော ယင်း၏ ရည်ရွယ်ချက်အတိုင်း (သို့) ယင်း၏ရလာဒ်အတိုင်း ရရှိခြင်းဖြစ်သည်။"[6] ဟု ကြေညာခြင်းဖြင့်လည်းကောင်း၊ "ပြည်သူရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဘဝနယ်ပယ်အားလုံးတွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အသိအမှတ်ပြုမှု၊ အကျိုးခံစားရမှုသို့ အသုံးချမှုတို့၌ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို အခြေခံသည့် ခွဲခြားဆက်ဆံမှုကိုကာကွယ်ရန်နှင့် ဖယ်ရှားရန် ထိရောက်သော လုပ်ဆောင်မှုများ လုပ်ဆောင်ရန်"[7] နိုင်ငံများကို ဖိတ်ခေါ်ခြင်းအားဖြင့်လည်းကောင်း ထင်ရှားစေသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများအောက်တွင် နိုင်ငံများသည် မျိုးစုံသောခွဲခြားဆက်ဆံမှုများကို နှိမ်နင်းရန်နှင့် လူမျိုးသို့ လူမျိုးစုဝင်ဖြစ်သူများ၊ ဘာသာစကားအရ (သို့) ဘာသာရေးအရ လူနည်းစုများသည် အခြားရပ်တည်ချက်များဖြစ်သည့် ၎င်းတို့၏ ကျား/မ၊ မသန်စွမ်းမှုသို့ လိင်စိတ်တမ်းညွတ်မှု စသည့်တို့အပေါ်တွင်မူတည်၍ ခွဲခြားဆက်ခံခြင်းခံရသည့် အခြေအနေမျိုးကို ဖြေရှင်းရန်တာဝန်ရှိသည်။

[8] ကုလသမဂ္ဂအထွေထွေညီလာခံ၊ လူ့အခွင့်အရေးကြေညာစာတမ်း၊ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်။

[9] ကုလသမဂ္ဂအထွေထွေညီလာခံ၊ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် ၊ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်။

[10] ကုလသမဂ္ဂအထွေထွေညီလာခံ၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုအပေါ် အခြေခံသည့် အားလုံးသော မတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေးကုလသမဂ္ဂကြေညာစာတမ်း၊ ၁၉၈၁ခုနှစ် နိုဝင်ဘာလ ၂၅ ရက်၊ ဆုံးဖြတ်ချက်အမှတ် UN Doc.A/Res/36/55

[11] ကုလသမဂ္ဂအထွေထွေညီလာခံ၊ အပြည်ပြည်ဆိုင်ရာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ ၁၉၆၆ခုနှစ် ဒီဇင်ဘာလ ၁၆ရက်။

[12] ကုလသမဂ္ဂအထွေထွေညီလာခံ၊ အပြည်ပြည်ဆိုင်ရာ အားလုံးသော လူမျိုးရေးခွဲခြား ဆက်ဆံမှု ပုံစံများ ဖျက်သိမ်းရေး သဘောတူစာချုပ် ၊ ၁၉၆၆ခုနှစ် အောက်တိုဘာလ ၂၆ရက်၊ ဆုံးဖြတ်ချက် အမှတ် A/RES/2142။



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်စံချိန်စံညွှန်းနှင့် ဤမိတ်ဆက်တွင် ထည့်သွင်းထားသည့် အခြားဆက်စပ်လျက်ရှိသော ကိစ္စရပ်များ၏ သုံးသပ်ချက်သည် အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်စာတမ်းများပေါ်တွင် အခြေခံပါသည်။ လူ့အခွင့်အရေးကြေညာ စာတမ်း(UDHR)[8]၊ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်(ICCPR)[9]၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုအပေါ် အခြေခံသည့် အားလုံးသောမတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး ကုလသမဂ္ဂကြေညာစာတမ်း(၁၉၈၁ခုနှစ် ကြေညာစာတမ်း)[10]၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်(ICESCR)[11]၊ အပြည်ပြည်ဆိုင်ရာ အားလုံးသော လူမျိုးရေးခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး သဘောတူစာချုပ်(ICERD)[12]၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်(CRC)[13]၊ အပြည်ပြည်ဆိုင်ရာ အားလုံးသော အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေးသဘောတူစာချုပ်(CEDAW)[14]၊ ဒုက္ခသည်များအဆင့်အတန်းနှင့် စပ်လျဉ်းသော သဘောတူစာချုပ် (the Refugee Convention)[15] အပြင် အထွေထွေမှတ်ချက်များ၊ နိဂုံးချုပ်မှတ်ချက်များနှင့် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးစာချုပ်များ အကောင်အထည်ဖော်မှုကို ကြီးကြပ်သည့် သီးခြားလွတ်လပ်သည့် ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ကော်မတီ၏[16] (အထူးသဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ[17])ဥပဒေရေးရာများနှင့် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို အစီရင်ခံ၊ အကြံဉာဏ်ပေးနေသည့် သီးခြားလွတ်လပ်သည့် လူ့အခွင့်အရေးကျွမ်းကျင်သူ တစ်ဦးချင်းစီ (သို့) အုပ်စု[18] တို့၏ အစီရင်ခံစာများ (အထူးသဖြင့် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ၏ အထူးအစီရင်ခံစာတင်သွင်းသူ[19])များလည်း ပါဝင်သည်။

နိုင်ငံများသည် တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသော အထက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာစာချုပ်များတွင် လက်မှတ်မထိုးထားလျှင်တောင်မှ ယင်းတို့သည် အတွေးအခေါ်၊ ဆင်ခြင်တုံတရားနှင့် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၏ အခြေခံအကျဆုံးသောအမြင်ကို လေးစားရန် တာဝန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကုလသမဂ္ဂအထွေထွေညီလာခံ ၁၉၈၁ခုနှစ် ကြေညာစာတမ်း၏ အများသဘောတူညီမှုအားဖြင့် ကျင့်သုံးမှုသည် ထိုကြေညာစာတမ်းတွင် ပါရှိသည့် အချက်များ၏ ကျယ်ပြန့်သော ဘုံနားလည်မှုကို ထင်ဟပ်စေပါသည်။ ICCPR ၏ အပိုဒ် ၁၈ ရှိ အာမခံချက်များနှင့် သက်ဆိုင်သည့်အတွက် ၁၉၈၁ခုနှစ် ကြေညာစာတမ်းကို ယခုအချိန်တွင် အဓိပ္ပါယ်ဖွင့်ဆိုမှုစံအဖြစ် ယူဆကြသည်။ ထို့အပြင် ၁၉၈၁ခုနှစ် ကြေညာစာတမ်းတွင် ထည့်သွင်းထားသည့် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၏ အခြေခံအကျဆုံးသောအမြင်သည် ယခုအခါ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေတွင် ပါဝင်ရန် စဉ်းစားခြင်းခံရပါသည်။[20]

အချို့သောဖြစ်စဉ်များတွင် လက်ရှိမိတ်ဆက်စာအုပ်က ဒေသဆိုင်ရာ လူ့အခွင့်အရေးစနစ်နှင့် အထူးသဖြင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးတရားရုံးများ၏ တရားစီရင်ထုံးများကို ရည်ညွှန်းလင့်ကစား ယင်း၏ အာရုံစိုက်မှုသည် အထူးသဖြင့် အတွေးအခေါ်၊ ဆင်ခြင်တုံတရားနှင့် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ဖြင့် ဆက်စပ်နေသော ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများအပေါ်တွင်ဖြစ်သည်။

ဤမိတ်ဆက်တွင် အပိုင်း၄ပိုင်းခွဲပြီး ဖော်ပြထားပါသည်။ ပထမအပိုင်းတွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန် သက်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများအောက်တွင် နိုင်ငံများ၏အထွေထွေတာဝန်ရှိမှုဖြင့် အစပျိုးထားပြီး ဒုတိယအပိုင်းတွင် ကိုးကွယ်သည့်

[13] ကုလသမဂ္ဂအထွေထွေညီလာခံ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၂၀ရက်၊ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာစာချုပ် အစဉ်၊အတွဲ ၁၅၇၇၊စာမျက်နှာ ၃။

[14] ကုလသမဂ္ဂအထွေထွေညီလာခံ၊ အပြည်ပြည်ဆိုင်ရာ အားလုံးသောအမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး သဘောတူစာချုပ်၊ ၁၉၇၉ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်၊ဆုံးဖြတ်ချက်အမှတ် A/RES/34/180

[15] ကုလသမဂ္ဂအထွေထွေ ဒုက္ခသည်များအဆင့်အတန်းနှင့် စပ်လျဉ်းသော သဘောတူစာချုပ်၊ ၁၉၅၁ခုနှစ် ဇူလိုင်လ ၂၈ရက်၊ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာစာချုပ် အစဉ်၊အတွဲ ၁၈၉၊ စာမျက်နှာ ၁၃၇။

[16] ကုလသမဂ္ဂ၏ လူ့အခွင့်အရေးစာချုပ်များ အကောင်အထည်ဖော်မှုကို ကြီးကြပ်သည့် သီးခြားလွတ်လပ်သည့် ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ကော်မတီ ကိုကြည့်ရန်။ https://www.ohchr.org/EN/HRBodies/Pages/TreatyBodies.aspx

[17] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ ကိုကြည့်ရန်။ https://www.ohchr.org/EN/HRBodies/CCPR/Pages/CCPRIndex.aspx.

[18] လူ့အခွင့်အရေးကောင်စီ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို အစီရင်ခံ၊ အကြံဉာဏ်ပေးနေသည့် သီးခြားလွတ်လပ်သည့် လူ့အခွင့်အရေးကျွမ်းကျင်သူတစ်ဦးချင်းစီသို့ အုပ်စုကိုကြည့်ရန်။ https://www.ohchr.org/EN/HRBodies/SP/Pages/Welcomepage.aspx.

[19] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်အတွက် ကုလသမဂ္ဂ၏ အထူးအစီရင်ခံစာတင်သွင်းသူကို ကြည့်ရန်။ https://www.ohchr.org/en/issues/freedomreligion/pages/freedomreligionindex.aspx.

ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွတ်လပ်စွာခံယူ၊ ပြောင်းလဲ သို့မဟုတ် စွန့်လွှတ်ခွင့်ကို ခြုံငုံဖော်ပြထားပြီး တစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို ဖော်ထုတ်ပြသခွင့်ကဲ့သို့ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၏ လိုအပ်ချက်များကို လေ့လာထားပါသည်။ တတိယအပိုင်းတွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို အကျိုးခံစားရမှု (သို့) အသုံးချမှုနှင့်ပတ်သက်သော ခွဲခြားဆက်ဆံမှုကို အာရုံစိုက်ထားပြီး အထူးသဖြင့်အမျိုးသမီးများ၊ ဒုက္ခသည်များ၊ လူနည်းစုအုပ်စုများ၏ အဖွဲ့ဝင်များ- ဥပမာ မ လိင်တူဆက်ဆံသူ၊ ကျား လိင်တူဆက်ဆံသူ၊ လိင်တူလိင်ကွဲနှစ်မျိုးစလုံးကို ဆက်ဆံသူ၊ ကျား/မ လက္ခဏာပြောင်းလဲထားသူများနှင့် ဘာသာရေးအရ လူနည်းစုများကဲ့သို့သော ၄င်းတို့၏အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ချိုးဖောက်ခံရနိုင်ခြေများသည့် အုပ်စုများကို ခွဲခြားဆက်ဆံမှု အကြောင်းပါဝင်ပါသည်။ နောက်ဆုံးအပိုင်းတွင် လွတ်လပ်စွာဖော်ထုတ်ပြသခွင့်ကဲ့သို့သော အခြားသောလူ့အခွင့်အရေးများကို တပြိုင်နက်တည်း ချိုးဖောက်မှုများပါဝင်သည့် အတွေးအခေါ်၊ ဆင်ခြင်တုံတရား ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ချိုးဖောက်ခံရသည့် အခြေအနေများကို လေ့လာထားပါသည်။

## အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာမူဘောင်

### လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းရမည့် ဝတ္တရားများ

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ထိုစာချုပ်တွင်အာမခံထားသည့် အခွင့်အရေးများကို လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းရန်အတွက် တာဝန်ခံရပါသည်။ လေးစားရမည့်တာဝန်ဆိုသည်မှာ လူ့အခွင့်အရေးအကျိုးခံစားရမှုကို တားမြစ်ခြင်း သို့မဟုတ် ဝင်ရောက်နှောက်ယှက်ခြင်းတို့ကို အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မလွဲမသွေရှောင်ကြဉ်ရမည်ဟု ဆိုလိုသည်။ ကာကွယ်ရမည့်တာဝန်ဟုဆိုရာတွင် နိုင်ငံများအနေဖြင့် တစ်ဦးတစ်ယောက်ချင်းစီနှင့် အုပ်စုများအား လူ့အခွင့်အရေးချိုးဖောက်မှုများမှ ကာကွယ်ပေးရန် လိုအပ်ပါသည်။ လူ့အခွင့်အရေးအား ဖြည့်ဆည်းပေးရမည့် တာဝန်ဆိုသည်မှာ နိုင်ငံများအနေဖြင့် ၎င်းတို့၏ လူ့အခွင့်အရေးအား အသုံးချမှုနှင့် အကျိုးခံစားမှုတို့ကို လွယ်ကူချောမွေ့စေမည့် ကောင်းမွန်သော လုပ်ဆောင်ချက်များဖြင့် ပံ့ပိုးခြင်းကိုဆိုလိုသည်။

လွပ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် (နောက်ပိုင်းတွင်-ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် အသုံးပြုသွားပါမည်)မှ လွပ်လပ်စွာတွေးခေါ်ခွင့်၊ ဆင်ခြင်တုံတရားရှိခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်တို့နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေဆိုင်ရာ တာဝန်များသည် ဘာသာရေးအသိုင်းအဝိုင်းများတွင် တာဝန်ရှိခြင်းမဟုတ်ဘဲ နိုင်ငံများအပေါ်တွင်သာ အဓိကတာဝန်ရှိခြင်းဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့ပါသည်။[21]

### လူ့အခွင့်အရေးကို လေးစားရမည့်ဝတ္တရား

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်များအပါအဝင် လူ့အခွင့်အရေးများအားလုံးကို လေးစားရန် နိုင်ငံများတွင် တာဝန်ရှိပါသည်။ ယင်းသည် လူသားတစ်ဦးသည် တစ်ဦးချင်းစီဖြစ်စေ အသိုင်းအဝိုင်းဖြင့်ဖြစ်စေ မိမိတို့၏ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို ကိုယ်ပိုင်နေရာတွင်ဖြစ်စေ၊ အများပြည်သူနေရာတွင်ဖြစ်စေ ခံယူခြင်း၊ ထုတ်ဖော်ပြောဆိုခြင်း၊ ကျင့်သုံးခြင်း စသည်တို့ကို အစိုးရထံမှ မည်သည့်ခွင့်ပြုချက်မျှရယူရန် မလိုအပ်ကြောင်း ရှင်းရှင်းလင်းလင်းနားလည်စေရန် ညွှန်းဆိုထားပါသည်။ လူ့အခွင့်အရေးအားလုံးကို လေးစားရမည့် တာဝန်တွင်လည်း

---

[20] Ghanea, N., Lindholm, T., Durham, C., Tahzib-Lie, B. G, ၂၀၀၄. နိဒါန်း. In: Lindholm, T., Durham, C., Tahzib- Lie, B. G (eds), ၂၀၀၄၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ပံ့ပိုးပေးခြင်း စားပွဲတင်မှီငြမ်းစာအုပ်။ ကြည့်ရန် Max Planck Encyclopedia of Public International Law, Religion or Belief, International Protection, Christian Walter, http://opil.ouplaw.com/view/10.1093/law:epil/9780199231690/law-9780199231690-e867. ထို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ဥပဒေ၊ Hague Regulation မှတဆင့်၊ ၁၉၄၉ ဂျနီဗာကွန်ဗန်းရှင်းနှင့် ယင်းတို့၏ ထပ်တိုးမှတ်တမ်းများ၊ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၏ အခြေခံကျသော အမြင်များကိုလည်း ထိန်းသိမ်းသည့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေအပါအဝင် ဖြစ်သည်။ ယင်းသည် အချို့သောဥပဒေများကို ကာကွယ်ပေးပြီး လက်နက်ကိုင်ပဋိပက္ခ အတောအတွင်းနှင့် လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများအတွက် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို အကျိုးခံစားရမှု သို့ အသုံးချမှုနှင့် ဆက်စပ်၍ အာမခံပေးကာ ဝတ်ပြုကိုးကွယ်ရာနေရာများကို ကာကွယ်ရန်လည်း ရည်မှန်းပါသည်။

[21] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ၊ ရိုမေးနီးယား (Romania) နိုင်ငံအလည်အပါတ်၊ U.N Doc. E/CN.4/2004/63/Add.2, စာပိုဒ် ၁၀၄။.





နိုင်ငံများအနေဖြင့် ၎င်းတို့ကိုယ်တိုင်နှင့် အခြားသူများ၏အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ကိုကာကွယ်ရန် တစ်ဦးတစ်ယောက်မှဖြစ်စေ သို့မဟုတ် အုပ်စုလိုက်ဖြစ်စေ စည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် တရားဥပဒေအတိုင်းဖြစ်သော လုပ်ဆောင်မှုများကို ဝင်ရောက်နှောက်ယှက်ခြင်းမှ ရှောင်ကျဉ်ခြင်းအပါအဝင် လူ့အခွင့်အရေးကိုအသုံးချမှုနှင့် အကျိုးခံစားမှုတို့ကို ဝင်ရောက်နှောက်ယှက်ခြင်းမှ ရှောင်ကျဉ်ရန်လိုအပ်ပါသည်။

### လူ့အခွင့်အရေးကို ကာကွယ်ရမည့်ဝတ္တရား

အစိုးရနှင့်မသက်ဆိုင်သောသူများ ဥပမာ - လက်နက်ကိုင်အဖွဲ့များ၊ လုံခြုံရေးကန်ထရိုက်တာများနှင့် ကော်ပိုရေးရှင်းများနှင့် ကိုယ်ပိုင်တရားစီရင်ရေးစနစ်ရှိသော ဘာသာရေးအဖွဲ့များမှပြုလုပ်သည့် ချိုးဖောက်ခြင်းများအား ကာကွယ်ခြင်းတို့အပါအဝင် ဘေးလူများမှ ကျူးလွန်သည့်အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်ခွင့်ဆိုင်ရာ လွတ်လပ်ခွင့်ကို ချိုးဖောက်မှုများကို နိုင်ငံများအနေဖြင့် ကာကွယ်ပေးသင့်ပါသည်။ ခြိမ်းခြောက်မှု၏ တိကျသော သဘောသဘာဝအပေါ် မူတည်၍ နိုင်ငံများ၏ကာကွယ်ပေးရမည့် ဝတ္တရားများတွင် ဘာသာရေးအရ လူနည်းစုများအပေါ် လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှုများကို တရားစီရင်ရေးဖြင့် ကူညီခြင်း၊ အတင်းအကျပ်ပြောင်းလဲရန် တွန်းအားပေးခံရသူများကို အကာအကွယ်ပေးရန် ဆောင်ရွက်ခြင်းနှင့် ဘာသာရေးအရ တရားစီရင်ခြင်းကို တိုက်ဖျက်သည့်မူဝါဒများ သို့မဟုတ် လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်ခြင်းများကို ဆန့်ကျင်ခြင်းကဲ့သို့သော မတူညီသည့် လုပ်ဆောင်ချက်များ လိုအပ်ပါလိမ့်မည်။

### လူ့အခွင့်အရေးကို ဖြည့်ဆည်းရမည့်ဝတ္တရား

နောက်ဆုံးအနေဖြင့် အခွင့်အရေးများကို ပံ့ပိုးရန်၊ မြှင့်တင်ရန်နှင့် ကျင့်သုံးရန်အတွက် နိုင်ငံများအနေဖြင့် ကောင်းမွန်သော လုပ်ဆောင်ချက်များ မလွဲမသွေဆောင်ရွက်ရမည်။ အခွင့်အရေးများကို ဖြည့်ဆည်းရမည့်ဝတ္တရားများတွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ကို အာမခံပေးသည့် အမျိုးသားဥပဒေများ၊ မူဝါဒများနှင့် ကျင့်သုံးခြင်းတို့ကို ပြဋ္ဌာန်းအကောင်အထည်ဖော်ခြင်းအားဖြင့် ဆောင်ရွက်နိုင်ပါသည်။ ထို့အပြင် နိုင်ငံများအနေဖြင့် လူများအားလုံးကို မိမိတို့ပိုင်ဆိုင်သည့် ပိုင်နက်နယ်မြေအတွင်း နေထိုင်နိုင်ရန် သို့မဟုတ် မိမိတို့၏လူ့အခွင့်အရေးများကို အပြည့်အဝအကျိုးခံစားခွင့် ရရှိစေနိုင်ရန်အတွက် သင့်လျော်သော အရင်းအမြစ်များနှင့် အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးသင့်ပါသည်။ နိုင်ငံများ၏ လူ့အခွင့်အရေးကို ဖြည့်ဆည်းရမည့်ဝတ္တရားများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အထူးသဖြင့် လွပ်လပ်၍တရားမျှတသော တရားစီရင်ရေးအပါအဝင် သင့်တင့်သော ကုစားခြင်းများကိုရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်းလည်း ပါဝင်ပါသည်။ နိုင်ငံသည် ဘာသာရေးဆိုင်ရာ ဝတ်ပြုကိုးကွယ်မှုပြုလုပ်ရန် သို့မဟုတ် ကုသိုလ်ဖြစ်အဆောက်အဦးများ ဆောက်လုပ်ရန် သို့မဟုတ် ဘာသာရေးဆိုင်ရာသင်ကြားမှု အဆောက်အဦးများအတွက် ဘာသာရေးအသိုင်းအဝိုင်းများမှ မြေနေရာဝယ်ယူခြင်းတွင် ပံ့ပိုးသင့်ပါသည်။ ဖြည့်ဆည်းရမည့်တာဝန်တွင် မတူကွဲပြားသောဘာသာရေး၊ ယုံကြည်ချက်ဆိုင်ရာ ပညာရေးများကို ကျောင်းသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းခြင်းနှင့် ဘာသာရေးအရ သည်းညည်းခံနိုင်မှုတို့ကို မြှင့်တင်ရန် စသည့်ကျယ်ပြန့်သော မြှင့်တင်ရေး လှုပ်ရှားမှုများပါဝင်ပါသည်။

## အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်

UDHR အပိုဒ် ၁၈ နှင့် ICCPR အပိုဒ် ၁၈ တို့တွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ကို အာမခံပေးထားပါသည်။ လွတ်လပ်ခွင့်ကိုလည်းကောင်း ကာကွယ်ပေးပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေသည် ဘာသာရေးဆိုင်ရာ အပြစ်ဝန်ခံခြင်းမရှိခွင့်ကိုလည်း အာမခံပေး ကာကွယ်ပေးပါသည်။

## အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ကိုအာမခံပေးသော အပြည်ပြည်ဆိုင်ရာဥပဒေ

**UDHR အပိုဒ် ၁၈**

လူတိုင်းတွင် လွပ်လပ်စွာတွေးခေါ်ခွင့်၊ အမှားအမှန်ဝေဖန်ပိုင်းခြားခွင့်နှင့် ကိုးကွယ်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများတွင် မိမိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်ချက်ကို လွပ်လပ်စွာပြောင်းလဲခွင့်အပြင်၊ တစ်ဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ မိမိကိုးကွယ်သည့်ဘာသာ သို့တည်းမဟုတ် သက်ဝင်ယုံကြည်မှုကို အများပြည်သူရှေ့မှောက်၌ဖြစ်စေ၊ ရှေ့မှောက်တွင်မဟုတ်ဘဲသော်လည်းကောင်း လွပ်လပ်စွာသင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်နှင့် ဆောက်တည်ခွင့်တို့လည်းပါဝင်သည်။

**ICCPR အပိုဒ် ၁၈**

၁။ လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်နိုင်ခွင့်နှင့် လွတ်လပ်စွာယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ သက်ဝင်ယုံကြည်ကိုးကွယ်နိုင်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများ၌ မိမိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွတ်လပ်စွာပြောင်းလဲနိုင်ခွင့် ပါဝင်သည့်အပြင် မိမိတစ်ယောက်ချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ဖြစ်စေ၊ အများပြည်သူရှေ့မှောက်တွင်လည်းကောင်း၊ ရှေ့မှောက်တွင် မဟုတ်ဘဲသော်လည်းကောင်း မိမိကိုးကွယ်သောဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွပ်လပ်စွာသင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်နှင့် ဆောက်တည်နိုင်ခွင့်တို့လည်း ပါဝင်သည်။

၂။ မည်သူတဦးတယောက်ကိုမျှ မိမိရွေးချယ်ကိုးကွယ်လိုသောဘာသာ သို့မဟုတ် ယုံကြည်မှုမှ ပျက်စီးစေရန် တိုက်တွန်းခြင်းမပြုရ။

၃။ အများပြည်သူလုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျန်းမာရေး (သို့) လူ့ကျင့်ဝတ် (သို့) လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်လိုအပ်ချက်တို့ကို ဥပဒေပြဋ္ဌာန်းချက်အရ ကာကွယ်ရန်မှတပါး ဘာသာ သို့မဟုတ် ယုံကြည်မှုကို သွန်သင်ပြသရန် လွပ်လပ်ခွင့်ကို ချုပ်ချယ်ခြင်းမပြုရ။

၄။ လက်ရှိ ပဋိညာဉ်စာချုပ်အဖွဲ့ဝင်နိုင်ငံတို့၏ အာဏာပိုင်တို့သည် မိဘများနှင့် ဥပဒေအရ အုပ်ထိန်းခွင့်ရှိသူတို့သည် ၎င်းတို့၏ သားသမီးများအား ဘာသာရေးဆိုင်ရာနှင့် ကျင့်ဝတ်သင်ကြားရေးတွင် ၎င်းတို့၏ ယုံကြည်ခံယူချက်အတိုင်း အုပ်ထိန်းခွင့်ကို လေးစားမှုရှိခြင်းအားဖြင့် လက်ရှိပဋိညာဉ်စာချုပ်ကို လိုက်နာရမည်။

## ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွပ်လပ်စွာခံယူ၊ ပြောင်းလဲ၊ စွန့်လွှတ်ခွင့်

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများနှင့် စံချိန်စံညွှန်းများအရ အတွေးအခေါ်၊ ဆင်ခြင်တုံ့တရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ဟုဆိုရာတွင် တစ်စုံတစ်ဦး၏ရွေးချယ်ရာ ကိုးကွယ်သည့်ဘာသာကို ခံယူခွင့်၊ ကိုးကွယ်သည့်ဘာသာ ပြောင်းလဲခွင့်အပါအဝင် ကိုးကွယ်သည့်ဘာသာကို စွန့်လွှတ်ခွင့် စသည်တို့ပါဝင်ပြီး အဆိုပါအခွင့်အရေးများကို အာမခံမှုလည်းပေးထားပါသည်။ ထိုအတွေးအခေါ်၊ ဆင်ခြင်တုံ့တရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ဆိုင်ရာ ရှုထောင့်တွင် အကြွင်းမဲ့သောဂုဏ်သတ္တိရှိပြီး UDHR အပိုဒ် ၁၈ နှင့် ICCPR အပိုဒ် ၁၈ တို့တွင်အာမခံထားသော အတွေးအခေါ်၊ ဆင်ခြင်တုံ့တရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၏ သဘာဝကိုအရိပ်ထင်စေမည့် မည်သည့်ကန့်သတ်မှုမျိုးကိုမဆို မည်သို့မျှဖြစ်လာနိုင်ဖွယ်မရှိပါ။ ထိုသို့မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်ပြီး သို့တည်းမဟုတ်ပါက ICCPR အပိုဒ် ၁၈ (၂) တွင် အာမခံထားသည့် "မည်သူတဦးတယောက်ကိုမျှ မိမိရွေးချယ်ကိုးကွယ်လိုသော ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုမှ ပျက်စီးစေရန် တိုက်တွန်းခြင်းမပြုရ" ဆိုသောအချက်ကို ချိုးဖောက်ရာရောက်ပါလိမ့်မည်။

## ကိုးကွယ်သည့်ဘာသာ ခံယူနိုင်ခွင့် သို့မဟုတ် ပြောင်းလဲနိုင်ခွင့်

UDHR အပိုဒ် ၁၈ တွင်ကြွေးကြော်ထားသည့် "လူတိုင်းတွင် လွပ်လပ်စွာတွေးခေါ်ခွင့်၊ အမှားအမှန် ဝေဖန်ပိုင်းခြားခွင့်နှင့် ကိုးကွယ်ခွင့်ရှိသည်။" ဟူသောအချက်သည် "မိမိကိုးကွယ်သည့်ဘာသာအား လွပ်လပ်စွာပြောင်းလဲနိုင်ခွင့်" ကို ရှင်းရှင်းလင်းလင်း အာမခံပေးထားပါသည်။ ICCPR နှင့် ICERD တို့တွင် "ဘာသာတရားပြောင်းလဲခြင်း" ကိုရှင်းလင်းပြတ်သားစွာ အတည်ပြုခြင်း





မရှိသော်လည်း ၎င်းတို့သည်ထိုကဲ့သို့သော အခွင့်အရေးများကို ထိရောက်စွာအာမခံပေးပါသည်။ အမှန်တစ်ကယ်ပင် ICCPR ၏ အပိုဒ် ၁၈ တွင် မိမိ၏ရွေးချယ်မှုနှင့် ကိုးကွယ်သည့်ဘာသာတရား "ရယူခွင့် (သို့) ခံယူခွင့်" ကိုလူတိုင်းအတွက် အာမခံပေးထားသလို မည်သူတဦးတယောက်ကိုမျှ မိမိရွေးချယ် ကိုးကွယ်လိုသောဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုမှ ပျက်စီးစေရန် တိုက်တွန်းခြင်းမပြုရဟူသောအချက်လည်း ပါဝင်သည်။ ထို့အပြင် ၁၉၈၁ ကြေငြာစာတမ်းတွင် " မိမိ၏ရွေးချယ်မှုဖြင့် မည်သည့်ဘာသာတရားနှင့် ကိုးကွယ်ယုံကြည်မှုကိုမဆို ပြုလုပ်နိုင်ခွင့်" ကို ကြွေးကြော်ထားပါသည်။[22]

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ၎င်း၏ ICCPR အပိုဒ် ၁၈ အပေါ် အထွေထွေမှတ်ချက် ၂၂[23] တွင် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုတစ်ခုကို လွပ်လပ်စွာ "ရယူခွင့်သို့ ခံယူခွင့်" တွင်တစ်စုံတစ်ယောက်၏ လက်ရှိဘာသာတရား (သို့) ယုံကြည်မှုကို အခြားသောဘာသာတရား (သို့) သက်ဝင်ယုံကြည်မှု သို့မဟုတ် ဖန်ဆင်းရှင်ဘုရားမဲ့ဝါဒဖြင့် အစားထိုးနိုင်ခွင့်အပါအဝင် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွပ်လပ်စွာရွေးချယ်နိုင်ခွင့်တို့အပြင် မိမိ၏ လက်ရှိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခွင့်တို့လည်း မဖြစ်မနေပါဝင်ပါသည်။[24] လွပ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှလည်း ပုံမှန်အားဖြင့်ပြောရလျှင် ဘာသာတရားပြောင်းလဲနိုင်ခွင့်သည် အတွေးအခေါ်၊ ဆင်ခြင်တုံတရား ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့၏ အရေးပါသော ရှုထောင့်တစ်ခုလည်းဖြစ်သည်ဟု ဆိုထားပါသည်။

စသည်တို့ပါဝင်ပြီး အဆိုပါအခွင့်အရေးများကို အာမခံမှုလည်းပေးထားပါသည်။ ထိုအတွေးအခေါ်၊ ဆင်ခြင်တုံ့တရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ဆိုင်ရာ ရှုထောင့်တွင် အကြွင်းမဲ့သော ဂုဏ်သတ္တိရှိပြီး UDHR အပိုဒ် ၁၈ နှင့် ICCPR အပိုဒ် ၁၈ တို့တွင် အာမခံထားသော အတွေးအခေါ်၊ ဆင်ခြင်တုံ့တရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်၏သဘာဝကို အရိပ်ထင်စေမည့် မည်သည့်ကန့်သတ်မှုမျိုးကိုမဆို မည်သို့မျှဖြစ်လာနိုင်ဖွယ်မရှိပါ။ ထိုသို့မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်ပြီး သို့တည်းမဟုတ်ပါက ICCPR အပိုဒ် ၁၈ (၂) တွင် အာမခံထားသည့် "မည်သူတဦးတယောက်ကိုမျှ မိမိရွေးချယ်ကိုးကွယ်လိုသောဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုမှ ပျက်စီးစေရန် တိုက်တွန်းခြင်းမပြုရ" ဆိုသောအချက်ကို ချိုးဖောက်ရာရောက်ပါလိမ့်မည်။

## လူတစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုအား ဖော်ထုတ်ပြသခွင့်

UDHR နှင့် ICCPR နှစ်ခုစလုံးတို့သည် လူတစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုအား ဖော်ထုတ်ပြသခွင့်ကို အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့၏ အခြေခံကျသော ရှုထောင့်အဖြစ် အာမခံထားပါသည်။[25] အထူးသဖြင့် ICCPR ၏ အပိုဒ် ၁၈တွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ဟုဆိုရာတွင် "မိမိတစ်ယောက်ချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ဖြစ်စေ၊ အများပြည်သူရှေ့မှောက်တွင် လည်းကောင်း၊ ရှေ့မှောက်တွင် မဟုတ်ဘဲသော်လည်းကောင်း မိမိကိုးကွယ်သောဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွပ်လပ်စွာသင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်နှင့် ဆောက်တည်နိုင်ခွင့်" တို့လည်း ပါဝင်သည်ဟု အတည်ပြုထားပါသည်။[26] ထို့အပြင် ICCPR ၏ အပိုဒ် ၂၇တွင်လည်း လူနည်းစုဘာသာဝင်ဖြစ်သောသူများအား မိမိတို့၏ ကိုးကွယ်သည့်ဘာသာကို ရပ်ရွာအတွင်း အခြားသောဘာသာတူသူများဖြင့် ယုံကြည်ကိုးကွယ်ခွင့်ကို အာမခံပေးထားပါသည်။[27]

ဤအခြေအနေတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကော်မတီအနေဖြင့် မိမိကိုးကွယ်သောဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လွပ်လပ်စွာသင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်နှင့် ဆောက်တည်နိုင်ခွင့်တို့ဖြင့် ဖော်ထုတ်ပြသခြင်းဟုဆိုရာတွင် များပြားကျယ်ပြန့်သော လုပ်ဆောင်ချက်များပါဝင်ကြောင်း ထပ်မံရှင်းပြထားပါသည် (အောက်တွင်ကြည့်ပါ)။

[22] ၁၉၈၁ ကုလသမဂ္ဂကြေငြာစာတမ်း၊ အပိုဒ် ၁။

[23] ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကော်မတီ (HRC)၊ CCPR အထွေထွေမှတ်ချက် နံပါတ် ၂၂ အပိုဒ် ၁၈ (လွပ်လပ်စွာတွေးခေါ်ခွင့်၊ ဆင်ခြင်တုံတရားရှိခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်)၊ ၁၉၉၃ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့၊ CCPR/C/21/Rev.1/Add4

[24] အထက်ပါအတိုင်း၊ စာပိုဒ် ၅။

[25] UDHR ၏အပိုဒ် ၁၈တွင် "လူတိုင်းတွင် လွပ်လပ်စွာတွေးခေါ်ခွင့်၊ အမှားအမှန်ဝေဖန်ပိုင်းခြားခွင့်နှင့် ကိုးကွယ်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများတွင် မိမိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်ချက်ကို လွပ်လပ်စွာပြောင်းလဲခွင့်အပြင်၊ တစ်ဦးချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ မိမိကိုးကွယ်သည့်ဘာသာ သို့တည်းမဟုတ် သက်ဝင်ယုံကြည်မှုကို အများပြည်သူရှေ့မှောက်၌ ဖြစ်စေ၊ ရှေ့မှောက်တွင်မဟုတ်ဘဲသော်လည်းကောင်း လွပ်လပ်စွာတင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်နှင့် ဆောက်တည်ခွင့်တို့လည်းပါဝင်သည်။" ဟု ဖော်ပြထားပါသည်။

## မိမိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုအား လွပ်လပ်စွာဖော်ထုတ်ခြင်းအပေါ် ကန့်သတ်ချက်များ

အထက်တွင်ဖော်ပြထားသကဲ့သို့ ကိုးကွယ်သည့်ဘာသာသို့မဟုတ် သက်ဝင်ယုံကြည်မှုအား လွပ်လပ်စွာခံယူခွင့်၊ ပြောင်းလဲခွင့်၊ စွန့်လွှတ်ခွင့် (သို့) ထိန်းသိမ်းခွင့်တို့တွင် မည်သည့်ကန့်သတ်ချက်မျှ ရှိမနေရဟု ဆိုသော်ငြားလည်း ICCPR ၏ အပိုဒ် ၁၈ (အထက်တွင်ကြည့်ပါ) အရ တိကျသေချာသော အခြေအနေများတွင် နိုင်ငံအနေဖြင့် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့၏ အခြားရှုထောင့်များအပေါ် အတိအကျပြောရလျှင် တစ်စုံတစ်ယောက်၏ ဘာသာတရား (သို့) သက်ဝင်ယုံကြည်မှုကို - မိမိတစ်ယောက်ချင်းဖြစ်စေ၊ အခြားသူများနှင့် စုပေါင်း၍ဖြစ်စေ၊ အများပြည်သူရှေ့မှောက်တွင်လည်းကောင်း၊ ရှေ့မှောက်တွင်မဟုတ်ဘဲသော်လည်းကောင်း - ဝတ်ပြုကိုးကွယ်ခြင်း၊ စောင့်ထိန်းခြင်း၊ ကျင့်သုံးခြင်းနှင့် သင်ပြခြင်းအားဖြင့် ဖော်ထုတ်ပြသခွင့်အပေါ်တွင် တရားဝင်ပြဋ္ဌာန်းချက်များဖြင့် ကန့်သတ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ သို့သော် မည်သို့သောအခြေအနေတွင်မျှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအရ နိုင်ငံအနေဖြင့် ထိုကန့်သတ်မှုများအား တရားဝင်ပြဋ္ဌာန်းခြင်းပြုလုပ်နိုင်သည့် အခြေအနေတစ်ရပ်ဖြစ်နေစေကာမူ ရွေးချယ်ထားသည့် ကန့်သတ်ဆောင်ရွက်ချက်သည် တစ်စုံတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို ဖော်ထုတ်ပြသနိုင်ခွင့်အား ကျင့်သုံးခြင်းနှင့် အကျိုးခံစားခြင်းတို့ကို ပေးထားသည့်အခြေအနေများထက် ကျော်လွန်၍ တားမြစ်ခြင်း ကန့်သတ်ခြင်း လုံးဝမပြုလုပ်ရပါ။ ထို့အပြင် နိုင်ငံများအနေဖြင့် ထိုကန့်သတ်ချက်များကို ICCPR အပိုဒ် ၁၈ (၃) တွင်ပါရှိသည့်အတိုင်း အများပြည်သူလုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျန်းမာရေး (သို့) လူ့ကျင့်ဝတ် (သို့) လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်လိုအပ်ချက်တို့ကို ဥပဒေပြဋ္ဌာန်းချက်အရ ကာကွယ်ရန်အတွက်ဖြစ်ကြောင်း ဖော်ပြနိုင်မှသာ ထိုတားမြစ်ချက်များကို ပြဋ္ဌာန်းရမည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အထွေထွေမှတ်ချက် ၂၂ သည် ပဋိညာဉ်စာချုပ်၏ အပိုဒ် ၁၈ (၃) တွင် "ယင်းကို တိတိကျကျ အနက်အဓိပ္ပါယ်ဖွင့်ရလျှင် - ပဋိညာဉ်စာချုပ်တွင် ကာကွယ်ပေးထားသည့် အခြားအခွင့်အရေးများကို တားမြစ်ခြင်းသည် နိုင်ငံတော်လုံခြုံရေးကဲ့သို့သော ကိစ္စများအတွက်သာ ခွင့်ပြုနိုင်ပါသည်။ အထက်တွင်ဖော်ပြထားခြင်းမရှိသော ကိစ္စများအတွက် ကန့်သတ်ချက်များကို ခွင့်မပြုပါ။ ကန့်သတ်ချက်များသည် ၎င်းတို့ကို ပြဋ္ဌာန်းရသည့်ရည်ရွယ်ချက်အတွက်သာလျှင် အသုံးချရမည်ဖြစ်ပြီး ၎င်းတို့ကိုလိုအပ်သည်ဟု ဖော်ပြထားသည့် လိုအပ်ချက်နှင့်သာလျှင် တိုက်ရိုက်ပါတ်သတ်၍ အချိုးကျရမည်ဖြစ်သည်။ တားမြစ်ချက်များကို ခွဲခြားဆက်ဆံရန်ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခြင်း သို့မဟုတ် ခွဲခြားဆက်ဆံသည့်အမူအကျင့်ဖြင့် အသုံးချခြင်းမပြုလုပ်ရပါ။"[28] ထိုအပြင် ဤအခြေအနေတွင် ICCPR ၏ အပိုဒ်၁၈(၃) သည် တားမြစ်ကန့်သတ်မှုများကို ခြွင်းချက်အဖြစ် သတ်မှတ်ထားသော ကိစ္စရပ်များတွင်သာ ခွင့်ပြုထားသည်ဆိုသည့်အချက်၊ ထိုတားမြစ်နိုင်သည့်အခြေအနေ တော်တော်များများတွင်ပင်လျှင် မလွှဲမရှောင်သာပဲ ပြစ်မှုဆိုင်ရာဥပဒေကို ကျင့်သုံးခြင်းသည် မလိုအပ်ဆိုသည့်အချက်နှင့် ပြစ်မှုဆိုင်ရာဥပဒေကျင့်သုံးသည့်အထိ မရောက်သည့်ကန့်သတ်သော ဆောင်ရွက်မှုများသည် ယေဘုယျအားဖြင့် ထိရောက်ပြီး လုံလောက်နိုင်သည်ဆိုသည့်အချက်များကို အလေးထားသင့်သည်။

Hudoyberganova V. Uzbekistan ကိစ္စ၏ ဆုံးဖြတ်ချက်တွင်[29] လူ့အခွင့်အရေးကော်မတီအနေဖြင့် Ms. Raihon Hudoyberganova အား Tashkent ပြည်နယ် အရှေ့ပိုင်းဘာသာစကား အင်စတီကျူ့မှ ထုတ်ပါယ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော သူမအနေဖြင့်ဘာသာရေးအရ ခေါင်းစည်းပုဝါဝတ်ဆင်ထားပြီး ထိုခေါင်းစည်းပါဝါအား ဖယ်ရှားခြင်းသည် ICCPR အပိုဒ် ၁၈ တွင်ပါဝင်သော သူမ၏အခွင့်အရေးများကို ချိုးဖောက်ရာရောက်သောကြောင့် ဖယ်ရှားရန်ငြင်းပယ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်အပေါ် ကော်မရှင်မှ "မိမိ၏ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုအား လွပ်လပ်စွာဖော်ပြခွင့်သည် အကြွင်းမဲ့မဟုတ်ဘဲ အများပြည်သူလုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျန်းမာရေး (သို့) လူ့ကျင့်ဝတ် (သို့) လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်လိုအပ်ချက်တို့ကို ဥပဒေပြဋ္ဌာန်းချက်အရ ကာကွယ်ရန်လိုအပ်သည့်အခါ တားမြစ်ကန့်သတ်ချက်များကို ပြုလုပ်နိုင်သည်။"[30] ဟုပြောကြားခဲ့သည်။ ပါကစ္စတန်အနေဖြင့် ဤကိစ္စတွင် မည်သည့်အကြောင်းကြောင့် တားမြစ်ကန့်သတ်ချက်လိုအပ်ကြောင်းကို အခိုင်အမာရှင်းပြပြောဆိုခြင်းမရှိခဲ့ပေ။ မည်သို့ပင်ဆိုစေကာမူ ဥပမာအားဖြင့် Bhinder နှင့် Canada တို့တွင် လုပ်ငန်းခွင်အတွင်း ဆစ်ခ်ဘာသာဝင်များ အကာအကွယ်ခေါင်းဆောင်းများဆောင်းရန် လိုအပ်ချက်ကဲ့သို့သော အခြေအနေများတွင် ကုလသမဂ္ဂလူ့အခွင့်အရေးမှ ICCPR အပိုဒ် ၁၈ အရ "ထိုအချင်းအရာသည် ကျိုးကြောင်းဆီလျော်ပြီး သဘောတူစာချုပ်နှင့် သဟဇာတဖြစ်သော ရည်ရွယ်ချက်နှင့် တိုက်ရိုက်ပါတ်သတ်မှုရှိသည်ဟု မှတ်ယူသောကြောင့်"[31] ခွင့်ပြုပါသည်။





## လွပ်လပ်စွာဝတ်ပြုကိုးကွယ်ခွင့်နှင့် ဝတ်ပြုကိုးကွယ်သည့်နေရာများ

၁၉၈၁ ကြေငြာစာတမ်းပါ စာပိုဒ် ၆(က) တွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့တွင် "လွပ်လပ်စွာဝတ်ပြုဆုတောင်းခွင့် (သို့) စုဝေးခွင့်နှင့် ယင်းသို့ပြုလုပ်ရန် နေရာဌာနများထူထောင်ခွင့်နှင့် ထိန်းသိမ်းခွင့်" တို့ပါရှိကြောင်း အခိုင်အမာပြောဆိုထားပါသည်။

အထွေထွေမှတ်ချက် ၂၂တွင်လည်း လူ့အခွင့်အရေးကော်မတီမှ အောက်ပါအတိုင်း အခိုင်အမာပြောဆိုထားပါသည်။

*"ဝတ်ပြုကိုးကွယ်ခြင်းအယူအဆအား သက်ဝင်ယုံကြည်မှုကို တိုက်ရိုက်ဖော်ပြသော ထုံးတမ်းဓလေ့နှင့် အခမ်းအနားလုပ်ထုံးလုပ်နည်းများအဖြစ် ဆောင်ရွက်လာကြသည့်အပြင် ဝတ်ပြုကိုးကွယ်သည့်နေရာ အဆောက်အဦးများအပါအဝင် ကျင့်သုံးမှုအများအပြားသည် ထိုလုပ်ဆောင်ချက်များနှင့် တသားတည်းဖြစ်လာကြသည်။"*[32]

ဝတ်ပြုကိုးကွယ်သည့်နေရာများသည် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ကို ဖော်ထုတ်ပြသခြင်းအတွက် မရှိမဖြစ်အစိတ်အပိုင်းများ ဖြစ်သည့်အလျောက် အရေအတွက်များပြားသည့် အများစုသော ဘာသာရေးအစုအဖွဲ့များသည် ယင်းတို့၏အဖွဲ့ဝင်များ မိမိတို့၏ယုံကြည်မှုကို ဖော်ထုတ်ပြသနိုင်မည့် ဝတ်ပြုဆုတောင်းသည့် နေရာတစ်ခု၏တည်ရှိမှုကို လိုအပ်ကြောင်းကို ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ ထပ်တလဲလဲထောက်ပြလျက်ရှိသည်။[33]

ထို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စံချိန်စံညွှန်းများမှ ဘာသာရေးဆိုင်ရာနေရာများ၊ မြင့်မြတ်သောနေရာများနှင့် အထွဋ်အမြတ်ဗိမာန်များသည် အထူးအကာအကွယ်များ ခံစားနေရကြောင်းနှင့် ဘာသာရေးအစုအဖွဲ့များ၏ ဘာသာဝင်များအနေဖြင့် ဝတ်ပြုကိုးကွယ်သည့်နေရာ၌ ရှိနေချိန်တွင် အန္တရာယ်တစ်စုံတစ်ရာကျရောက်နိုင်ခြေ ရှိခြေ ရှိခြင်းကို အသိအမှတ်ပြုပါသည်။[34] ထို့အပြင် အခြားသောအတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို ချိုးဖောက်မှုများကဲ့သို့မဟုတ်ဘဲ ဘာသာရေးဆိုင်ရာနေရာများ၊ မြင့်မြတ်သောနေရာများနှင့် အထွဋ်အမြတ်ဗိမာန်များကို တိုက်ခိုက်ခြင်း သို့မဟုတ် တားမြစ်ကန့်သတ်ခြင်းသည် တစ်ဦးတစ်ယောက်၏ အခွင့်အရေးကို ချိုးဖောက်ခြင်းသာမက ထိုနေရာနှင့်သက်ဆိုင်သော အစုအဖွဲ့များ၏ အခွင့်အရေးကို ချိုးဖောက်ရာလည်းရောက်ပါသည်။[35] ဤအခြေအနေတွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ ဘာသာရေးအစုအဖွဲ့တစ်ခု၏ ဘာသာဝင်များကို ၎င်းတို့ပိုင်ဆိုင်သည့် ဝတ်ပြုကိုးကွယ်သည့်နေရာအား အသုံးပြုခြင်းကို တားမြစ်ခြင်းသည် ၎င်းတို့၏ အတွေးအခေါ်၊ ဆင်ခြင်တုံ့တရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ကို ချိုးဖောက်ရာရောက်ပြီး နိုင်ငံများအနေဖြင့် ပါဝင်နေသည့်အုပ်စုနှစ်စုအကြား "ပြေငြိမ်းခြင်း" လုပ်ငန်းစဉ်တွင်ပါဝင်ရမည့် ၎င်း၏တာဝန်ဝတ္တရားများကို လှစ်လျူရှု၍မရနိုင်ပါ။[36]

---

[26] ၁၉၈၁ကြေငြာစာတမ်း အပိုဒ်၁(၁)တွင်လည်း မိမိ၏ကိုးကွယ်သည့်ဘာသာသို့ သက်ဝင်ယုံကြည်မှုကို ထုတ်ဖော်ပြသခွင့်ကို ICCPR အပိုဒ် ၁၈(၁) တွင်ဖော်ပြထားသည့်အတိုင်း ထပ်တူကျသည်ဟု ဖော်ပြထားပါသည်။

[27] ICCPR ၏အပိုဒ် ၂၇တွင်အောက်ပါအတိုင်း ရေးသားထားပါသည်။ "လူမျိုးစုဘာသာအယူအဆ သို့မဟုတ် ဘာသာစကားအားဖြင့် ကွဲပြားကြပြီး လူနည်းစုများနေထိုင်သော တိုင်းပြည်များတွင် အခြားလူနည်းစု သို့မဟုတ် မျိုးနွယ်တစ်ခုနှင့်အတူ လူနည်းစုတစ်ခုက မိမိတို့၏ ယဉ်ကျေးမှုအရဖြစ်စေ၊ ဘာသာစကားဖြစ်စေ၊ ဘာသာအယူအဆဖြစ်စေ လွပ်လပ်စွာ ကျင့်သုံးဟောပြောသွန်သင်ခြင်းကို တားမြစ်ခြင်း၊ ပိတ်ပင်ကန့်သတ်ခြင်းမပြုရ။"

[28] စာပိုဒ် ၈, အထွေထွေ မှတ်ချက်၂၂, အထက်ပါအောက်ခြေမှတ်ချက် ၂၃။

[29] Hudoyberganova v. Uzbekistan, Merits, Communication No 931/2000, UN Doc CCPR/C/82/D/931/2000, (2004).

[30] အထက်ပါအတိုင်း၊ စာပိုဒ်. ၆.၂။

[31] အထွေထွေမှတ်ချက် ၂၂, စာပိုဒ် ၄, su အထက်ပါအောက်ခြေမှတ်ချက် ၂၃။

[32] အထွေထွေမှတ်ချက် ၂၂, စာပိုဒ် ၄, supra fn 23.

[33] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ Asma Jahangir တင်သွင်းသောအစီရင်ခံစာ, U.N. DOC. E/CN.4/2005/61, 20 December 2004, စာပိုဒ် ၅၀။

[34] အထက်ပါအတိုင်း၊ စာပိုဒ် 48 and 49. လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် 6/37 တွင်ကြည့်ပါ။ ကိုးကွယ်ယုံကြည်မှုအပေါ်အခြေခံသည့် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းနှင့် သည်းညည်းမခံမှုတို့ကို ဖယ်ရှားရန်အတွက် လူ့အခွင့်အရေးကောင်စီမှ နိုင်ငံများကို တိုက်တွန်းချက်တွင် "ဘာသာရေးဆိုင်ရာနေရာများ၊ နယ်ပါယ်များနှင့် အထွဋ်အမြတ်ထားရာနေရာနှင့် သင်္ကေတများကို အပြည့်အဝလေးစားကာကွယ်ပြီး ၎င်းတို့ကို ဖျက်ဆီးခြင်းနှင့် လျော့နည်းစေသော လုပ်ဆောင်မှုများအား လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် အမျိုးသားဥပဒေပြဋ္ဌာန်းရေးနှင့်နှင့် နိုင်ငံတကာလူ့အခွင့်အရေးများနှင့် လူသားဖြစ်တည်မှုဆိုင်ရာ ဥပဒေများနှင့်ကိုက်ညီစေရန်အတွက် အစွမ်းကုန်အားထုတ်ရန်" (para. 9(e)) "အထူးသဖြင့် လူအားလုံး၏ ကိုးကွယ်ယုံကြည်မှုတူသူများဖြင့် စုဝေးခွင့်နှင့် ဝတ်ပြုကိုးကွယ်ခွင့်အပြင် ထိုသို့ပြုလုပ်ရန် ဘာသာရေးဆိုင်ရာနေရာများ တည်ဆောက်ခွင့်နှင့် ထိန်းသိမ်းခွင့်" တို့အားခွင့်ပြုခြင်း(para. 9(g))တို့ပါဝင်ပါသည်။ နိုင်ငံတကာ လူသားခြင်းစာနာထောက်ထားမှု ဥပဒေအတွက်၊ Article 53 of the Protocol Additional to the Geneva Conventions of 12 August 1949 နှင့် လက်နက်ကိုင်ပဋိပက္ခ

## ဘာသာရေးဆိုင်ရာ အမှတ်သင်္ကေတများကို လွတ်လပ်စွာဆင်ယင်ခွင့် (သို့) ပြသခွင့်

၁၉၈၁ ကြေငြာစာတမ်း၏ အပိုဒ်၆(က)တွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ဟုဆိုရာတွင် "ဘာသာရေးဓလေ့များ (သို့) ထုံးတမ်းဓလေ့များနှင့် ဆက်စပ်လျှက်ရှိသော လိုအပ်သည့် အယူဝါဒဆိုင်ရာ ရေးသားချက်များနှင့် ရုပ်ဝတ္ထုပစ္စည်းများကို လွပ်လပ်စွာပြုလုပ်ခွင့်၊ ရယူခွင့်၊ အသုံးပြုနိုင်ခွင့်" တို့ပါဝင်ပါသည်။

အထွေထွေမှတ်ချက် ၂၂တွင်လည်း လူ့အခွင့်အရေးကော်မတီမှ အောက်ပါအတိုင်း အခိုင်အမာပြောဆိုထားပါသည်။ "ဝတ်ပြုကိုးကွယ်ခြင်း အယူအဆအား သင်္ကေတများဆင်ယင်ပြသခြင်းအဖြစ်လည်း ဆောင်ရွက်လာကြသည်။" ထို့အပြင် "ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုအား စောင့်ထိန်းခြင်းနှင့် ကျင့်သုံးခြင်းတို့တွင် အခမ်းအနားလုပ်ထုံးလုပ်နည်းများသာမက ထူးခြားသောအဝတ်အစားများ သို့မဟုတ် ခေါင်းဆောင်းများဝတ်ဆင်သည့်ဓလေ့များ ပါဝင်ပါသည်။"[37]

ထို့အပြင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေသည် နိုင်ငံများအနေဖြင့် အများပြည်သူရှေ့တွင်ဖြစ်စေ၊ ကိုယ်ပိုင်နေရာတွင်ဖြစ်စေ မိမိကြိုက်နှစ်သက်ရာကို ရွေးချယ်ဝတ်ဆင်နိုင်သည့် ပုဂ္ဂိုလ်ရေးကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ပါဝင်သော "တစ်ကိုယ်ရည်လွတ်လပ်ခွင့်"[38]ကို အာမခံပေးရန်လည်းပဲ လိုအပ်ပါသည်။ အလားတူစွာပင် နိုင်ငံများအနေဖြင့် ဥပဒေ၏ရှေ့မှောက်တွင် တန်းတူအခွင့်အရေးရရှိရေးနှင့် ခွဲခြားဆက်ဆံမှုကင်းစွာ ဥပဒေ၏ တန်းတူကာကွယ်စောင့်ရှောက်ခွင့် ရရှိရေးတို့အပြင် လူ့အခွင့်အရေးများအား အထူးသဖြင့် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှု (သို့) လိင်စသည်တို့အပေါ်မူတည်၍ ခွဲခြားဆက်ဆံမှုမရှိဘဲ အသုံးချမှုနှင့် အကျိုးခံစားမှုတို့ကို ရယူနိုင်ခွင့် မဖြစ်မနေပေးရပါမည်။[39]

ဤအခြေအနေတွင် အတွေးအခေါ်၊ ဆင်ခြင်တုံ့တရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ဟုဆိုရာတွင် ဘာသာရေးဆိုင်ရာသင်္ကေတများ ဝတ်ဆင်လိုသူများ၏ "လွပ်လပ်ခွင့်" နှင့် "မည်သူတစ်ဦးတယောက်ကိုမျှ မိမိရွေးချယ်ကိုးကွယ်လိုသော ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုမှ ပျက်စီးစေရန် တိုက်တွန်းခြင်းမပြုရ" ဟူသော အခွင့်အရေးနှစ်မျိုးစလုံးအပေါ် မှီငြမ်းနိုင်ပြီး ဘာသာရေးဆိုင်ရာသင်္ကေတများအား အတွင်းအကျပ်ဝတ်ဆင်စေခြင်းသည် ထိုအခွင့်အရေးများအား ချိုးဖောက်ရာရောက်ပါသည်။ ဥပမာအားဖြင့် Hudoyberganova V. Uzbekistan ကိစ္စရပ်အား[40] ဆုံးဖြတ်ချက်ချရာတွင် လူ့အခွင့်အရေးကော်မတီအနေဖြင့် "တစ်စုံတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာအား လွပ်လပ်စွာ ထုတ်ဖော်ကြေငြာခွင့်တွင် အများပြည်သူရှေ့မှောက်တွင် တစ်ဦးချင်းစီ၏ သက်ဝင်ယုံကြည်မှု (သို့) ကိုးကွယ်မှုနှင့်ကိုက်ညီသော အဝတ်အစား (သို့) ဆင်မြန်းမှုတို့ကို ဝတ်ဆင်နိုင်ခွင့်တို့ လွှမ်းခြုံပါဝင်ကြောင်း"[41] နှင့် "ထိုသို့သောဘာသာရေး အဝတ်အစားကို အများပြည်သူရှေ့မှောက်တွင်ဖြစ်စေ၊ မိမိ၏ကိုယ်ပိုင်နေရာတွင်ဖြစ်စေ ဝတ်ဆင်ခြင်းမှ တားဆီးခြင်းသည် တစ်ဦးချင်းစီ၏ ကိုးကွယ်လိုသောဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုမှ ပျက်စီးစေရန် တိုက်တွန်းခြင်းမှ ကာကွယ်တားဆီးသည့် အပိုဒ် ၁၈ စာပိုဒ်ခွဲ ၂ ကို ချိုးဖောက်ရာရောက်ကြောင်း အသားပေးပြောကြားပါသည်။

ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ၂၀၀၆ခုနှစ် လွပ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ အစီရင်ခံစာအရ ကမ္ဘာအနှံ့အပြားရှိ နိုင်ငံပေါင်း ၂၅ နိုင်ငံကျော်တွင် ဘာသာရေးဆိုင်ရာ သင်္ကေတများ ဆင်ယင်ပြသခြင်းကို စည်းကမ်းထုတ်ခြင်း သို့မဟုတ် တားမြစ်ခြင်းများပြုလုပ်လျက်ရှိသည်။[42] ယုံကြည်သူများ၏ ဥပမာများနှင့် ဘာသာရေးဆိုင်ရာ အဝတ်အစား သို့မဟုတ် ဆင်မြန်းခြင်းများသည် နိုင်ငံ၏ဘာသာတရားနှင့် ယုံကြည်ချက်များနှင့်ပါတ်သတ်၍ စည်းကမ်းထုတ်ခြင်း (သို့) တားမြစ်ခြင်းတို့ကြောင့် အကျိုးသက်ရောက်မှုရှိကြသည်။ ထိုအချက်များထဲတွင် မူဆလင်ဘာသာဝင်များ ခေါင်းဆောင်းပုဝါဝတ်ဆင်ခြင်း၊ ဂျူးဘာသာဝင်များ ဘာသာရေးဆိုင်ရာ ဦးထုတ်ဆောင်းခြင်း၊[43] ခရစ်ယာန်ဘာသာဝင်များ လက်ဝါးကပ်တိုင်ဝတ်ဆင်ခြင်း၊ ဟိန္ဒူဘာသာဝင်များ နဖူးတွင်အနီစက်ဆွဲခြင်း (ဘင်ဒီ)[44]၊ ဗုဒ္ဓဘာသာဝင်များ သင်္ကန်းဝတ်ဆင်ခြင်းနှင့် ဆစ်ခ်ဘာသာဝင်များ ပန်ချာပီခေါင်းပေါင်းများ (keski)[45] ဝတ်ဆင်ခြင်းတို့ ပါဝင်ပါသည်။

အတွင်း ဝတ်ပြုကိုးကွယ်သည့်နေရာများကို အကာအကွယ်ပေးသည့် အခြားဆက်စပ်သည့် Protection of Victims of International Armed Conflicts (Protocol I) တွင်လည်းဖတ်ရှုပါ၊

[35] ICCPR ၏အပိုဒ် ၂၇ နှင့် ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ Asma Jahangir တင်သွင်းသောအစီရင်ခံစာ, U.N. DOC. E/CN.4/2005/61, 20 December 2004, စာပိုဒ် ၅၁ တို့တွင်ဖတ်ရှုပါ။

[36] Mr. Abdelfattah Amor မှ အစီရင်ခံတင်သွင်းသော၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွပ်လပ်ခွင့်အတွက် ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ ရိုမေးနီးယား (Romania) နိုင်ငံအလည်အပါတ်၊ U.N Doc. E/CN.4/2004/63/Add.2, စာပိုဒ် ၁၀၄.

[42] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ Asma Jahangir တင်သွင်းသောအစီရင်ခံစာ, U.N. DOC. E/CN.4/2006/5, 9 January 2006, စာပိုဒ် ၃၇။





မည်သို့ပင်ဆိုစေကာမူ ဘာသာရေးဆိုင်ရာသင်္ကေတများ လွပ်လပ်စွာဝတ်ဆင်ခြင်း (သို့) ဆင်မြန်းခြင်းသည် လူ့အခွင့်အရေးဥပဒေအောက်တွင် အကြွင်းမဲ့တည်ရှိနေခြင်းမဟုတ်ပါ။ ဤအခြေအနေတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အချို့သောအခြေအနေများတွင် နိုင်ငံအနေဖြင့် ဘာသာရေးဆိုင်ရာသင်္ကေတများကို ဝတ်ဆင်ခွင့် (သို့) ဆင်မြန်းခွင့်ကို တရားဝင်ကန့်သတ်နိုင်ပါသည်။ သို့သော် ၎င်းတို့ပြဌာန်းလိုသည့် ထိုကန့်သတ်ချက်များသည် အများပြည်သူ လုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျန်းမာရေး၊ (သို့) လူ့ကျင့်ဝတ် (သို့) လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်လိုအပ်ချက်ကို ကာကွယ်ရန်နှင့် ဥပဒေအရသတ်မှတ်ထားခြင်းဖြစ်ကြောင်း ဖော်ပြနိုင်မှသာလျှင် ပြဌာန်းခွင့်ရှိပါသည်။[46]

ဒေသအဆင့်တွင် အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးတွင် မိမိ၏ယုံကြည်ကိုးကွယ်မှုကို လွပ်လပ်စွာဖော်ထုတ်ပြသခွင့်အပေါ် နိုင်ငံများ၏ ကန့်သတ်ချက်များကို ခွင့်ပြုရန် လိုလားမှုများရှိနေသော်လည်း[47] အပြည်ပြည်ဆိုင်ရာအဆင့်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ကုလသမဂ္ဂ အထူးလုပ်ထုံးလုပ်နည်းများတို့မှ နိုင်ငံများ၏ ကန့်သတ်ချက်များကို ပိုမိုလျော့နည်းအောင် ဆောင်ရွက်လျက်ရှိပါသည်။

ဥပမာအားဖြင့် ဘာသာရေးနှင့်နီးနွယ်သော သင်္ကေတ (သို့) အဝတ်အစားများ ဝတ်ဆင်ခြင်းအပေါ် ကန့်သတ်ချက်များနှင့် သက်ဆိုင်သော ဖြစ်ရပ်အချို့တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကော်မတီမှ "သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများမှ မည်သည့်ကျိုးကြောင်း ရှင်းပြချက်မျှပေးရန် ပျက်ကွက်ခြင်း" များကိုတွေ့ရှိရသည်။ ထိုအထဲတွင်မှ ICCPR ၏ အပိုဒ် ၁၈(၂)ကို ချိုးဖောက်သည့်ကိစ္စရပ်တစ်ခုတွင် မိန်းကလေးတစ်ဦးသည် မိမိ၏ဘာသာရေး ယုံကြည်ချက်အရ ဝတ်ဆင်သော ခေါင်းစည်းပုဝါအား ဖယ်ရှားရန်ငြင်းဆိုခဲ့ခြင်းကြောင့် ကျောင်းထုတ်ခံရသည့် ကိစ္စရပ်တစ်ခု ပါဝင်ပါသည်။[48]

[43] Yarmulke ဆိုသည်မှာ ဂျူးအမျိုးသားများ ဝတ်ပြုဆုတောင်းချိန်တွင် ဝတ်ဆင်လေ့ရှိပြီး အချို့သောသူများသည် တစ်ချိန်လုံးဝတ်ဆင်ထားလေ့ရှိသည့် သေးငယ်သောစက်ဝိုင်းပုံ ဦးထုတ်ငယ်ဖြစ်ပါသည်။

[44] Bindi ဆိုသည်မှာ ဟိန္ဒူ နှင့် ဂျိန်း အမျိုးသမီးများနဖူး၏အလယ်တွင် ပုံဖော်ထားသော အနီရောင်အစက်ငယ် ဖြစ်ပါသည်။

[45] Keski ဆိုသည်မှာ ဆစ်ခ်ဘာသာအတွင်း ဆံပင်ရှည်အား ဖြတ်တောက်ခြင်းမပြုဘဲ ဖုံးအုပ်သိမ်းဆည်းထားရန် သေးငယ်ပေါ့ပါးသည့် အဝတ်စဖြစ်ပြီး ခေါင်းပေါင်းအနေဖြင့် အသုံးပြုလေ့ရှိသောအရာဖြစ်ပါသည်။ ထိုအရာကို အမျိုးသားများငယ်စဉ်ကပင် ဝတ်ဆင်လေ့ရှိပြီး အရွယ်ရောက်ချိန်တွင် ခေါင်းပေါင်းအကြီးဖြင့် လဲလှယ်လေ့ရှိသည်။

[46] "အများပြည်သူလုံခြုံရေး၊ အေးချမ်းတည်ငြိမ်ရေး၊ ကျန်းမာရေး သို့ လူ့ကျင့်ဝတ် သို့ လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့ကို ဥပဒေပြဌာန်းချက်အရ ကာကွယ်ရန်မှတပါး ဘာသာသို့မဟုတ်ယုံကြည်မှုကို သွန်သင်ပြသရန် လွပ်လပ်ခွင့်ကို ချုပ်ချယ်ခြင်းမပြုရ။" ဟုပါရှိသော ICCPR ၏ အပိုဒ် ၁၈(၃)ကို ဥပမာအနေနှင့် ဖတ်ရှုပါ။

[47] Marcella Ferri, "လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးရှိ ဘာသာရေးဆိုင်ရာအဝတ်အစားများ ဝတ်ဆင်ခွင့်ဆိုင်ရာကိစ္စရပ် - နိုင်ငံ၏ကောင်းမွန်သော ဝတ္တရားများအား အကဲဖြတ်ခြင်း" Volume 45, 2017 - Issue 3-4: လူ့အခွင့်အရေးနှင့် လူနည်းစုဘာသာများဆိုင်ရာ ဥရောပတရားရုံး။

[48] Hudoyberganova v. Uzbekistan, Merits, Communication No 931/2000, U.N. Doc CCPR/C/82/D/931/2000, (2004).

## ဆိုနီယာယကာအမှု ပြင်သစ်[49]

niqab (မျက်နှာအပြည့် ခေါင်းဆောင်းပုဝါဖြင့် ဖုံးအုပ်ထားသော) ဝတ်ဆင်ထားသော မူဆလင်ဘာသာဝင်အမျိုးသမီး စာရေးဆရာမတစ်ယောက်သည် ကိုယ်ရေးရာဇဝင်စစ်ဆေးရန်အတွက် ရပ်တန့်ခြင်းခံရပြီး အများပြည်သူရှေ့မှောက်တွင် မျက်နှာဖုံးအုပ်သည့် အဝတ်အစားကို ဝတ်ဆင်သည့်ပြစ်မှုအတွက် တရားစွဲဆိုပြီး စီရင်ချက်ချခြင်းခံခဲ့ရသည်။

အငြင်းပွားဖွယ်ရာဖြစ်နေသော ဥပဒေ - ပုဒ်မ နံပါတ် ၂၀၁၀-၁၁၉၂ အရ ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၁၁ရက်နေ့ - တွင် အများပြည်သူရှေ့မှောက်တွင် "မျက်နှာကိုဖုံးကွယ်ရန် ရည်ရွယ်သည့် မည်သည့်အရာမျှ" ဝတ်ဆင်ခြင်းကို တားမြစ်ထားပါသည်။ မည်သို့ပင်ဆိုစေကာမူ ထိုဥပဒေတွင် ကျန်းမာရေး (သို့) လုပ်ငန်းဆိုင်ရာအကြောင်းပြချက်၊ အားကစားပြုလုပ်ခြင်း၊ ပွဲတော်များ သို့မဟုတ် အနုပညာဆိုင်ရာသို့ ရိုးရာဓလေ့သရုပ်ပြခြင်းများအတွက် "ဥပဒေမှ သို့မဟုတ် တရားဝင်ခွင့်ပြုထားသော အဝတ်အစားများ မပါဝင်ပါ။

စာရေးဆရာမအနေဖြင့် niqab ဝတ်ဆင်ခြင်းသည် မူဆလင်ဘာသာဝင်လူဦးရေများ၏ ဘာသာရေးကျင့်သုံးမှု အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် သူမအား niqab ဝတ်ဆင်ခြင်းမှ တားမြစ်ခြင်းနှင့် ပြစ်မှုစွဲဆိုစီရင်ချက်ချခြင်းတို့သည် သဘောတူစာချုပ်၏ အပိုဒ် ၁၈ နှင့် ၂၆ (ဥပမာ-ဥပဒေ၏ရှေ့မှောက်တွင် တန်းတူအခွင့်အရေးရရှိစေခြင်းနှင့် ခွဲခြားဆက်ဆံမှုမရှိဘဲ ဥပဒေမှ တန်းတူအကာအကွယ်ပေးရေးများကို အာမခံထားသော) တို့ကို ချိုးဖောက်ရာရောက်ကြောင်း ပြောဆိုသည်။ ထိုတားမြစ်ချက်တွင် စာရေးဆရာမ၏ ကိုးကွယ်သည့်ဘာသာနှင့် သက်ဝင်ယုံကြည်မှုကို လွပ်လပ်စွာဖော်ထုတ် ပြသခြင်းအား ကန့်သတ်ခြင်းနှင့် တားမြစ်ပိတ်ပင်ခြင်းတို့ ပါဝင်နေသည်မှာ မေးခွန်းထုတ်ရန်ပင်မလိုဟု လူ့အခွင့်အရေးကော်မတီမှ ပြောကြားပါသည်။ ကော်မတီ၏ရှေ့မှောက်တွင် အငြင်းပွားဖွယ်ရာမှာ ထိုဥပဒေသည် အပိုဒ် ၁၈ ရှိ တားမြစ်ရန် ခွင့်ပြုထားသောအချက်များအောက်တွင် ရှိမရှိ ဖြစ်ပါသည်။ ဥပမာအားဖြင့် ထိုတားမြစ်ချက်သည် အများပြည်သူလုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျန်းမာရေး (သို့) လူ့ကျင့်ဝတ် (သို့) လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်လိုအပ်ချက် တို့အတွက် ဖြစ်ခြင်းမဖြစ်ခြင်း။

ပြင်သစ်နိုင်ငံ၏ ထိုဥပဒေအားချမှတ်ရခြင်းအတွက် ပထမကိစ္စရပ်မှာ "အများပြည်သူလုံခြုံရေး" အတွက်ဖြစ်ပါသည်။ ကော်မတီအနေဖြင့် တိကျသောအခြေအနေများတွင် တစ်ဦးချင်းစီမှ ၎င်းတို့၏ မျက်နှာများကို ပြသရန်လိုအပ်ကြောင်း နိုင်ငံများ၏လိုအပ်ချက်ကို အသိအမှတ်ပြုပါသည်။ မည်သို့ပင်ဆိုစေကာမူ ထိုဥပဒေသည် အများပြည်သူရှေ့မှောက်တွင် မျက်နှာအား အဝတ်စဖြင့်ဖုံးကွယ်ခြင်းကို တားမြစ်ထားသည်ဟု ပြဋ္ဌာန်းထားသောကြောင့် နိုင်ငံများအနေဖြင့် မျက်နှာအပြည့်ဝတ်ဆင်သည့် ဘာသာရေးဆိုင်ရာ ခေါင်းဆောင်းပုဝါသည် အများပြည်သူလုပ်ငန်းနှင့် လုံခြုံရေးအား မည်သို့ခြိမ်းခြောက်မှုဖြစ်စေနိုင်ကြောင်း ဖော်ပြရန်လိုအပ်ပါသည်။ ပြင်သစ်နိုင်ငံအနေဖြင့် ထိုသို့ဖော်ပြရန်ပျက်ကွက်ခဲ့ပါသည်။ ပြင်သစ်နိုင်ငံ၏ ဒုတိယကိစ္စရပ်မှာ လူ့အဖွဲ့အစည်းတွင် "အတူနေထိုင်ခြင်း" တွင် "မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားနိုင်ရန် အသင့်ဖြစ်နေမှု" ပါဝင်သည့် လူများအကြား အနည်းဆုံးအပြန်အလှန်အကျိုးပြုမှုတစ်ခုခု လိုအပ်ခြင်းဖြစ်သည်။ ကော်မတီအနေဖြင့် အပိုဒ် ၁၈(၃)ရှိ ချွင်းချက်ကို လေးလေးနက်နက် အဓိပ္ပါယ်ဖွင့်ဆိုရန်နှင့် ယေဘုယျသဘောအနေဖြင့် အသုံးမပြုရန် အထပ်ထပ်သတိပေးပြောကြားခဲ့ပါသည်။ "အတူနေထိုင်ခြင်း" ဆိုသည်မှာ ဝေဝါးပြီး ယေဘုယျဆန်သော ရှုထောင့်တစ်ခုဖြစ်သည့်အပြင် "မည်သူတစ်ဦးတစ်ယောက်နှင့်မဆို တုံ့ပြန်အကျိုးပြုခွင့်" ဆိုသည်မှာလည်း အပိုဒ်၁၈(၃)အောက်ရှိ ခွင့်ပြုနိုင်သော ကန့်သတ်ချက်များ ကိစ္စရပ်တွင်မပါရှိပါ။ နောက်ဆုံးအနေဖြင့် ကော်မတီသည် ထိုတားမြစ်ချက်တွင် ယေဘုယျဆန်သော အသုံးအနှုန်းများ အသုံးပြုထားသော်ငြားလည်း ထိုအထဲတွင် "မျက်နှာအပြည့် ဝတ်ဆင်ရသည့် အစ္စလာမ်ဘာသာရေးဆိုင်ရာ ခေါင်းဆောင်းပုဝါဝတ်ဆင်မှုကို ကန့်သတ်ရန် ထိုတားမြစ်ချက် အသုံးပြုမှုဖြစ်စေနိုင်သည့် အများပြည်သူရှေ့မှောက်တွင် မျက်နှာအားဖုံးအုပ်ခြင်းဆိုင်ရာ အခြေအနေအများစု" ဟုပါရှိနေခြင်းကြောင့် ခွဲခြားဆက်ဆံမှုများရှိနေကြောင်း တွေ့ရှိခဲ့သည်။ ထို့ကြောင့်ပြင်သစ်နိုင်ငံသည် ICCPR အောက်ရှိလိုက်နာရမည့် တာဝန်များအား ချိုးဖောက်ကြောင်း ကော်မတီမှတွေ့ရှိခဲ့သည်။

[49] Sonia yaker v. France, Views adopted by the Committee under article 5(4) of the Optional Protocol, concerning communication No. 2747/2016. လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးရှိ ခန်းမတွင်ကြားနာခဲ့သော S.A.S. v. France, (Application no. 43835/11) ကိစ္စရပ်၊ ပြင်သစ်နိုင်ငံရှိ မျက်နှာအပြည့်ဖုံးအုပ်သော ခေါင်းဆောင်းပုဝါဝတ်ဆင်ခြင်းဆိုင်ရာ ပြစ်မှုဆိုင်ရာပုဒ်မသည် လူ့အခွင့်အရေးဆိုင်ရာ ဥရောပသဘောတူစာချုပ်ကို ဖောက်ဖျက်ရာမရောက်ကြောင်း ၂၀၁၄ခုနှစ် ဂျူလိုင်လ ၁ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည့် Miriana Hebbadj v. France, Views adopted by the Committee under article 5 (4) of the Optional Protocol, concerning communication NO. 2807/2016. Cf တွင်ဖတ်ရှုပါ။





ဆန့်ကျင်ဖက်အနေဖြင့်ဆိုရလျှင် ဘာသာရေးဆိုင်ရာသင်္ကေတများ အတင်းအကျပ် ဝတ်ဆင်စေခြင်းသည်လည်းပဲ ICCPR ၏ အပိုဒ်၁၈(၁) နှင့် (၂) တို့အပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေများကို ဆန့်ကျင်နေပါသည်။ ဥပမာအားဖြင့် လွပ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် အချို့သောနိုင်ငံများတွင် အများပြည်သူရှေ့မှောက်၌ "ဘာသာရေးဆိုင်ရာအဝတ်အစား" ဝတ်ဆင်ရမည့်တာဝန်များကို အထူးဝေဖန်ထားပြီး "အစ္စလာမ်ဘာသာဆိုင်ရာ အဝတ်အစား" ဝတ်ဆင်ရမည်ဆိုသော တာဝန်ကြောင့် "အမျိုးသမီးများသည် ၎င်းတို့၏ပညာရေးနှင့် အလုပ်အကိုင်များတွင် တင်းကျပ်သည့် ကန့်သတ်ချက်များကြောင့် အများစုနစ်နာမှုခံစားရသူများဖြစ်ကြောင်း" ကိုလည်း ပြောကြားခဲ့ပါသည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် နိုင်ငံများကို အဝတ်အစားဝတ်ဆင်ခြင်းကို တရားဝင်စည်းမျဉ်းစည်းကမ်းအဖြစ် ပြဋ္ဌာန်းမှုမပြုလုပ်သင့်ကြောင်း တိုက်တွန်းပြောဆိုထားပါသည်။[50]

## ဘီကရမ်ဂျစ်ဆင်းအမှု ပြင်သစ်[51]

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကော်မတီရှေ့မှောက်ရှိ ယခုတိုင်ကြားမှုသည် ပြင်သစ်နိုင်ငံ၏ "အစိုးရမူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများနှင့် အထက်တန်းကျောင်းများတွင် ကျောင်းသူ/ကျောင်းသားများအား ၎င်းတို့၏ ကိုးကွယ်သည့်ဘာသာဆိုင်ရာ ဆက်နွယ်မှုများကို ထင်ထင်ရှားရှား ဖော်ထုတ်ပြသခြင်းဖြစ်သည့် အဝတ်အစားနှင့် သင်္ကေတများ ဝတ်ဆင်ခြင်းကို တားမြစ်ထားသည့် ပညာရေးစည်းကမ်းနှင့်ဆက်နွယ်၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပြင်သစ်နိုင်ငံအနေဖြင့် ထိုဥပဒေသည် နိုင်ငံ၏ပညာရေးစနစ်အတွင်း ဘာသာအယူဝါဒရေးရာ လွှမ်းမိုးမှုမရှိစေရေး စည်းမျဉ်းစည်းကမ်းများကို အကာအကွယ်ပေးရန်နှင့် ထိန်းသိမ်းရန်ရည်ရွယ်ကြောင်း ပြောကြားထားပါသည်။ ၂၀၀၄ ခုနှစ်တွင် တိုင်ကြားသူ အန္ဒိယနိုင်ငံသား ဆစ်ခ်ဘာသာဝင်ဖြစ်သူ ဘီကရမ်ဂျစ်ဆင်း (Bikramjit Singh) သည် ပြင်သစ်နိုင်ငံတွင် နေထိုင်ပြီး ပြင်သစ်နိုင်ငံ၏ အထက်တန်းကျောင်းတွင် တတ်ရောက်နေသူဖြစ်ပါသည်။ ၎င်း၏ ဆစ်ခ်ဘာသာရေးအရ "ဘာသာတရား၏ အမွေအနှစ်ဖြစ်သော၊ မြင့်မြတ်သော၊ ကိုယ်ပိုင်ဖြစ်သော"ဟု ရည်ညွှန်းထားသည့် ၎င်းတို့၏ဆံပင်ကို ကာကွယ်ရန်အတွက် အရွယ်ရောက်ပြီး အမျိုးသားတိုင်းဝတ်ဆင်ရသည့် အမည်းရောင်ခေါင်းပေါင်းအား ဝတ်ဆင်သွားချိန်တွင် ကျောင်းမှ Mr. Singh အား ထိုခေါင်းပေါင်းကိုဖယ်ရှားရန် ပြောဆိုခဲ့သော်လည်း ၎င်းမှဖယ်ရှားရန်ငြင်းပါယ်ခဲ့ပါသည်။ အစောပိုင်းတွင် ကျောင်းအုပ်မှ Mr. Singh အား ကျောင်းနယ်မြေအတွင်းသို့ဝင်ရောက်ခြင်းမှ တားမြစ်ခဲ့ပြီး နောက်ပိုင်းတွင် ကျောင်းပြန်လည်တက်ရောက်ရန် ခွင့်ပြုခဲ့သော်လည်း ၎င်းကို ကျောင်းမုန့်စားခန်းတွင် သင်ကြားပြသခြင်းမပါဝင်ဘဲ တစ်ဦးတည်း စာလေ့လာစေခဲ့ပါသည်။ နောက်ပိုင်းတွင် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ စည်းဝေးပြီး Mr. Singh သည် ပညာရေးစည်းမျဉ်းကို ချိုးဖောက်ခြင်းကြောင့် စည်းကမ်းထိန်းသိမ်းသည့်အနေဖြင့် ကျောင်းမှအပြီးတိုင် ချက်ချင်းထုတ်ပယ်ခဲ့ပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာကော်မတီ ရှေ့မှောက်တွင် Mr. Singh မှ ချိုးဖောက်မှုအများအပြားရှိသည့် အနက် ICCPR ၏ အပိုဒ် ၁၈အောက်ရှိ ၎င်း၏ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ကို ချိုးဖောက်ခံရမှုဖြင့် စွပ်စွဲပြောဆိုထားပါသည်။ ပြင်သစ်နိုင်ငံအနေဖြင့် ၎င်း၏ လုပ်ဆောင်ချက်သည် ဘာသာရေးလွပ်လပ်ခွင့်ကို ကာကွယ်ရန်အတွက် အရေးကြီးသည့်ယန္တရားတစ်ခုဖြစ်သည့် အစိုးရကျောင်းများတွင် ဘာသာအယူဝါဒရေးရာ လွှမ်းမိုးမှုမရှိစေရေးအတွက် အရေးပါမှုကို အသားပေးထားခြင်းဖြစ်ကြောင်း ပြန်လည်ချေပ ပြောဆိုထားပါသည်။ ထို့အပြင် ထိုစည်းကမ်းသည် အစိုးရကျောင်းများတွင် ဘာသာရေးဆိုင်ရာ သင်္ကေတများ ဝတ်ဆင်ခြင်းဖြင့် ဖြစ်ပေါ်လာစေမည့် တင်းမာမှုများနှင့် အဖြစ်အပျက်များကို ချေမှုန်းရန်နှင့် "အစိုးရပညာရေး၏ ဘက်မလိုက်ရေးဝါဒကို တည်တံ့စေရန်အပြင် ဗဟုဝါဒနှင့် အခြားသူများ၏ လွပ်လပ်ခွင့်ဆိုင်ရာ အကျိုးစီးပွားများကို တည်တံ့စေရန်အတွက်သာ ရည်ရွယ်ခြင်းဖြစ်ကြောင်း တင်ပြထားပါသည်။

ကော်မတီအနေဖြင့်လည်း အစိုးရပညာရေးကဏ္ဍများတွင် ဘာသာအယူဝါဒရေးရာ လွှမ်းမိုးမှုမရှိစေရေးအတွက် ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းသည် အခြားသူများ၏အခွင့်အရေးများ အထူးသဖြင့် ပြည်သူ့လုပ်ငန်းများနှင့် ပြည်သူ့လုံခြုံရေး တို့ကို အကာအကွယ်ပေးသည့် တရားဝင်ရည်ရွယ်ချက်ဖြစ်ကြောင်း လက်ခံထားပါသည်။ သို့သော်ငြားလည်း ယခုအဖြစ်

[50] ကုလသမဂ္ဂအထူးအစီရင်ခံစာ တင်သွင်းသူ Mr. Abdelfattah Amor မှ လူ့အခွင့်အရေးဆုံးဖြတ်ချက် 1997/18, e/cn.4/1998/6, para. 60. နှင့်အညီ ရေးသားထားသော "ကိုးကွယ်ယုံကြည်မှုအပေါ် အခြေခံသည့် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံခြင်းနှင့် သည်းညည်းမခံမှုတို့အား ဖယ်ရှားခြင်းဆိုင်ရာ ကြေငြာချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း"

အပျက်တွင် Mr Singh ၏ ပန်ချာပီခေါင်းပေါင်း (keski) ဝတ်ဆင်ခြင်းသည် မည်သည့်အခြားသူများ၏ အခွင့်အရေးများ (သို့) ပြည်သူ့လုပ်ငန်းများကိုမျှ အမှန်တစ်ကယ်ခြိမ်းခြောက်မှုရှိနေကြောင်း သက်သေမပြနိုင်သောကြောင့် ပြင်သစ်နိုင်ငံ၏ တုံ့ပြန်ဆောင်ရွက်ချက်သည် လိုအပ်ခြင်းနှင့်မျှတမှုမရှိကြောင်း ပြောဆိုလိုက်ပါသည်။ ထို့အပြင် ကော်မတီသည် နိုင်ငံအနေဖြင့် Mr Singh ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိုယ်ကျင့်တရားသည် မည်သည့်အန္တရာယ်ပေးမှုမျှ မရှိသော်လည်း ၎င်း၏ဘာသာရေး ကျင့်ဝတ်မှ သတ်မှတ်သည့်လူသားအဖြစ် ပါဝင်မှုအပေါ်တွင် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအနေဖြင့် Mr Singh အား ထိခိုက်နစ်နာစေသော အရေးယူမှု (ဥပမာ ရာသက်ပန်ကျောင်းမှထုတ်ပါယ်ခြင်း)ကို ပြုလုပ်ထားကြောင်း တွေ့ရှိခဲ့ပါသည်။ ရလာဒ်အနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကော်မတီသည် ပြင်သစ်နိုင်ငံ၏ အစိုးရကျောင်းများတွင် ဘာသာရေး ဆိုင်ရာအဝတ်အစားများ (သို့) သင်္ကေတများဝတ်ဆင်ခြင်းအပေါ် တားမြစ်ကန့်သတ်ချက်များသည် ICCPR အောက်ရှိ ကျောင်းသားများ၏ လွပ်လပ်စွာကိုးကွယ်ခွင့်ကို ချိုးဖောက်နေကြောင်း တွေ့ရှိခဲ့ပါသည်။ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ ရှိ Mr Singh နှင့် သက်တူရွယ်တူများသည် ခံစားခွင့်ရှိသည့်ပညာရေး မရရှိခဲ့သည့်အတွက် အစိုးရကျောင်းမှ ရာသက်ပန် ထုတ်ပါယ်သည့် အပြစ်ပေးမှုသည်လည်းပဲ မျှတမှုမရှိဘဲ Mr Singh ၏ ပညာရေးတွင်ပြင်းထန်သော ဆိုးကျိုးသက်ရောက်မှု ရှိကြောင်းကိုလည်းပဲ ကော်မတီမှရှုမြင်မိပါသည်။

## အားလပ်ရက်များနှင့် အလုပ်နားရက်များကို သတ်မှတ်လိုက်နာခြင်း

၁၉၈၁ ကြေငြာစာတမ်းပါ အပိုဒ် ၆(ဇ) တွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ဟုဆိုရာတွင် "အလုပ်နားရက်များကို ရရှိရန်နှင့် မိမိကိုးကွယ်ယုံကြည်မှု စည်းမျဉ်းများနှင့်အညီ အားလပ်ရက်များနှင့် အခမ်းအနားပွဲများကို လွပ်လပ်စွာကျင်းပနိုင်ရန်" လွပ်လပ်ခွင့်တို့လည်းပါဝင်ပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာကော်မတီမှ "ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ ရှုထောင့်တွင် အားလပ်ရက်များနှင့် အနားယူရက်များ သတ်မှတ်ပေးခြင်းလည်းပါဝင်သည်"[52] ဟု ဆိုထားပါသည်။

ခရစ်ယာန်ဘာသာဝင်များ၊ ဂျူးဘာသာဝင်များနှင့် မူဆလင်ဘာသာဝင် အသိုင်းအဝိုင်းများ၏ ဘာသာရေးဆိုင်ရာ အားလပ်ရက်များကို တရားဝင်အသိအမှတ်ပြု ကျောင်းများတွင်ပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အနေဖြင့် တိုက်တွန်းအားပေးခဲ့သည့် ဖြစ်ရပ်တစ်ချို့ရှိပါသည်။

## ဘာသာရေးခေါင်းဆောင်ခန့်အပ်ခြင်း

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကော်မတီမှ အောက်ပါအတိုင်းပြောကြားခဲ့သည်မှာ-

*"ကိုးကွယ်ယုံကြည်မှုကို ကျင့်သုံးခြင်းနှင့် သင်ကြားခြင်းဟုဆိုရာတွင် ဘာသာရေးဆိုင်ရာအဖွဲ့များမှ ၎င်းတို့၏ အခြေခံကိစ္စများဖြစ်သည့် ဘာသာရေးခေါင်းဆောင်များ၊ ဘုန်းတော်ကြီးများနှင့် ဆရာများကို လွပ်လပ်စွာရွေးချယ်ခြင်းကဲ့သို့သော အရေးကြီးသည့် လုပ်ဆောင်ချက်များလည်း အပါအဝင်ဖြစ်ပါသည်။"*[53]

၁၉၈၁ ကြေငြာစာတမ်းပါ အပိုဒ် ၆(ဆ) တွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ဟုဆိုရာတွင် "သင့်လျော်သည့် ဘာသာရေးခေါင်းဆောင်များ တင်မြှောက်ခြင်းအားဖြင့် လွပ်လပ်စွာ လေ့ကျင့်၊ ခန့်အပ်၊ ရွေးချယ် (သို့) လျာထားမှု" လွပ်လပ်ခွင့်တို့လည်း ပါဝင်ပါသည်။

## ဘာသာရေးဆိုင်ရာသင်ကြားမှု၊ ဟောပြောမှုနှင့် ဘာသာကူးပြောင်းရန် သိမ်းသွင်းမှု

အထွေထွေမှတ်ချက် ၂၂တွင် လူ့အခွင့်အရေးကော်မတီမှ ဘာသာရေးဆိုင်ရာသင်ကြားမှုများနှင့် ပါတ်သတ်၍ အောက်ပါအတိုင်းပြောကြားခဲ့သည်။ "ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု၏ သင်ပြခြင်းနှင့် ကျင့်သုံးခြင်းတို့တွင် ဘာသာရေးဆိုင်ရာအဖွဲ့များမှ ၎င်းတို့၏ အခြခံကိစ္စများဖြစ်သည့် ကျမ်းစာသင်ကျောင်းများ (သို့) ဘာသာရေးစာသင်ကျောင်းများ လွပ်လပ်စွာ တည်ထောင်ခွင့်နှင့် ဘာသာရေးဆိုင်ရာစာပေများ (သို့) စာအုပ်များကို လွပ်လပ်စွာဖြန့်ဝေခွင့်ကဲ့သို့သော အရေးကြီးသည့်လုပ်ဆောင်ချက်များလည်း အပါအဝင်ဖြစ်ပါသည်။"[54]

[51] Bikramjit Singh v. France, UN Doc CCPR/C/106/D/1852/2008.



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

အလားတူပင် ၁၉၈၁ ကြေငြာစာတမ်းတွင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့တွင် "ထိုနယ်ပယ်နှင့်သက်ဆိုင်သည့် စာအုပ်များ လွပ်လပ်စွာရေးသားခွင့်၊ ထုတ်ဝေခွင့်နှင့် ဖြန့်ချိခွင့်"[55] နှင့် ထိုရည်ရွယ်ချက်များအတွက် သင့်တော်သည့်နေရာတွင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ လွပ်လပ်စွာသင်ကြားခွင့်"[56] တို့ ပါဝင်သည်ဟု ဖော်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများတွင် အာမခံပေးထားသော အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့တွင် အထက်တွင်ဖော်ပြထားသကဲ့သို့ မိမိ၏ ကိုးကွယ်ယုံကြည်ရာကို လွပ်လပ်စွာ ဖော်ထုတ်ပြသခွင့်လည်း ပါဝင်ပါသည်။ ထိုလွပ်လပ်ခွင့်တွင် အပြန်အလှန်အားဖြင့် အခြားသူများအား စည်းရုံးသိမ်းသွင်းခွင့်နှင့် အယူဝါဒကူးပြောင်းရန်ကြိုးပမ်းခွင့် စသည့် စည်းမျဉ်းစည်းကမ်းများ ပါဝင်ပါသည်။ ယင်းသည် ဥပမာအားဖြင့် အခြားသူများအား "သင်ကြားခြင်း"မှတစ်ဆင့် စည်းရုံးသိမ်းသွင်းခြင်း (သို့) ပြောင်းလဲစေရန် ကြိုးပမ်းခြင်းတို့ ပါဝင်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ ပြောကြားချက်အရ ထိုအခွင့်အရေးမပါရှိသည့် မိမိကိုးကွယ်ယုံကြည်မှုကို လွပ်လပ်စွာပြောင်းလဲခွင့်သည် အသက်မဲ့သည့် စာတမ်းတစ်စောင်ပင် ဖြစ်ပါသည်။[57]

ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ ဘာသာကူးပြောင်းရန် သိမ်းသွင်းခြင်းသည် ၁၉၈၁ ခုနှစ် ကြေငြာစာတမ်းနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်များတွင် တရားဝင်ဖြစ်ကြောင်းပါရှိသော အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ရှိ မွေးရာပါဖြစ်ကြောင်း ဆိုထားပါသည်။[58] ဘာသာကူးပြောင်းရန် ငြိမ်းချမ်းစွာသိမ်းသွင်းသည့် လုပ်ဆောင်ချက်များအပေါ် ဘောင်ခတ်ခြင်းများသည် အမြဲတစေ ICCPR ၏ အပိုဒ် ၁၈ နှင့်အညီ ဖြစ်နေမည် မဟုတ်သည့်အပြင် တစ်ချို့သောအခြေအနေများတွင် အခွင့်အရေးများကျင့်သုံးမှုအပေါ် တာဝန်ရှိသူများ၏ ကန့်သတ်သည့် လုပ်ဆောင်ချက်များသည် တရားမျှတမှုရှိကောင်းရှိနေနိုင်ပါသည်။ ထိုလုပ်ဆောင်ချက်များသည် ကိစ္စရပ်တစ်ခုချင်းစီ၏ အချက်အလက်များအပေါ် မူတည်၍ တရားမျှတမှုရှိရန် လိုအပ်ပါသည်။ အနည်းဆုံးတော့ ထိုကန့်သတ်ချက်များကို တရားမျှတမှုနှင့်အညီ တင်းကျပ်စွာနှင့် အချိုးကျစွာ ခွဲခြားဆက်ဆံမှုမရှိသည့် ပုံစံဖြင့် ကျင့်သုံးရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

အလားတူစွာပင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စံချိန်စံညွှန်းများအောက်တွင် သာသနာပြုခြင်းဆိုင်ရာ လုပ်ဆောင်ချက်များကို အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့အား တရားဝင်ကျင့်သုံးမှုနှင့် ဖော်ပြမှုအဖြစ် လက်ခံထားပါသည်။ ထို့ကြောင့် ICCPR ၏အပိုဒ် ၁၈နှင့် အခြားသော သက်ဆိုင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာစာချုပ်များမှ ကာကွယ်မှုတို့ကို ခံစားခွင့်ရှိပါသည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အနေဖြင့် "အကယ်၍ ပါဝင်သည့်သူများအားလုံးသည် စဉ်းစားဆင်ခြင်နိုင်သော အရွယ်ရောက်ပြီးသူများဖြစ်ပြီး သာသနာပြုသူများနှင့် သာသနာပြုခြင်းဆိုင်ရာ လုပ်ဆောင်ရန် ရည်ရွယ်သောသူများအကြား မှီခိုသည့် ဆက်ဆံရေးမျိုးမရှိလျှင်" သာသနာပြုခြင်းဆိုင်ရာ လုပ်ဆောင်ချက်များသည် အခြားသူများ၏ လွပ်လပ်စွာတွေးခေါ်ခွင့်၊ ဆင်ခြင်တုံတရားရှိခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်တို့အား ချိုးဖောက်ခြင်းမဟုတ်ကြောင်း အလေးအနက်ပြောကြားထားပါသည်။[59]

မိမိ၏ ကိုးကွယ်သည့်ဘာသာကို လွပ်လပ်စွာဖော်ထုတ်ပြသခွင့် စည်းမျဉ်းတွင် အခြားသူများအား "သင်ကြားခြင်း" မှ တစ်ဆင့် စည်းရုံးသိမ်းသွင်းခြင်း (သို့) ပြောင်းလဲစေရန် ကြိုးပမ်းခြင်းတို့ ပါဝင်သော်လည်း လွပ်လပ်စွာတွေးခေါ်ခွင့်၊ ဆင်ခြင်တုံတရား ရှိခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်တို့သည် လူမှုရေးဆိုင်ရာအကျိုးခံစားခွင့်များ (သို့) ပစ္စည်းဥစ္စာများပေးခြင်းနှင့် ဘုရားကျောင်းတွင်

[52] လူ့အခွင့်အရေးကော်မတီ အထွေထွေမှတ်ချက် ၂၂ အပိုဒ် ၄။

[53] လူ့အခွင့်အရေး ကော်မတီ အထွေထွေမှတ်ချက် ၂၂ အပိုဒ် ၄။

[54] လူ့အခွင့်အရေး ကော်မတီ အထွေထွေမှတ်ချက် ၂၂ အပိုဒ် ၄။

[55] 1981ခုနှစ်ကြေငြာစာတမ်း၏ အပိုဒ် ၆ (ဃ)။

[56] 1981ခုနှစ်ကြေငြာစာတမ်း၏ အပိုဒ် ၆ (ဃ)။

[57] လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၏ ဆုံးဖြတ်ချက်, Kokkinakis v. Greece, application no. 14307/88, 25 May 1993, စာပိုဒ် ၃၁.

[58] ကုလသမဂ္ဂအထူးကိုယ်စားလှယ် Abelfattah Amor မှ ၎င်း၏ဂရိနိုင်ငံခရီးစဉ်နောက်ပိုင်း အစီရင်ခံစာတွင် ရှင်းလင်းထားသည်မှာ "ဘာသာကူးပြောင်းရန်သိမ်းသွင်းခြင်းသည် ဘာသာရေးတွင် သူ့ဘာသာသူ ပင်ကိုယ်ပါရှိနေခြင်းက အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများနှင့် ၁၉၈၁ ခုနှစ် ကြေငြာစာတမ်းတွင် ယင်း၏တရားဝင်မှုအခြေအနေကို ရှင်းလင်းစေပါသည်" http://www.un.orq/<qcvmenWqö/#qs/51 plenary/?51-542a<<1.htm, para 12 တွင်ဖတ်ရှုပါ။

[59] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ Asma Jahangir ၏အစီရင်ခံစာ U.N. Doc. A/60/399, 30 September 2005, စာပိုဒ် ၆၇.

အဖွဲ့ဝင်အသစ်များ ရရှိရန်အတွက် မသင့်လျော်သော ဖိအားများပေးခြင်း (ဥပမာ လာရစ်စစ်နှင့် အခြားအမှု ဂရိအောက်တွင် ဖတ်ရှုပါ[60]) စသည့် "မသင့်လျော်သော ဘာသာကူးပြောင်းရန်သိမ်းသွင်းမှု" ကို အကာအကွယ်မပေးနိုင်ပါ။

## အကြပ်ကိုင်ခြင်း၊ တွန်းအားပေးခြင်း၊ မလျော်ကန်သောသြဇာလွှမ်းမိုးခြင်း (သို့) ဖိအားပေးခြင်းနှင့် အခြားသော မတရားပြုသည့်ပုံစံများ

တစ်စုံတစ်ယောက်အား ကိုးကွယ်ယုံကြည်မှုတစ်ခုကို ကျင့်သုံးစေရန်အတွက် ၎င်းတို့ကိုးကွယ်သည့် ဘာသာတရား (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဝေခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ပါဝင်သည့် တိုက်တွန်းကြိုးပမ်းခွင့် အတိုင်းအတာသည် ကျယ်ပြန့်ပါသည်။ သို့သော်ငြားလည်း တစ်စုံတစ်ယောက်၏ ကိုးကွယ်ယုံကြည်မှုကို လွပ်လပ်စွာထုတ်ဖော်ပြသခွင့်အပေါ် ကန့်သတ်ချက်များသည် စာချုပ်ပါအပိုဒ် ၁၈၊ အပိုဒ်ခွဲ ၃ နှင့်အညီ ဖြစ်နေသရွေ့၊ ခိုင်လုံနေသရွေ့ ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားခြင်း ဖြစ်နိုင်ပါသည်။ ဤအခြေအနေတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ICCPR ၏ အပိုဒ် ၁၈(၃) သည် ကန့်သတ်ချက်များကို အလွန်ထူးခြားသော ကိစ္စရပ်များအတွက်သာ ခွင့်ပြုထားပြီး ထိုကိစ္စရပ်များတွင်တောင်မှ တားမြစ်ချက်ကို လုပ်ဆောင်မှုအများစုသည် ရာဇဝတ်မှုဥပဒေအဖြစ် စွဲဆိုရန်မလိုအပ်ပါ။ ပြစ်မှုဆိုင်ရာ တိုတောင်းသည့် လုပ်ဆောင်ချက်သည် ထိရောက်၍လုံလောက်ပါသည်။

အာဏာပိုင်များမှပြုလုပ်သည့် ဆောင်ရွက်ချက်များသည် တစ်ဖက်တွင် တစ်စုံတစ်ယောက်၏ ကိုးကွယ်ယုံကြည်မှုကို လွပ်လပ်စွာဖော်ထုတ်ခွင့်အား မှန်ကန်စွာအသုံးပြုခြင်းနှင့် လွပ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်အား တရားဝင်အသုံးပြုခြင်းတို့အတွက် ဘာသာရေးဆိုင်ရာ သင်ကြားခြင်းများနှင့် အခြားတစ်ဖက်တွင် ကိုးကွယ်ယုံကြည်မှုတစ်ခုကို အခြားသူများထံ ကျင့်သုံးစေရန် အကြပ်ကိုင်ခြင်း၊ တွန်းအားပေးခြင်း၊ မလျော်ကန်သောသြဇာလွှမ်းမိုးခြင်း (သို့) ဖိအားပေးခြင်းနှင့် အခြားသော မတရားပြုသည့်ပုံစံများကို လုပ်ဆောင်ခြင်းတို့အကြား ရှင်းလင်းစွာ ခွဲခြားဆောင်ရွက်သင့်ပါသည်။ တစ်စုံတစ်ယောက်၏အခွင့်အရေးများ (ဥပမာ တစ်စုံတစ်ယောက်၏ လွပ်လပ်စွာတွေးခေါ်ခွင့်၊ ဆင်ခြင်တုံတရားရှိခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်နှင့် လွပ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်)အား တရားဝင်ဖော်ထုတ်ပြသခွင့်တို့သည် အရင်ဖြစ်ပြီး တရားဝင်တားမြစ်၍မရနိုင်ပါ။ နောက်ပိုင်းတွင် တစ်စုံတစ်ယောက်၏ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့် အထူးသဖြင့် ICCPR၏အပိုဒ် ၁၈ (၂) ရှိ မိမိရွေးချယ်ကိုးကွယ်လိုသောဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုမှ ပျက်စီးစေရန် တိုက်တွန်းခြင်းမခံရနိုင်ခွင့်ကို ထိခိုက်စေသည့် (သို့) ပျက်စီးစေသည့် လုပ်ဆောင်ချက်များအဖြစ် သက်ရောက်မှုရှိလာပါသည်။

### လာရစ်စစ်နှင့် အခြားအမှု ဂရိ[61]

ဤကိစ္စရပ်တွင် လျှောက်ထားသူ ၃ယောက်သည် လေတပ်အရာရှိတစ်ဦးနှင့် Pentecostal ဘုရားကျောင်း၏ နောက်လိုက်များဖြစ်သည်။ ဂရိနိုင်ငံရှိ တရားရုံးသည် ၎င်းတို့ကို လက်အောက်ငယ်သားများဖြစ်သော လေတပ်သား ၃ယောက် အပါအဝင် လူအချို့ကို ၎င်းတို့၏ဘာသာသို့ ကူးပြောင်းရန် ကြိုးပမ်းခဲ့ခြင်းကြောင့် ၎င်းတို့ကို ဘာသာကူးပြောင်းရန် သိမ်းသွင်းခြင်းမှုဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံးသည် အရာရှိအား လေတပ်အမှုထမ်းများကို ဘာသာကူးပြောင်းရန် သိမ်းသွင်းခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခံရမှုသည် နိုင်ငံအနေဖြင့် အကြီးတမ်းအမှုထမ်းများမှ လက်အောက်ငယ်သားများကို လွန်ကဲစွာ ဖိအားပေးခြင်းမှကာကွယ်ရန် လိုအပ်သောကြောင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပသဘောတူစာချုပ်တွင်ပါရှိသည့် အပိုဒ် ၉အောက်တွင် အာမခံထားသော အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု ဆိုင်ရာ လွတ်လပ်ခွင့်ကို ချိုးဖောက်ရာမရောက်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ တရားရုံးအနေဖြင့် အရပ်သားများအား တိုက်ရိုက်ဘာသာကူးပြောင်းရန် သိမ်းသွင်းရာတွင် လေတပ်သားများကဲ့သို့ ဖိအားပေးခံရမှုမျိုး မရှိခဲ့သည့်အတွက် အခြားလျှောက်ထားသူ ၂ဦးကို အရေးယူမှုသည် အပိုဒ် ၉ အား ချိုးဖောက်ရာရောက်ကြောင်း တွေ့ရှိခဲ့ပါသည်။

## မိဘများနှင့် တရားဝင်အုပ်ထိန်းသူများ၏ မိမိတို့၏သားသမီးများအား ဘာသာရေးဆိုင်ရာ စာပေသင်ကြားပေးခွင့်ကို သေချာစေခြင်း

ICCPR ၏ အပိုဒ် ၁၈ (၄) တွင် မိဘများနှင့်တရားဝင်အုပ်ထိန်းသူများမှ "၎င်းတို့၏ သားသမီးများအား ဘာသာရေးဆိုင်ရာနှင့် ကျင့်ဝတ်သင်ကြားရေးတွင် ၎င်းတို့၏ ယုံကြည်ခံယူချက်အတိုင်း အုပ်ထိန်းခွင့်"ကို အာမခံထားသည်။ ကလေးသူငယ်



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်[62]၊ အပြည်ပြည်ဆိုင်ရာစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်[63] နှင့် ၁၉၈၁ခုနှစ် ကြေငြာစာတမ်းတွင်လည်း အလားတူအာမခံချက်များ ပါရှိပါသည်။[64]

ထိုအခွင့်အရေးအား ကျောင်းများတွင် အထူးသဖြင့် နိုင်ငံ၏တာဝန်ဖြစ်သော အစိုးရကျောင်းများတွင် အဓိပ္ပါယ်ဖွင့်ဆိုရာနှင့် အသုံးပြုရာတွင် ပဋိပက္ခများလည်းဖြစ်ပေါ်လာနိုင်ပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကော်မတီသည် ကိုးကွယ်ယုံကြည်မှုတစ်ခုခု၏ အဆုံးအမများပါရှိနေသော အစိုးရပညာရေးသည် "အကယ်၍ ထိုပြဋ္ဌာန်းချက်သည် မိဘများမှ အလိုရှိသော ခွဲခြားဆက်ဆံမှုမရှိစေရေး ကင်းလွတ်ခွင့်များ (သို့) အပြောင်းအလဲများအတွက် ပြုလုပ်ခြင်းမဟုတ်လျှင်) ICCPR ၏ အပိုဒ် ၁၈(၄)နှင့် ကိုက်ညီမှုမရှိကြောင်း ဖော်ပြထားပါသည်။[65]

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများမှလည်း မိဘများ၏တာဝန်များကို အသိအမှတ်ပြုထားပါသည်။ ဥပမာအားဖြင့် CRC မှ "မိဘများနှင့် တရားဝင်အုပ်ထိန်းသူများ၏ ကလေးများအား ၎င်းတို့၏ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့အား ကျင့်သုံးရာတွင် ကလေးများ၏ ဆင့်ကဲပြောင်းလဲနေသော စွမ်းရည်များဖြင့် ကိုက်ညီမှုရှိစေရန် ထိန်းကျောင်း ပေးရန်အတွက်"[66] အခွင့်အရေးနှင့် တာဝန်များကို သေချာစွာအလေးပေးရမည်ဟု ဆိုထားပါသည်။ ထိုကြောင့် ဤအခြေအနေတွင် "အခြေခံကိစ္စရပ်တစ်ခုချင်းစီအား ချင့်ချိန်ဆုံးဖြတ်ရန် လိုအပ်သောကြောင့် ကလေးအား ၎င်း၏အသက်အရွယ်နှင့် ရင့်ကျက်မှုတို့ဖြင့် ညီမျှသော တာဝန်ကိုသာပေးသင့်ပါသည်။"[67]

ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် အချို့သောနိုင်ငံများတွင် လူနည်းစုဘာသာဝင်ကျောင်းသားများသည် နိုင်ငံတွင် ကြီးစိုးနေသော ဘာသာတရားနှင့်နီးနွယ်သည့် ဘာသာရေးဆိုင်ရာသင်ကြားမှုများအား တတ်ရောက်ရန် ဖိအားပေးခြင်းခံရကြောင်း တွေ့ရှိရပါသည်။ အလားတူစွာပင် ထိုကြီးစိုးနေသောဘာသာတရား၏ သင်ကြားမှုများကိုအခြေခံသည့် စာသင်ကျောင်းများတွင်

[60] Larissis et al v. Greece, Applications nos. 140/1996/759/958960, judgment, European Court of Human Rights, 24 February 1998.

[61] Larissis et al v. Greece, Applications nos. 140/1996/759/958960, judgment, လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး, ၁၉၉၈ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်။

[62] CRC ၏ အပိုဒ် ၁၄ တွင် အောက်ပါအတိုင်း ပါရှိပါသည်။ "၁. နိုင်ငံများသည် ကလေးငယ်များ၏ လွပ်လပ်စွာတွေးခေါ်ခွင့်၊ ဆင်ခြင်တုံ့တရားရှိခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်ကို လေးစားရမည်။ ၂. နိုင်ငံများသည် မိဘများနှင့်တရားဝင်အုပ်ထိန်းသူများမှ ကလေးများ၏ ဆင့်ကဲပြောင်းလဲနေသော စွမ်းရည်များဖြင့် ကိုက်ညီမှုရှိစေရန် ထိန်းကျောင်းပေးရန်အတွက် ၎င်း၏အသက်အရွယ်နှင့် ရင့်ကျက်မှုတို့ဖြင့်ညီမျှသော ဘာသာရေးနှင့်သက်ဆိုင်သည့် သင်ခန်းစာပေးခွင့်နှင့် တာဝန်များကိုလေးစားရမည်။ ၃. အများပြည်သူလုံခြုံရေး၊ အေးချမ်းတည်ငြိမ်ရေး၊ ကျန်းမာရေး၊ သို့ လူ့ကျင့်ဝတ် သို့ လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်အရ ကာကွယ်ရန်မှတပါး ဘာသာ သို့မဟုတ် ယုံကြည်မှုကို သွန်သင်ပြသရန် လွပ်လပ်ခွင့်ကို ချုပ်ချယ်ခြင်းမပြုရ။"

[63] ICESCR ၏ အပိုဒ် ၁၃ (၃)တွင်: "ဤစာချုပ်ဝင်နိုင်ငံများသည် ၎င်းတို့၏ယုံကြည်မှုအလိုက် ၎င်းတို့၏ကလေးများကို ကိုးကွယ်သည့်ဘာသာရေးဆိုင်ရာပညာရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာပညာရေးတို့ကို သင်ကြားပေးခြင်းရန် မိဘများ၏ ဥပဒေအရအုပ်ထိန်းခွင့်ရှိသူများ၏ အခွင့်အရေးအပေါ် လေးစားရမည်။"

[64] ၁၉၈၁ ကြေငြာစာတမ်း၏ အပိုဒ် ၅တွင် "(၁) ကလေးများ၏မိဘများနှင့် ဥပဒေအရအုပ်ထိန်းခွင့်ရှိသူများတွင် မိသားစုအတွင်း ၎င်းတို့၏ ကိုးကွယ်ယုံကြည်မှုနှင့်အညီ စီမံပိုင်ခွင့်နှင့် ထိုယုံကြည်မှုဆိုင်ရာ ကိုယ်ကျင့်တရားပညာရေးဖြင့် ပြုစုပျိုးထောင်ခွင့်ရှိသည်။ (၂) ကလေးတိုင်းသည် မိဘများ သို့မဟုတ် ဥပဒေအရအုပ်ထိန်းခွင့်ရှိသူများ၏ ဆန္ဒရှိသော ကိုးကွယ်ယုံကြည်မှုနှင့် သက်ဆိုင်သည့်ပညာရေးအား ရပိုင်ခွင့်ရှိပြီး မိဘများသို့ ဥပဒေအရအုပ်ထိန်းခွင့်ရှိသူများ၏ ဆန္ဒနှင့် ကလေး၏အကောင်းဆုံး အကျိုးစီးပွားအတွက် ညွှန်ကြားသည့်စည်းမျဉ်းများနှင့် သွေဖယ်၍ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ သင်ကြားခြင်းများကို အတင်းအကျပ်သင်ကြားခံရခြင်း မရှိစေရပါ။ (၃) ကလေးသူငယ်ကို ကိုးကွယ်ယုံကြည်မှုနှင့် သက်ဆိုင်၍ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းမှ အကာအကွယ်ပေးရမည်။ ကလေးသူငယ်သည် အခြားသူများ၏ လွပ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို လေးစားခြင်း၊ ငြိမ်းချမ်းရေးနှင့် လူသားအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ လူအများအကြားရင်းနှီးမှု၊ သည်းညည်းခံမှု၊ နားလည်မှု စသည့် စိတ်ဓါတ်များနှင့် ၎င်း၏ စွမ်းအင်နှင့်စွမ်းရည်သည် ၎င်း၏နောက်လိုက်ငယ်သားများအတွက် ပေးအပ်ထားသည့် တာဝန်သိစိတ်များရှိအောင် ပျိုးထောင်ရပါမည်။ (၄) မိဘများ သို့မဟုတ် ဥပဒေအရအုပ်ထိန်းခွင့်ရှိသူများ ကင်းမဲ့သော ကလေးငယ်များအတွက် ၎င်းတို့ကိုယ်တိုင် ဆန္ဒရှိသော ကိုးကွယ်ယုံကြည်ရာကို ကလေး၏အကောင်းဆုံး အကျိုးစီးပွားအတွက် ညွှန်ကြားသည့်စည်းမျဉ်းများနှင့် ခွင့်ပြုပေးရမည်။ (၅) ကလေးသူငယ်များ၏ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားသည် ၎င်းတို့အား စိတ်ပိုင်းဆိုင်ရာ သို့ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှု သို့မဟုတ် ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံကို လက်ရှိကြေငြာစာတမ်း၏ အပိုဒ် ၁၊ စာပိုဒ် ၃ပါအချက်များအရ ထိခိုက်နာကျင်စေမှုမရှိရပါ။"

[65] စာပိုဒ် ၆, အထွေထွေမှတ်ချက် ၂၂, အထက်ပါအောက်ခြေမှတ်ချက် ၂၃။

[66] ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၁၄ စာပိုဒ် ၂။

[67] ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အထွေထွေမှတ်ချက်နံပါတ် ၁၂(၂၀၀၉) ကလေးများ၏အသံအား ဖော်ထုတ်ခွင့်၊ အပိုဒ် ၂၉. ကလေးများ၏ လွပ်လပ်စွာတွေးခေါ်ခွင့်၊ ဆင်ခြင်တုံတရားရှိခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်ဆိုင်ရာ ပြောင်းလဲတိုးတတ်လျက်ရှိသည့် စွမ်းဆောင်ရည်ရှုထောင့်နှင့် စပ်လျဉ်း၍ A/64/159, paras 2628 တွင်ဖတ်ရှုပါ။

တတ်ရောက်နေသည့် မတူညီကွဲပြားသည့် ဘာသာဝင်များသည် ဖိအားပေးခံရနိုင်ပြီး အတင်းအကျပ်သင်ကြားမှုပင် ခံရနိုင်ပါသည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် ထိုသို့သော လုပ်ဆောင်ချက်များသည် ကျောင်းသားများအား ၎င်းတို့၏ဆန္ဒနှင့် ဆန့်ကျင်ပြီး အတင်းအဓွလုပ်ဆောင်စေခြင်းကြောင့် ICCPR ၏အပိုဒ် ၁၈ (၂)ကို ချိုးဖောက်ရာရောက်ကြောင်း ပြောဆိုထားပါသည်။ အဘယ်ကြောင့်ဆိုသော ၎င်းတို့သည် မိမိတို့ရွေးချယ်ထားသော ကိုးကွယ်ယုံကြည်မှုအား လွပ်လပ်စွာရယူခွင့် သို့မဟုတ် ခံယူခွင့်ကိုပျက်ပြားစေသောကြောင့် ဖြစ်သည်။ လူ့အခွင့်အရေးကော်မတီမှ "ထိုပြဋ္ဌာန်းချက် [ဥပမာ အပိုဒ်၁၈]ကို အများပြည်သူ အရေးပေါ်ကိစ္စတွင်ပင်လျှင် ရုပ်သိမ်းခြင်းမပြုရ"ဟု ဆိုထားခြင်းသည် ၎င်းတွင်အာမခံထားသည့် လွပ်လပ်ခွင့်များ၏ အခြေခံသဘော တရားများအတွက် အထောက်အထားများဖြစ်သည်ဟု ဆိုပါသည်။[68]

## စစ်မှုထမ်းရန် ငြင်းဆိုခြင်း

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့သည် လူများအား ၎င်းတို့၏ယုံကြည်ချက်နှင့် သွေဖည်သည့်လုပ်ဆောင်ချက်များ ပြုလုပ်ရန် အထူးသဖြင့်လက်နက်များ သို့မဟုတ် သေစေလောက်သော အင်အားအသုံးပြုခြင်းနှင့် ပတ်သတ်၍ တွန်းအားပေးခံရခြင်းမှ ကာကွယ်ပေးပါသည်။ ဥပမာအားဖြင့် ၎င်းတို့၏ယုံကြည်မှုသည် အမှန်တကယ်ပင် ၎င်းတို့အား စစ်မှုထမ်းခြင်းမှ တားမြစ်ထားလျှင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများအောက်တွင် စစ်တပ်ထဲတွင် အခြားသောအရပ်သားဆိုင်ရာ တာဝန်များယူနိုင်သည့် ရွေးချယ်စရာလုပ်ငန်းများပေးရန် ဖော်ပြထားပါသည်။ ထိုအရာကို လေးစားသောအားဖြင့် Min-Kyu Jeong et al v. ကိုရီးယားနိုင်ငံကိစ္စရပ်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကော်မတီမှ ရွေးချယ်စရာလုပ်ငန်းဟုဆိုရာတွင် ဒါဏ်ခတ်သည့်လုပ်ငန်းများမဟုတ်ဘဲ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် လူ့အခွင့်အရေးကို လေးစားသောလုပ်ငန်းဖြစ်ရမည်ဟု ဆိုထားပါသည်။[69]

ယခင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာကော်မရှင်၏ ဖြေရှင်းချက်အများအပြားတွင် လူတိုင်း၏ စစ်တပ်အတွင်းအမှုထမ်းရန် ငြင်းဆိုခွင့်သည် ICCPR ၏ အပိုဒ် ၁၈ တွင် အာမခံထားသော လွပ်လပ်စွာတွေးခေါ်ခွင့်၊ ဆင်ခြင်တုံတရားရှိခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့်တို့ကို တရားဝင်ကျင့်သုံးခြင်းအဖြစ် အသိအမှတ်ပြုပါသည်။[70]

## ခွဲခြားဆက်ဆံမှု

ခွဲခြားဆက်ဆံမှုကို တားမြစ်ခြင်းသည် အတော်များများသော ကမ္ဘာ့လူ့အခွင့်အရေး စာချုပ်စာတမ်းများတွင်ပါဝင်သည်သာမက ဓလေ့ထုံးတမ်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာဥပဒေ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ခြင်းအားဖြင့် နိုင်ငံအားလုံးကို ဥပဒေအရစည်းနှောင်ထားပါသည်။[71] ခွဲခြားဆက်ဆံမှုမရှိသည့် အခြေခံမှုသည် ပြည်သူရေးရာနှင့် နိုင်ငံရေးဆိုင်ရာတွင်ဖြစ်စေ သို့မဟုတ် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတွင်ဖြစ်စေ လူ့အခွင့်အရေးအားလုံးတွင် ကျင့်သုံးပြီး တစ်သားတည်းဖြစ်နေပါသည်။ ထိုခွဲခြားဆက်ဆံမှုမရှိခြင်း အခြေခံမှုသည် ဆက်စပ်လွှမ်းခြုံနေပြီး အတွေးအခေါ်၊ ဆင်ခြင်တုံတရားနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်အပါအဝင် အားလုံးသော လူ့အခွင့်အရေးအားလုံးတွင် ကျင့်သုံးပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအောက်တွင် နိုင်ငံများသည် ခွဲခြားဆက်ဆံမှုကို ကာကွယ်၊ တားမြစ်၊ ပပျောက်ဖို့နှင့် ကုစားဖို့ရန်အတွက် လုပ်ဆောင်ရမည်ဖြစ်သည်။ နိုင်ငံများသည် နိုင်ငံဝန်ထမ်းအရာရှိများ၏ ခွဲခြားဆက်ဆံသောလုပ်ရပ်အပါအဝင် ခွဲခြားဆက်ဆံမှုတို့မှ ကင်းဝေးစေရန် မိမိ၏တရားစီရင်ရေး အာဏာအောက်တွင်ရှိသော လူတိုင်း၏ လူ့အခွင့်အရေးများကို လေးစားရမည်သာမက ထိုအခွင့်အရေးများ၏ အကျိုးခံစားမှုသို့ အသုံးချမှုကို အဟန့်အတားဖြစ်စေသည့် အရပ်သားများအပါအဝင် ကြားလူ၏ခွဲခြားဆက်ဆံမှုမှ လူတိုင်းကာကွယ်ပေးခြင်းခံရမှုကို သေချာအောင်ဆောင်ရွက်ရမည်။ အဆိုပါကိစ္စနှင့် ဆက်လျဉ်း၍ နိုင်ငံများတွင် အမှန်တကယ် သို့မဟုတ် ယိုးစွပ်ခံရသည့် ကိုးကွယ်သည့်ဘာသာ (သို့) ယုံကြည်သက်ဝင်မှုအပေါ် မူတည်၍ တစ်ဦးချင်းစီ (သို့) အုပ်စုအလိုက်အပေါ်တွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ခွဲခြားဆက်ဆံမှုကို ရှောင်ကြဉ်ရန်တာဝန်ရှိသည် (တနည်းအားဖြင့် နိုင်ငံများ၏လူ့အခွင့်အရေးကို လေးစားရန်တာဝန်အရ)။ နိုင်ငံများသည် အစိုးရနှင့်မသက်ဆိုင်သော လူတစ်ဦးစီ (သို့) အဖွဲ့အစည်းများမှကျူးလွန်သော ခွဲခြားဆက်ဆံမှုမျိုးကို ကာကွယ်ရန်လိုအပ်သည် (တနည်းအားဖြင့် နိုင်ငံများ၏ လူ့အခွင့်

---

[68] ICCPR ၏ အပိုဒ် ၄ နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ အထွေထွေမှတ်ချက် ၂၂ စာပိုဒ် ၁။

[69] လူ့အခွင့်အရေးကော်မတီ၊ Min-Kyu Jeong et al v. Republic of Korea, 24/03/2011,. စာပိုဒ် ၇.၃။

[70] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်ချက် 1998/77 of 22 April 1998 http://www.ohchr.org/Documents/Issues/RuleOfLaw/ConscientiousObjection/E-CN 4-RES-1998-77.pdf တွင်ဖတ်ရှုပါ။





အရေးကိုကာကွယ်ရန် တာဝန်အရ)။ အစဉ်အလာအရ မိမိ၏တရားစီရင်ရေး အာဏာအောက်တွင်ရှိသော လူတိုင်းသည် လူအခွင့်အရေးများအားလုံးကို မည်သည့်ခွဲခြားဆက်ဆံမှုမျိုးမှမရှိပဲ အကျိုးခံစားရမှုကို သေချာစေရန် ရှေ့ဆက်လုပ်ဆောင်ရမည် (တနည်းအားဖြင့် နိုင်ငံများ၏လူ့အခွင့်အရေးကို ဖြည့်ဆည်းရန် တာဝန်အရ)။ သို့ဖြစ်ပါ၍ နိုင်ငံများတွင် အစိုးရနှင့်မသက်ဆိုင်သော လူတစ်ဦးစီ (သို့) အဖွဲ့အစည်းများ၏ ခွဲခြားဆက်ဆံမှုကို ကာကွယ်ရန် လိုအပ်သောလုပ်ဆောင်မှုများကို ဆောင်ရွက်ရန်ဝတ္တရားအပါအဝင် ကိုးကွယ်သည့်ဘာသာ (သို့) ယုံကြည်သက်ဝင်မှုအပေါ်မူတည်၍ တစ်ဦးချင်းစီ (သို့) အုပ်စုအလိုက်အပေါ်တွင် ခွဲခြားဆက်ဆံမှုကို ရှောင်ကြဉ်ရန် တာဝန်ရှိသည်။ လူအခွင့်အရေးကို အဟန့်အတားဖြစ်စေသည့် အပြုအမူဆိုရာတွင် ခွဲခြားဆက်ဆံသော လုပ်ရပ်နှင့် အကြမ်းဖက်သောလုပ်ရပ်တို့ ပါဝင်ပါသည်။ ဤနေရာတွင် နိုင်ငံများမှဆောင်ရွက်ရမည့် တားဆီးရေးနှင့် ကာကွယ်ရေးဆိုင်ရာမျိုးစုံသော လုပ်ဆောင်မှုများရှိပြီး အချို့သောအခြေအနေများတွင် အပြစ်ကျူးလွန်သူများကို ဆန့်ကျင်သည့်ပြစ်မှုဆိုင်ရာ အရေးယူမှုများကို ပြဋ္ဌာန်းမှုအပါအဝင် ဖြစ်သည်။ ထို့အပြင် ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်၊ ကာကွယ်ရမည့် နိုင်ငံများ၏ဝတ္တရားကို ဥပဒေအရခွဲခြားဆက်ဆံမှုဖြစ်စဉ်များတွင် -တနည်းအားဖြင့် ဤတွင်ခွဲခြားဆက်ဆံမှုကို ဥပဒေအရကာကွယ်ထိန်းသိမ်းထားသည် - တွင်သာမက ဥပဒေ၊ ပေါ်လစီနှင့် အလေ့အထတို့၏ အကျိုးဆက်ဖြစ်နိုင်သည့် အုပ်ချုပ်ရေးအရ ခွဲခြားဆက်ဆံမှုတွင်လည်း ကျင့်သုံးရမည်။

မည်သည့် ခွဲခြားဆက်ဆံမှုမှမရှိပဲ ဥပဒေနှင့် ဥပဒေ၏ကျောသားရင်သားမခွဲခြားသော ကာကွယ်ပေးမှုရှေ့မှောက်၌ တန်းတူညီမျှမှုရပိုင်ခွင့်နှင့်အတူ ခွဲခြားဆက်ဆံမှုမရှိသည့် အခြေခံမှုတွင် လူ့အခွင့်အရေးကာကွယ်ခြင်းနှင့် သက်ဆိုင်သော အခြေခံနှင့် အထွေထွေမှုတစ်ခုပါဝင်သည်။[72] အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအောက်တွင် လူတိုင်းသည် မည်သည့်ခွဲခြားဆက်ဆံမှုမှမရှိပဲ ဥပဒေ၏ ကျောသားရင်သားမခွဲခြားသော ကာကွယ်ပေးမှုနှင့် ဥပဒေရှေ့မှောက်၌ တန်းတူညီမျှမှုရပိုင်ခွင့်ရှိပြီး ဤရပိုင်ခွင့်ကိုလေးစားရန် ပျက်ကွက်မှုရှိလာသည့်နေရာတွင်လည်း ဥပဒေများနှင့် ထိုဥပဒေများကို အကောင်အထည်ဖော်မှုသည် ပြောင်းလဲရန်လိုအပ်ကြောင်း အသိအမှတ်ပြုမှုအပါအဝင် လူအများတွင်တရားမျှတမှုနှင့် ထိရောက်သောကုစားမှုများကို ရယူပိုင်ခွင့်ရှိသည်။

ICCPR ၏ အမျိုးမျိုးသော ပြဋ္ဌာန်းချက်များတွင် ခွဲခြားဆက်ဆံမှုမှ ကင်းလွတ်ခွင့်ကို အာမခံပေးထားသည်။ ဥပမာ ICCPR ၏ အပိုဒ် ၂(၁)အောက်တွင် "ယခုပဋိညာဉ်စာချုပ်၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီသည် ယခုပဋိညာဉ်စာချုပ်တွင် အသိအမှတ်ပြုထားသည့် အခွင့်အရေးများကို မည်သည့်လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးဆိုင်ရာ (သို့) အခြားအမြင်၊ နိုင်ငံသား (သို့) လူမှုဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုး (သို့) အခြားအဆင့်အတန်းဖြစ်စေ ခွဲခြားမှုမရှိပဲ မိမိနိုင်ငံ၏ ပိုင်နက်အတွင်းနှင့် မိမိ၏ တရားစီရင်ရေးအာဏာအောက်တွင်ရှိ လူတစ်ဦးချင်းစီကို လေးစားရန်နှင့်လုံခြုံစေရန် တာဝန်ယူပေးရမည်။" ICCPR ၏ အပိုဒ် ၂၆တွင် "လူတိုင်းသည် ဥပဒေရှေ့မှောက်တွင် တန်းတူဖြစ်ပြီး ဥပဒေ၏ ကျောသားရင်သားမခွဲပဲ ကာကွယ်ပေးမှုကို မည်သည့်ခွဲခြားဆက်ဆံမှုမှမရှိပဲ ခံစားခွင့်ရှိသည်။" ဟု ထုတ်ဖော်ပြောဆိုထားသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ ဥပဒေသည် မည်သည့်ခွဲခြားဆက်ဆံမှုကိုမဆို တားမြစ်ရမည်ဖြစ်ပြီး [...]ကိုးကွယ်သည့်ဘာသာ စသည့် မည်သည့်အခြေခံပေါ်တွင်မဆို ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်သည့် သာတူညီမျှဖြစ်ပြီး ထိရောက်သော ကာကွယ်မှုကို လူတိုင်းရရန် အာမခံရမည်။ ထို့အပြင် လူ့အခွင့်အရေးကော်မရှင်မှ မှတ်ချက်ပြုသည်မှာ "အပိုဒ် ၄ စာပိုဒ် ၁ [ICCPR ၏] သည် အဖွဲ့ဝင်နိုင်ငံများကို အများပြည်သူ အရေးပေါ်အခြေအနေများတွင် ပဋိညာဉ်စာချုပ်အောက်ရှိ အချို့သောတာဝန်ဝတ္တရားများကို လျော့ပေါ့ဆောင်ရွက်မှု လုပ်ဆောင်ရန်ခွင့်ပြုသည်။ ထိုစာပိုဒ်ထဲတွင်ပင် အခြားအရာများထက် ထိုလျော့ပေါ့သော ဆောင်ရွက်မှုများတွင် [...]ကိုးကွယ်သည့်ဘာသာ [...]တစ်ခုတည်း အခြေခံပေါ်တွင် ခွဲခြားဆက်ဆံမှုမပါဝင်သင့် ဆိုသည့်အချက်ကို ပြဋ္ဌာန်းထားသည်။ ထိုထက်မက အပိုဒ် ၂၀ စာပိုဒ် ၂ သည် အဖွဲ့ဝင်နိုင်ငံများကို ခွဲခြားဆက်ဆံခြင်း လှုံ့ဆော်မှုကိုဖြစ်စေသည့် မည်သည့်ဘာသာရေးဆိုင်ရာ အမုန်းတရားအားပေးအားမြှောက်ပြုလုပ်မှုကိုမဆို ဥပဒေအရ တားမြစ်ရန် တာဝန်ရှိစေသည်။"[73]

အခြားသော အပြည်ပြည်ဆိုင်ရာစာချုပ်များဖြစ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ICERDICESCR၊ CRC နှင့် ၁၉၈၁ ကြေညာစာတမ်းအပါအဝင် အခြားသောအပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများသည် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုပေါ်တွင် အခြေခံသည့် ခွဲခြားဆက်ဆံမှုကို ဆန့်ကျင်သည့် အလားတူသော ကာကွယ်မှုများ ပေးအပ်ထားပါသည်။[74]

---

[71] လူ့အခွင့်အရေးကော်မတီမှ အသေးစိတ်ရှင်းပြထားသည်မှာ "ပဋိညာဉ်စာချုပ်တွင် သုံးထားသည့် 'ခွဲခြားဆက်ဆံမှု' ဆိုသည့် စကားစုသည် လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးဆိုင်ရာ သို့ အခြားအမြင်၊ နိုင်ငံသား သို့ လူမှုဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုး သို့ အခြားအဆင့်အတန်း မည်သည့်အကြောင်းခံတွင်မဆို အခြေခံသည့် မည်သည့်ခွဲခြားမှု၊ ဖယ်ကျဉ်ထားမှု၊ ကန့်သတ်မှု သို့ ဦးစားပေးမှုကိုမဆို ညွှန်းဆိုသည်ဟု နားလည်သင့်သည်။ 'ခွဲခြားဆက်ဆံမှု"တွင် တပြေးညီရရှိသည့် အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို လူသားအားလုံး၏ အသိအမှတ်ပြုမှု၊ အကျိုးခံစားမှု သို့ အသုံးချမှုကို အကျိုးပျက်ပြားစေသော သို့ ဟန့်အတားဖြစ်စေသော အကျိုးသက်ရောက်မှု သို့ ရည်ရွယ်ချက်ရှိပါသည်။

[72] လူ့အခွင့်အရေးကော်မတီ အထွေထွေမှတ်ချက် အမှတ် ၁၈ ခွဲခြားဆက်ဆံမှု မရှိခြင်း ၁၉၈၉ခုနှစ် နိုဝင်ဘာလ ၁၀ရက် စာပိုဒ် ၁။

[73] လူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက် အမှတ် ၁၈ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ ၁၉၈၉ခုနှစ် နိုဝင်ဘာလ ၁၀ရက် စာပိုဒ် ၂။

ထို့အပြင် ICCPR ၏ အပိုဒ် ၂၇ မှ ပေးအပ်ထားသည့် ကာကွယ်မှုမှာ "လူမျိုးစုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ (သို့) ဘာသာစကားဆိုင်ရာအရ လူနည်းစုများနေထိုင်သည့် နိုင်ငံများတွင် ထိုလူနည်းစုဝင်များသည် မိမိတို့၏ အစုအဖွဲ့အတွင်းရှိ အခြားအဖွဲ့ဝင်များနှင့်အတူတကွ မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို မွေ့လျော်ရန်၊ မိမိတို့၏ ကိုးကွယ်ရာဘာသာတရားကို ကိုးကွယ်ရန်နှင့် ကျင့်ကြံရန် သို့မဟုတ် မိမိတို့၏ ကိုယ်ပိုင်ဘာသာစကားကို အသုံးပြုရန် အခွင့်အရေးကို ငြင်းဆိုခံရခြင်းမရှိစေရပါ။"

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီသည် "ဩဇာလွှမ်းမိုးသော ဘာသာရေးဆိုင်ရာ လူ့အဖွဲ့အစည်းတစ်ခုက ပြုလုပ်သည့် ရန်လိုမှု၏ အကြောင်းကိစ္စဖြစ်လာနိုင်သည့် စတင်တည်ထောင်ခါစဖြစ်သည့် (သို့) ဘာသာရေးဆိုင်ရာလူနည်းစုကို ကိုယ်စားပြုသည်ဆိုသည့်အချက် အပါအဝင် မည်သည့်အကြောင်းကြောင်းနှင့်မျှ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို ဆန့်ကျင်သော မည်သည့်ခွဲခြားဆက်ဆံမှု အလားအလာ"[75] ကို အလေးအနက်ရှုမြင်သည်။

လူ့အခွင့်အရေးကော်မတီ၏ စောင့်ကြည့်လေ့လာမှုအရ "တပြေးညီရရှိသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ရရှိခံစားမှုတွင် ဖြစ်ရပ်တိုင်း၌ ထပ်တူညီသောပြုမူခြင်းရှိရမည်ဟု မဆိုလိုပါ။"[76] ထို့အပြင် အားလုံးသောခွဲခြားမှုနှင့် ဦးစားပေးမှုပုံစံများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများအောက်တွင် တားမြစ်ထားသည့် ခွဲခြားဆက်ဆံမှုများနှင့် ညီမျှသည် မဟုတ်ပါ - အချို့အခြေအနေများတွင် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု ရပ်တည်ချက်အပါအဝင် ခွဲခြားဆက်ဆံမှုကို ဆက်လက်တည်တံ့စေသည့် အခြေအနေများကို ဖြေရှင်းရန်အတွက် ရည်ရွယ်သည့် အထူးယာယီစီမံချက်များ သို့မဟုတ် ခွဲခြားဆက်ဆံမှုကို ကျော်လွှားနိုင်သည့် ပေါ်လစီ/အစီအစဉ်ကို လိုအပ်ကောင်းလိုအပ်နိုင်သည်။ အဆိုပါ လုပ်ဆောင်ချက်များတွင် ဥပမာအားဖြင့် လူဦးရေ၏ တစ်စိတ်တစ်ပိုင်းကို အထူးခံစားခွင့်ပေးခြင်းမျိုး ပါဝင်နိုင်သည်။ သို့သော် ခွဲခြားဆက်ဆံမှု၏ အကြောင်းတရားများကိုပြင်ဆင်ရန် လိုအပ်နေသမျှကာလပတ်လုံး ထိုလုပ်ဆောင်ချက်များသည် ပဋိညာဉ်အောက်တွင် တရားဝင်ဖြစ်သော ခွဲခြားဆောင်ရွက်သည့် ကိစ္စဖြစ်သည်။[77]

## ခွဲခြားဆက်ဆံမှုနှင့် နိုင်ငံတော်ဘာသာ

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများသည် "နိုင်ငံတော်ဘာသာများ"ခံယူခြင်းကို မတားမြစ်ပါ။ သို့သော် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီမှ ရှင်းလင်းသည်မှာ အကယ်၍ ကိုးကွယ်သည့်ဘာသာတစ်ခုခုသည် "နိုင်ငံတော်ဘာသာ"အဖြစ် အသိအမှတ်ပြုခြင်းခံရလျှင် သို့မဟုတ် ထိုဘာသာကိုယုံကြည်သူများသည် နိုင်ငံလူဦးရေ၏အများစုအဖြစ် ဖွဲ့စည်းပါဝင်နေလျှင်တောင်မှ ယင်းကြောင့် အပိုဒ် ၁၈ နှင့် ၂၇ အပါအဝင် ပဋိညာဉ်အောက်ရှိ မည်သည့်အခွင့်အရေးများကိုမဆို အကျိုးခံစားခြင်းကို ဟန့်တားမှုတစ်ခုတစ်လေမျှသော်လည်းကောင်း၊ အခြားဘာသာများကို ယုံကြည်သူများ (သို့) ဘုရားသခင်နှင့် ဘာသာရေးကို မယုံကြည်သူများကို ဆန့်ကျင်သည့် ခွဲခြားဆက်ဆံမှုတစ်ခုတစ်လေမျှသော်လည်းကောင်း သက်ရောက်ခြင်းမရှိစေရပါ။[78] ထိုကော်မတီမှ အလေးအနက်ထားသည်မှာ "နိုင်ငံတော်ဘာသာ"တစ်ခုခံယူခြင်းသည် "အပိုဒ် ၁၈ အောက်ရှိ လွတ်လပ်ခွင့်များ သို့မဟုတ် ပဋိညာဉ်အောက်တွင် အသိအမှတ်ပြုထားသည့် အခြားသောအခွင့်အရေးများကို တားမြစ်မှုတစ်ခုတလေမျှသော်လည်းကောင်း၊ အစိုးရအသိအမှတ်ပြုသော အိုင်ဒီယိုလော်ဂျီကို လက်မခံသောသူများ (သို့) ဆန့်ကျင်သောသူများကို ဆန့်ကျင်သည့် ခွဲခြားဆက်ဆံမှု တစ်ခုတလေမျှသော်လည်းကောင်း"[79] အကျိုးသက်ရောက်မှု မရှိရပါဆိုသောအချက်ဖြစ်သည်။

[74] လူ့အခွင့်အရေးကော်မတီမှ အသေးစိတ်ရှင်းပြထားသည်မှာ "ပဋိညာဉ်စာချုပ်တွင် သုံးထားသည့် 'ခွဲခြားဆက်ဆံမှု' ဆိုသည့် စကားစုသည် လူမျိုး၊ ICESCR အပိုဒ် ၂(၂) "လက်ရှိပဋိညာဉ်စာချုပ်အဖွဲ့ဝင် နိုင်ငံများသည် လက်ရှိပဋိညာဉ်စာချုပ်တွင် ရှင်းလင်းပြတ်သားစွာ ရေးသားထားသည့် အခွင့်အရေးများကို [...]ဘာသာရေးကဲ့သို့သော မည်သည့်အကြောင်းကြောင့်မျှ ခွဲခြားဆက်ဆံမှုမရှိပဲ ကျင့်သုံးရမည် ဆိုသည့်အချက်ကို အာမခံရန် တာဝန်ယူသည်။"။ အပိုဒ် ၅၊ ICERD " အဖွဲ့ဝင်နိုင်ငံများသည် ပုံစံအမျိုးမျိုးသော လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုကို တားမြစ်ရန်နှင့် ဖျက်သိမ်းရန်နှင့် လူမျိုး၊ အသားအရောင် သို့ နိုင်ငံသား သို့ လူမျိုးစုဇစ်မြစ်အရ ကွဲပြားခြားနားမှုမရှိပဲ လူတိုင်း၏အခွင့်အရေးကို အာမခံရန်၊ အထူးသဖြင့် အောက်ဖော်ပြပါ လူ့အခွင့်အရေးများ [...] အတွေးအခေါ်၊ ဆင်ခြင်တုံတရားနှင့် ကိုးကွယ်သည့်ဘာသာဆိုင်ရာ လွတ်လပ်ခွင့်ကို ကျင့်သုံးမှုတွင် တရားဥပဒေ၏ ရှေ့မှောက်၌ တန်းတူရည်တူဖြစ်စေရန် တာဝန်ရှိသည်။ CRC အပိုဒ် ၃၀ "လူမျိုးစုဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ သို့ ဘာသာစကားဆိုင်ရာအရ လူနည်းစုများ သို့ ဒေသခံလူမျိုးစုဇစ်မြစ်မှ ဆင်းသက်လာသူများ နေထိုင်သည့် ထိုနိုင်ငံများတွင် ထိုလူနည်းစုဝင် သို့ ဒေသခံလူမျိုးစုဝင် ကလေးငယ်တစ်ယောက်သည် သူ သို့ သူမ၏ အစုအဖွဲ့အတွင်းရှိ အခြားအဖွဲ့ဝင်များနှင့် အတူတကွ သူ သို့ သူမ၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို မွေ့လျော်ရန်၊ သူ သို့ သူမ၏ ကိုးကွယ်ရာဘာသာတရားကို ကိုးကွယ်ရန်နှင့် ကျင့်ကြံရန် သို့မဟုတ် သူ သို့ သူမ၏ ကိုယ်ပိုင်ဘာသာစကားကို အသုံးပြုရန်အခွင့်အရေးကို ငြင်းဆိုခံရခြင်းမရှိစေရပါ။"။ အထွေထွေညီလာခံ၏ ၁၉၈၁ခုနှစ် ကြေညာစာတမ်း၏ အပိုဒ် ၂(၁) "မည်သူတစ်ဦးတစ်ယောက်မျှ ကိုးကွယ်သည့်ဘာသာ သို့ အခြားသက်ဝင်ယုံကြည်မှု အခြေခံပေါ်တွင် မည်သည့်အစိုးရ၊ အဖွဲ့အစည်း၊ လူအစုအဖွဲ့၊ သို့ လူတစ်ဦးတစ်ယောက်၏ ခွဲခြားဆက်ဆံမှု ခံရခြင်းမရှိရပါ။"



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

ဤတွင် ဥပမာအားဖြင့် နိုင်ငံတော်၏အစိုးရအသိအမှတ်ပြု ဘာသာရေးဆိုင်ရာ အိုင်ဒီယိုလော်ဂျီကို လက်မခံသူများကို ဆန့်ကျင်သည့် ခွဲခြားဆက်ဆံဆောင်ရွက်မှုများဖြစ်သည့် အစိုးရအမှုထမ်းဆောင်ရန်အတွက် အရည်အချင်းသတ်မှတ်ချက်ကို ကန့်သတ်ခြင်း၊ အစိုးရအသိအမှတ်ပြုဘာသာ သို့မဟုတ် လူအများစုကို ထောက်ခံသူများကို စီးပွားရေးအထူးအခွင့်အရေးများပေးခြင်း၊ အခြားသောယုံကြည်သက်ဝင်မှုများအား ကျင့်ကြံခြင်းများကို စည်းကြပ်ခြင်း စသည်တို့ပါဝင်သည်။[80]

ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုလွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ၏ အထူးအစီရင်ခံစာတင်သွင်းသူက သတိပေးတားမြစ်ခဲ့သည်မှာလည်း အထူးသဖြင့် ကိုးကွယ်သည့်ဘာသာအမျိုးမျိုးနှင့် လူမျိုးစုအမျိုးမျိုးရှိသည့် နိုင်ငံများတွင် "အစိုးရအသိအမှတ်ပြုသော ကိုးကွယ်သည့်ဘာသာတစ်ခုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကြေညာခြင်း၊ နိုင်ငံတော်ဘာသာ သို့မဟုတ် နိုင်ငံတော်၏ဘာသာတစ်ခုသည် နိုင်ငံရေးအရသော်လည်းကောင်း သမိုင်းကြောင်းအရသော်လည်းကောင်း လျော်ကန်သင့်မြတ်နိုင်ပါသည်။ သို့သော် နိုင်ငံတော်ဘာသာသည် ယင်း၏ ပင်ကိုယ်သဘာဝအားဖြင့် ပိုဆိုးဝါးစေသော ခွဲခြားဆက်ဆံမှု၏ မျိုးစေ့ကို သယ်ဆောင်လာပါသည်။"[81] နှင့် "မတူညီသော ကိုးကွယ်သည့်ဘာသာများအကြား ခွဲခြားမှုတစ်ခုကို တရားဝင်ဖြစ်စေခြင်းသည် အနာဂတ်တွင် ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ချိုးဖောက်မှုများအတွက်၊ ကိုးကွယ်သည့်ဘာသာ (သို့) ယုံကြည်သက်ဝင်မှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုအတွက် လမ်းဖောက်ပေးသလို ဖြစ်ဖွယ်ရှိသည်။"[82]

## စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်ရေးများ အကျိုးခံစားခြင်းနှင့် ပတ်သက်၍ ခွဲခြားဆက်ဆံမှု

နိုင်ငံများသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို အကျိုးခံစားခြင်းနှင့် ပတ်သတ်၍ ခွဲခြားဆက်ဆံမှုကို တားဆီးခြင်းတွင် အထူးအလေးပေးမှုသည် အလွန်လိုအပ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံများသည် ထိုအခွင့်အရေးများကို လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းရမည့် ယင်းတို့၏ တာဝန်ဝတ္တရားများကိုလိုက်နာရန် ပျက်ကွက်သည့်အခါ လူနည်းစုများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရနိုင်သည့် အန္တရာယ်ရှိနေသော အခြားအုပ်စုများကို အထူးသဖြင့်ထိခိုက်စေပါသည်။

ခွဲခြားဆက်ဆံမှုမရှိသည့် အခြေခံမှုကို ညွှန်းဆိုထားသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ အပြည်ပြည်ဆိုင်ရာစာချုပ် အပိုဒ် ၂(၂)တွင် ကိုးကွယ်သည့်ဘာသာအတွက် ရည်ညွှန်းချက်တစ်ခု တိတိကျကျပါဝင်သည်။

> *"လက်ရှိပဋိညာဉ်စာချုပ်၏ အဖွဲ့ဝင်နိုင်ငံများသည် လက်ရှိပဋိညာဉ်စာချုပ်ထဲတွင် ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည့် အခွင့်အရေးများသည် မည်သည့် လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးဆိုင်ရာ (သို့) အခြားအမြင်၊ နိုင်ငံသား (သို့) လူမှုဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုး (သို့) အခြားအဆင့်အတန်းအရဖြစ်စေ ခွဲခြားဆက်ဆံမှုမရှိပဲ အသုံးချခံရမည်ကို အာမခံရန်တာဝန်ရှိသည်။"*

ICCPR ၏ အပိုဒ် ၁၈ အပေါ် ထိုစာချုပ်၏ အထွေထွေမှတ်ချက်တွင် လူ့အခွင့်အရေးကော်မရှင်သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို ဘာသာရေးလွတ်လပ်ခွင့် အကြောင်းအရာတွင် အတိအကျရည်ညွှန်းထားပြီး ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု (သို့) အလုပ်အကိုင်ရရှိမှုကို ထိန်းချုပ်ခြင်းကဲ့သို့သော လုပ်ရပ်များနှင့် တူညီသောရည်ရွယ်ချက် သို့မဟုတ် အကျိုးဆက်ရှိသည့် ပေါ်လစီ သို့မဟုတ် လုပ်ငန်းများသည် ICCPR ၏ အပိုဒ် ၁၈ (၂)နှင့်လည်း ရှေ့နောက်မညီဖြစ်နေသည်ကို ဖော်ပြထားပါသည်။[83] စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး၊ ပညာရေးအပါအဝင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အလုပ်အကိုင်၊ လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့ (သို့) လူမှုဖူလုံရေးထောက်ပံ့ကြေးများကို ရယူသည့်အခါတွင် မည်သူတစ်ဦးတစ်ယောက်မျှ သူ(သို့)သူမ၏ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကိုအခြေခံ၍ ဆန့်ကျင်သော ခွဲခြားဆက်ဆံမှုမခံရသည်ကို သေချာစေရန် နိုင်ငံများအား ၎င်းတို့၏အားစိုက်ထုတ်မှုကို ပိုမိုအားကောင်းလာစေရန် တိုက်တွန်းသည့်နည်းလမ်းကို ၁၉၈၁-ခုနှစ် ကြေညာစာတမ်းက အားဖြည့်ပေးပါသည်။[84]

[75] စာပိုဒ် ၂၊ အထွေထွေမှတ်ချက် အမှတ် ၂၂၊ အထက်ပါ အောက်ခြေမှတ်ချက် ၂၃။
[76] လူ့အခွင့်အရေးကော်မတီ အထွေထွေမှတ်ချက် အမှတ် ၁၈၊ ခွဲခြားဆက်ဆံမှု မရှိခြင်း၊ ၁၉၈၉ခုနှစ် နိုဝင်ဘာလ ၁၀ရက်။
[77] အထက်ပါအတိုင်း၊ စာပိုဒ် ၁၀။
[78] စာပိုဒ် ၉၊ အထွေထွေမှတ်ချက် အမှတ် ၂၂၊ အထက်ပါအောက်ခြေမှတ်ချက် ၂၃။
[79] အထက်ပါအတိုင်း၊ စာပိုဒ် ၁၀။
[80] အထက်ပါအတိုင်း၊ စာပိုဒ် ၉။
[81] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ၏ အကျဉ်းချုပ်၊ စာပိုဒ် ၁၂၀။
[82] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူ Asma Jahangir တင်သွင်းသည့် အစီရင်ခံစာ၊ U.N. Doc.E/CN.4/2005/61, ၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၀ရက်၊ စာပိုဒ် ၆၁နှင့် ၆၂။

## ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှု အခြေခံအပေါ်တွင် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှု

ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုလွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးအစီရင်ခံစာ တင်သွင်းသူသည် ကမ္ဘာအနှံ့ရှိ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှု၏ ပုံစံတစ်ခုကို မှတ်တမ်းတင်ထားပါသည်။[85] ဤဖြစ်စဉ်တွင် သရုပ်သကန်များစွာရှိရာ တရားဝင်ဘာသာအယူအဆနှင့် ဆန့်ကျင်သွေဖည်သော သို့မဟုတ် ဓမ္မဓိဌာန်ကျသော သက်ဝင်ယုံကြည်သူများသည် ဖယ်ကျဉ်ထားခြင်းခံရပြီး ဘာသာတစ်ခုနှင့်တစ်ခုကြားရှိ သို့မဟုတ် ဘာသာတစ်ခုထဲအတွင်းရှိ ပြဿနာများကိုရင်ဆိုင်ရခြင်း၊ ဘာသာရေးအရ လူနည်းစုများ၏ အုပ်စုဝင်များကိုဆန့်ကျင်သည့် အကြမ်းဖက်သောလုပ်ရပ်များ သို့မဟုတ် ခြိမ်းခြောက်မှုများကို အစိုးရနှင့်မသက်ဆိုင်သော လူပုဂ္ဂိုလ်များ (သို့) အဖွဲ့အစည်းများသည် တခါတရံပြစ်ဒဏ် (သို့) တရားစွဲခံရခြင်းကင်းလွတ်စွာဖြင့် ကျူးလွန်ကြခြင်း၊ ဝတ်ပြုကိုးကွယ်သည့်နေရာများနှင့် သာသနိကအဆောက်အအုံများ သို့မဟုတ် ပစ္စည်းဥစ္စာများ တိုက်ခိုက်ခြင်းခံရခြင်းနှင့် အပြင်ပန်းအားဖြင့် အကြမ်းဖက်ဝါဒကိုတိုက်ဖျက်ရန် စီစဉ်ထားသည့်ဥပဒေများ၊ ပေါ်လစီများနှင့် အလေ့အထများသည် လူ့အဖွဲ့အစည်းနှင့် ကင်းကွာခြင်းဆီသို့ ဦးတည်သွားပြီး ပိုဆိုးလာလျှင် လူ့အဖွဲ့အစည်းကို အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုမှ အကာအကွယ်မဲ့စေသည်။[86]

ဤလုပ်ရပ်များသည် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုအခြေခံပေါ်တွင် ခွဲခြားဆက်ဆံမှုမှ ကင်းလွတ်ခွင့်ကို ချိုးဖောက်မှုများတွင် ပါဝင်သည်သာမက ဤလုပ်ရပ်များအနက်မှ အချို့သည် နိုင်ငံများကိုခွဲခြားဆက်ဆံခြင်း၊ ရန်လိုခြင်း (သို့) အကြမ်းဖက်မှုကို လှုံ့ဆော်မှုဖြစ်စေသည့် မည်သည့်ဘာသာရေးဆိုင်ရာ အမုန်းတရား အားပေးအားမြှောက်ပြုလုပ်မှုကိုမဆို ဥပဒေအရတားမြစ်ရန် တာဝန်ရှိစေသည့် ICCPR ၏ အပိုဒ် ၂၀(၂)နှင့် ငြိစွန်းသွားပါသည်။

## အထူးသဖြင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသော အုပ်စုများ

### အမျိုးသမီးများ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ခွဲခြားဆက်ဆံမှုများသည် တခါတရံတွင် အချင်းချင်းဆက်စပ် လုပ်ဆောင်ကြသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၏ ရှင်းလင်းချက်အရ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းသည် "တခါတရံ လူမျိုး၊ အသားအရောင်၊ ကျား/မ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးဆိုင်ရာ (သို့) အခြားအမြင်၊ နိုင်ငံသား (သို့) လူမှုဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မျိုးရိုး (သို့) အခြားအဆင့်အတန်း စသည့် အခြားသောအခြေခံများပေါ်တွင် ခွဲခြားဆက်ဆံမှုဖြင့် ရောယှက်နေပါသည်။"[87] ထိုကော်မတီသည် "ကမ္ဘာတဝှမ်းရှိ အမျိုးသမီးများ၏ အခွင့်အရေးများကိုရရှိခံစားမှုတွင် တရားမျှတမှုမရှိခြင်းသည် ဘာသာရေးဆိုင်ရာ သဘောထားများအပါအဝင် ဓလေ့ထုံးတမ်းအစဉ်အလာ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတွင်နက်ရှိုင်းစွာ အမြစ်တွယ်လျက်ရှိနေသည်" ကိုလည်း အသိအမှတ်ပြုပါသည်။[88]

ဤတွင် အမျိုးသမီးနှင့် မိန်းမငယ်လေးများကို ခွဲခြားဆက်ဆံသောသူတို့၏ လူ့အခွင့်အရေးများကို ချိုးဖောက်မှုပြုလုပ်ခြင်းနှင့် အမျိုးသမီးအင်္ဂါဖြတ်တောက်ခြင်း၊ မွေးကင်းစ မိန်းကလေးများကိုသတ်ခြင်း၊ မုဆိုးမများကိုနှိပ်စက်ခြင်း၊ အမျိုးသမီးများကို သူတို့၏ မိသားစု၊ ဆွေမျိုးများက ဂုဏ်သိက္ခာအတွက် သတ်ခြင်း၊ ကလေးသူငယ်နှင့် အရွယ်မတိုင်မီ လက်ထပ်ထိမ်းမြားပေးခြင်း၊ ကာယကံရှင်၏ စိတ်ဆန္ဒမပါပဲ အတင်းအိမ်ထောင်ချပေးခြင်း၊ ခွဲခြားဆက်ဆံသော ဘာသာရေးနှင့်ယဉ်ကျေးမှုကို အခြေခံသည့် ဥပဒေများနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများသို့ဝင်ရောက်ခွင့်/အသုံးပြုခွင့်ကို ကန့်သတ်ခြင်း စသည့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့်သုခချမ်းသာကို ထိခိုက်နစ်နာစေသော အလေ့အထများစွာရှိပါသည်။[89] ထိခိုက်နစ်နာစေသော အလေ့အထများတွင် အနက်အဓိပ္ပါယ်အားဖြင့် ဣန္ဒြေနှင့်ဂုဏ်သိက္ခာကို ငြင်းဆိုခြင်းပါဝင်ပြီး အမျိုးသမီးများနှင့် မိန်းမငယ်လေးများအပေါ်တွင် "အပြည့်အဝလွတ်လပ်ပြီး အသိပေးအကြောင်းကြားထားသော သဘောတူညီမှုကိုခံရသူက ပေးအပ်သည်ဖြစ်စေ၊ ပေးအပ်နိုင်သည်ဖြစ်စေ ထည့်သွင်းမစဉ်းစားပဲ"[90] အခွင့်အရေးယူခြင်းတို့ဖြစ်သည်။ ICCPR အပိုဒ် ၁၈(၂)အောက်ရှိ အမျိုးသမီးများနှင့် မိန်းမငယ်လေးများ၏ အခွင့်အရေးဖြစ်သည့် "[မိမိတို့]ရွေးချယ်သည့် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုတစ်ခုကို [အမျိုး

[83] ၈၃စာပိုဒ် ၅၊ အထွေထွေမှတ်ချက် ၂၂၊ စာပိုဒ် ၅၊ supra fn 23။

[84] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု အပေါ်အခြေခံသည့် အားလုံးသော မတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး ကုလသမဂ္ဂကြေညာ စာတမ်း၊ အပိုဒ် ၂-၄။

[85] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးအစီရင်ခံစာတင်သွင်းသူ Asma Jahangir တင်သွင်းသည့် အစီရင်ခံစာ၊ U.N. Doc. A/HRC/13/40၊ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၁ရက်၊ စာပိုဒ် ၃၄-၃၇။

[86] အထက်ပါအတိုင်း။

[87] အထွေထွေမှတ်ချက် ၂၈၊ စာပိုဒ် ၃၀။

[88] အထက်ပါအတိုင်း၊ စာပိုဒ် ၅။



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု  လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

သမီးများသည်] လွတ်လပ်စွာခံယူခွင့် (သို့) ရယူခွင့်ကို အဟန့်အတားဖြစ်နိုင်သည့် အကျပ်ကိုင်မှု"ကို မခံရရေးနှင့် ကွဲလွဲနေသည့်အပြင် ထိခိုက်နစ်နာစေသော အလေ့အထများသည် အမျိုးသမီးများနှင့် မိန်းမငယ်လေးများ၏ ICCPR အပါအဝင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအောက်တွင် အာမခံထားသည့် အခြားသောလူ့အခွင့်အရေးများကို ရရှိခံစားခြင်းနှင့် အသုံးချခြင်းကို အဟန့်အတားဖြစ်စေပြီး ပျက်ပြားစေသည်။  အထက်ပါ အခြားသောလူ့အခွင့်အရေးများတွင် လူတစ်ဦး၏ လွတ်လပ်ခွင့်နှင့် ဘေးကင်းလုံခြုံခွင့် (အပိုဒ် ၉)၊ ညှင်းပမ်းနှိပ်စက်မှု (သို့) အခြားသောရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်မှု (သို့) သိက္ခာချသောအပြုအမူ (သို့) အပြစ်ပေးမှုမှ လွတ်လွပ်ခွင့် (အပိုဒ် ၇)၊ အမျိုးသားနှင့်အမျိုးသမီးများအကြား တန်းတူညီမျှခွင့် (အပိုဒ် ၃)၊ ကျွန်အဖြစ်မှ လွတ်လပ်ခွင့် (အပိုဒ် ၈)၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် (အပိုဒ် ၁၂)၊ လွတ်လပ်စွာဖော်ထုတ်ပြသခွင့် (အပိုဒ် ၁၉)၊ ပုဂ္ဂလိက လွတ်လပ်ခွင့် (အပိုဒ် ၁၇)နှင့် ခွဲခြားဆက်ဆံမှုမရှိသောဥပဒေနှင့် ဥပဒေ၏တန်းတူကာကွယ်ပေးမှု ရှေ့မှောက်တွင် တန်းတူညီမျှခွင့် (အပိုဒ် ၂၆) တို့ပါဝင်ပါသည်။ များစွာသောထိခိုက်နစ်နာစေသော အလေ့အထများသည် ဘာသာရေး၏ ထုံးတမ်းဓလေ့ဆိုင်ရာ ရှင်းလင်းချက်များအဖြစ် မှတ်ယူနိုင်လင့်ကစား ထိုအလေ့အထများသည် အမှန်အားဖြင့် ဘာသာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် ပင် ဝိရောဓိဖြစ်နေနိုင်သည်။ ထိုအချိန်အခါများတွင် မည်သို့ပင်ဖြစ်သော်ငြားလဲ နိုင်ငံများသို့ လူ့အဖွဲ့အစည်းများက အချို့သော ထိခိုက်နစ်နာစေသော၊ ခွဲခြားဆက်ဆံသော အလေ့အထများသည် ဘာသာရေးဆိုင်ရာ တာဝန်များဖြစ်ကြောင်း အခိုင်အမာဆိုကြသည်။ ထိုကဲ့သို့သောရပ်တည်မှုသည် ထိခိုက်နစ်နာစေသော အလေ့အထများကို စိန်ခေါ်ရန်နှင့် လုံလောက်စွာဖြေရှင်းရန် အထူးအခက်အခဲ ဖြစ်စေနိုင်သော်လည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေတွင် အောက်ပါအတိုင်း ရှင်းလင်းစွာဖော်ပြထားပါသည်။ တစ်ဦးတစ်ယောက်၏ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို လူ့ အခွင့်အရေးတရပ်အဖြစ် တရားဝင်အသုံးပြုရန်ဟုဆိုသော တောင်းဆိုမှုကို  အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအောက်တွင် အမျိုးသမီးများနှင့် မိန်းမငယ်လေးများ၏ သို့မဟုတ် ထိုကိစ္စအတွက် မည်သူ့ကိုမဆို၏ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းအတွက် အကြောင်းပြချက်အဖြစ် အသုံးမပြုနိုင်ပါ။

### *ပစ်ချွန်နှင့်ဆဂျွက်အမှု ပြင်သစ်* (PICHON AND SAJOUS V. FRANCE)

ပစ်ချွန်နှင့်ဆဂျွက်အမှု ပြင်သစ်အမှုတွင် ဥရောပလူ့အခွင့်အရေးတရားရုံး၏ ဆုံးဖြတ်ချက်သည် ဤအကြောင်းအရာတွင် အထင်ကရအမှုတစ်ခုဖြစ်သည်။[91] လျှောက်ထားသူ ဆေးဝါးကျွမ်းကျင်သူနှစ်ဦးသည် ဥပဒေနှင့်လျော်ညီစွာ ညွှန်ကြားထားသည့် ပဋိသန္ဓေတားဆေးများကို ရောင်းချရန် ငြင်းဆိုခဲ့သည့်အကြောင်းအရင်းမှာ သူတို့၏ငြင်းဆိုမှုသည် ဥရောပလူ့အခွင့်အရေးညီလာခံ အပိုဒ် ၉ အရ အကာကွယ်ပေးထားသည့် သူတို့၏ ဘာသာရေးလွတ်လပ်ခွင့်၏ တရားဝင်ဖြစ်သော လုပ်ဆောင်မှုနှင့်အညီ ဖြစ်သည်ဆိုသည့်အချက် ဖြစ်သည်။ ရလာဒ်အားဖြင့် ဆေးကုသမှုဆိုင်ရာအရ ညွှန်ကြားထားသည့် ပဋိသန္ဓေတားပစ္စည်းများကို ရောင်းချရန် ငြင်းဆိုမှုအတွက် ထိုသူနှစ်ဦးသည် ပထမအကြိမ်ကြားနာမှုမှာပင် အပြစ်ရှိကြောင်း တွေ့ခဲ့ရသည်။ ထိုဆုံးဖြတ်ချက်ကို အယူခံဝင်ရာတွင် အတည်ပြုခြင်းခံရပြီး ပြင်သစ်၏ နောက်ဆုံးအယူခံတရားရုံးများအနက်မှ တစ်ခုဖြစ်သည့် Court of Cassation ထံ တင်သွင်းသည့် သူတို့၏နောက်ဆုံး ပြည်တွင်းအယူခံသည်လည်း ပယ်ချခံခဲ့ရသည်။ ပြည်တွင်းတရားစီရင်ရေးမှ အတည်ပြုသည်မှာ ဤအမှုအခြေအနေတွင် လျှောက်ထားသူတို့၏ ဘာသာရေးယုံကြည်ချက်သည် ဥပဒေနှင့်အညီ ညွှန်ကြားထားသည့် ပဋိသန္ဓေတားဆေးများကို ထုတ်ပေးရန်ငြင်းဆိုမှုအတွက် ခိုင်လုံသောအကြောင်းပြချက် မဖြစ်ပါ။ လျှောက်ထားသူတို့သည် ဥရောပလူ့အခွင့်အရေးတရားရုံးထံသို့ လျှောက်လွှာတစ်စောင်တင်ကန့်ကွက်ရာတွင် ဥရောပလူ့အခွင့်အရေးညီလာခံ အပိုဒ် ၉ အရ ပြည်တွင်းတရားရုံးများသည် သူတို့၏ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ဥပက္ခာပြုခဲ့သည်ဟု တိုင်တန်းထားပါသည်။ ထိုလျှောက်လွှာကို လက်မခံနိုင်ကြောင်း ကြေညာချက်တွင် တရားရုံးမှ စွဲကိုင်ထားသည်မှာ လျှောက်ထားသူများ၏ ပဋိသန္ဓေတားဆေးပြားများ ရောင်းချရန် ငြင်းဆိုမှုသည် အပိုဒ် ၉၏ ကာကွယ်မှုအောက်တွင် ရှိမနေပါဆိုသည့်အချက်ဖြစ်သည်။ တရားရုံးမှအတည်ပြုသည်မှာ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည် အများပြည်သူအပေါ်တွင် တစ်ဦးတစ်ယောက်၏ ယုံကြည်ချက်အတိုင်း ပြုမူခွင့်ကို သေချာပေါက်အာမခံပေးသည်မဟုတ် ဆိုသည့်အချက်ဖြစ်သည်။ လျှောက်ထားသူများသည် သူတို့၏ ဘာသာရေးယုံကြည်မှုကို ဦးစားမပေးနိုင်ပါ။ သူတို့သည် သူတို့၏သက်ဝင်ယုံကြည်မှုကို အသက်မွေးဝမ်းကြောင်း လုပ်ငန်းနယ်ပယ် အပြင်ဘက်အထိ နည်းလမ်းပေါင်းစုံဖြင့် ပြသနိုင်သည်ဆိုသည့်အတွက် သူတို့၏ ထိုပစ္စည်းများကို ရောင်းချရန် ငြင်းဆိုမှုအတွက် ဘာသာရေးယုံကြည်မှုကို မှန်ကန်ကြောင်း အကြောင်းပြချက်အဖြစ်သုံးပြီး အခြားသူများပေါ်တွင် အခွင့်အရေးမယူသင့်ပါ။

ICCPR ၏ အပိုဒ် ၁၈ အပါအဝင် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု ဆိုင်ရာလွတ်လပ်ခွင့်ကို အာမခံပေးသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်စာတမ်းများ၏ ပြဋ္ဌာန်းချက်များသည် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုဆိုင်ရာအလေ့အထတွင် အမျိုးသမီးများ၏ အမျိုးသားများနှင့် တန်းတူညီမျှမှုကို တိတိကျကျ သို့မဟုတ် သေသေချာချာဖော်ပြမထားပါ။ ထိုနည်းတူစွာပင် အဓိကအားဖြင့် CEDAW တွင် ထိန်းသိမ်းထားသည့်အချက်များအပါအဝင် အမျိုးသမီးများ၏ တန်းတူညီမျှမှုကို အာမခံပေးကာကွယ်ပေးသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ပြဋ္ဌာန်းချက်များတွင် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို တိတိကျကျမဖော်ပြထားပါ။ သို့သော် အဓိကအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းတိုင်းသည် ခွဲခြားမှုမရှိသည့်ဆက်ဆံခြင်း အခြေခံမူနှင့် ခွဲခြားဆက်ဆံမှုမရှိပဲ ကျောသားရင်သားမခွဲခြားသောဥပဒေနှင့် တရားဥပဒေ၏ရှေ့မှောက်တွင် တန်းတူညီမျှမှုရှိခွင့်တို့ကို အခိုင်အမာအတည်ပြုထားပြီး ကျား/မ သို့မဟုတ် ကိုးကွယ်သည့်ဘာသာ အခြေခံပေါ်တွင် ခွဲခြားဆက်ဆံမှုကို တားမြစ်သည့် ပြဋ္ဌာန်းချက်များပါဝင်ပါသည်။ ထိုအချက်များတွင် ဥပမာအားဖြင့် ICCPR ၏ အပိုဒ် ၁(၁) နှင့် ၃ နှင့် ICESCR ၏ အပိုဒ် ၂(၂)နှင့် ၃ တို့ပါဝင်ပါသည်။ ကျား/မ နှင့် ကိုးကွယ်သည့် ဘာသာ အခြေခံနှစ်ခုစလုံးပေါ်တွင် မခွဲခြားပဲ ဆက်ဆံခြင်းသည် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့်ဆက်စပ်နေသည့် လူ့အခွင့်အရေးပြဋ္ဌာန်းချက်များထဲတွင် သေချာပေါက်ရေးသား ဖော်ပြထားရမည် ဖြစ်သည်။

ICCPR ၏ အပိုဒ် ၃ ရှိ သီးခြားရပ်တည်နေသည့် ကျား/မအခြေခံပေါ်တွင် ခွဲခြားမှုမရှိသည့် ဆက်ဆံခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ (တနည်းအားဖြင့် "လက်ရှိပဋိညာဉ်စာချုပ်၏ အဖွဲ့ဝင်နိုင်ငံများသည် လက်ရှိပဋိညာဉ်စာချုပ် အရှေ့မှာတည်ရှိသည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ အားလုံးကို ရရှိခံစားရာတွင် အမျိုးသားများနှင့် အမျိုးသမီးများ၏ တန်းတူညီသောအခွင့်အရေးကို သေချာစေရန် တာဝန်ရှိသည်။") လူ့အခွင့်အရေးကော်မတီ၏ အထွေထွေမှတ်ချက် အပိုဒ် ၂၈ တွင် အလေးပေးဖော်ပြထားသည်မှာ "လူသားအားလုံးသည် ပဋိညာဉ်စာချုပ်ထဲတွင် ပေးအပ်ထားသည့် အခွင့်အရေးများကို တူညီသောအခြေခံဖြင့်လည်းကောင်း၊ လူသားတရပ်လုံးအားဖြင့်လည်းကောင်း[...]ရရှိခံစားသင့်သည်။ နိုင်ငံများသည် ပဋိညာဉ်စာချုပ်ထဲတွင် ပေးအပ်ထားသည့် အခွင့်အရေးများအားလုံးကို အမျိုးသားများနှင့် အမျိုးသမီးများတူညီစွာ ရရှိခံစားမှုကိုသေချာအောင် ဆောင်ရွက်သင့်သည်။"[92] ကော်မတီမှ ဆက်လက်အခိုင်အမာပြောဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံများသည် ပြည်သူ့ရေးရာ (သို့) ပုဂ္ဂလိကရေးရာကဏ္ဍများတွင်ဖြစ်စေ၊ အရေးပေါ်ပဋိပက္ခဖြစ်နေသည့် အနေအထားများတွင်ဖြစ်စေ လူတိုင်းပဋိညာဉ်စာချုပ်ပါ အခွင့်အရေးများကို တူညီစွာရရှိခံစားမှုကို သေချာစေရန် "လိုအပ်သောအဆင့်များအားလုံး"ကို လုပ်ဆောင်ရမည်။ ကော်မတီသည် ထိုကိစ္စတွင် အစိုးရပညာရေးကို အမျိုးသမီးများ၏အခန်းကဏ္ဍကဲ့သို့၊ အမျိုးသမီးများကို လုပ်ပိုင်ခွင့်အပ်နှင်းခြင်း၊ ပြည်တွင်းဥပဒေ ပြဋ္ဌာန်းမှု အပြောင်းအလဲများနှင့် ထိုဥပဒေတို့၏ ထိရောက်မှုကို စောင့်ကြည့်ခြင်းနှင့် အစိုးရအရာရှိများအတွက် လူ့အခွင့်အရေးသင်တန်းများပါဝင်သည့် ကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်မှုများလည်းအပါအဝင် အပြုသဘောဆောင်သော ဆောင်ရွက်မှုများလိုအပ်လိမ့်မည်ကို အသိအမှတ်ပြုသည်။[93]

ထို့အပြင် ICCPR ၏ အပိုဒ် ၅တွင် ဖော်ပြထားသည်မှာ ဤပဋိညာဉ်ထဲတွင် မည်သည့်အချက်ကိုမျှ "နိုင်ငံတော်၊ လူတစု (သို့) လူတစ်ဦးအတွက် ဤပဋိညာဉ်တွင် အသိအမှတ်ပြု ထားသည့် အခွင့်အရေး (သို့) လွတ်လပ်ခွင့်တခုခု ပျက်စီးရာပျက်စီးကြောင်းဆီကို သို့မဟုတ် သူတို့၏ကန့်သတ်ချက်ကို လက်ရှိပဋိညာဉ်စာချုပ်တွင် ပေးအပ်ထားသည်ထက် အတိုင်းအတာများစွာ ကျော်လွန်မှုကို ရည်ရွယ်သည့် လှုပ်ရှားမှုတစ်ခုခုတွင် ချိတ်ဆက်ခွင့် သို့မဟုတ် လုပ်ရပ်တစ်ခုခုကို ပြုလုပ်ခွင့်ကို ညွှန်းဆိုမှုအဖြစ် အဓိပ္ပါယ်ကောက်ယူနိုင်သည်" မဟုတ်ပါ။

အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည် အမျိုးသမီးများ၏ လူ့အခွင့်အရေးများ ရရှိခံစားမှုကို ဟန့်တားရန် နိုင်ငံများ၏ကျိုးကြောင်းရှင်းလင်းချက်အဖြစ် မကြာခဏမှီငြမ်းခြင်းခံရသည်ကို အသိအမှတ်ပြုသောကြောင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ တောင်းဆိုခဲ့သည်မှာ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူသည် အတင်းအချက်အလက်စုဆောင်းခြင်းနှင့် အကြံပြုချက်များတွင်လည်းကောင်း၊ အစီရင်ခံစာတင်သွင်းသည့် လုပ်ငန်းစဉ်တွင် ကျား/မရေးရာသီးသန့် အလွဲသုံးစားပြုမှုများကိုဖော်ထုတ်ခြင်းဖြင့်လည်းကောင်း သူ၏လုပ်ပိုင်ခွင့်ကို ထမ်းဆောင်ရာတွင် ကျား/မရေးရ အမြင်ကို ကျင့်သုံးရန်ဖြစ်သည်။[94]

[89] အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ဖျက်သိမ်းရေးကော်မတီ၏ ၈၈ ပူးတွဲ အထွေထွေအကြံပြုချက် အမှတ် ၃၁/ထိခိုက်နစ်နာစေသော အလေ့အထများဆိုရာ ကလေးသူငယ်အခွင့်ရေးကော်မတီ၏ အထွေထွေမှတ်ချက် အမှတ်၁၈၊ U.N. Doc. CEDAW/C/GC/31-CRC/C/GC/18၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၄ရက်။

[90] အထက်ပါအတိုင်း၊ စာမျက်နှာ ၆။

[91] ပစ်ချွန်နှင့် ဆဂ္ဂျက် အမှု၊ ပြင်သစ်၊ လူ့အခွင့်အရေးဆိုင်ရာ ဥရောပတရားရုံး၊ Appl. No. 49853/99, decision, 02/10/2001.



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

ဤကိစ္စတွင် ၂၀၀၉ ခုနှစ်၌ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူသည် "အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) ယုံကြည်မှုဆိုင်ရာလွတ်လပ်ခွင့်နှင့် ဘာသာတရားနှင့် ရိုးရာအစဉ်အလာများအရ အမျိုးသမီးများ၏အဆင့်အတန်း" အပေါ်တွင် အသေးစိတ်အစီရင်ခံစာကို ပြင်ဆင်ခဲ့ပါသည်။[95] ထိုအစီရင်ခံစာသည် တခါတရံတွင် ဘာသာရေး၏အမည်အောက်တွင် သို့မဟုတ် သူတို့၏ဘာသာရေးဆိုင်ရာလူအဖွဲ့အစည်းအတွင်းတွင် အမျိုးသမီးများရာစုနှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး ဆက်လက်၍လည်း ခံစားနေရသည့် ခွဲခြားဆက်ဆံသော အလေ့အထများကို မီးမောင်းထိုးပြခဲ့ပြီး ကျား/မရေးရာအခြေခံပေါ်တွင် ခွဲခြားဆက်ဆံခြင်းကို မှန်ကန်ကြောင်းရှင်းပြရာတွင် အသုံးပြုလေ့ရှိသည့် လက်မခံနိုင်စရာ သက်ဝင်ယုံကြည်မှုများထက် အမျိုးသမီးများ၏ အခွင့်အရေးများကို ဦးစားပေးရန် တောင်းဆိုမှုသည် မကြားဝံ့မနာသာသောကိစ္စ မဟုတ်တော့သည်ကို တိုက်တွန်းခဲ့သည်။[96]

ထိုနည်းတူစွာပင် ၂၀၁၃ ခုနှစ်တွင် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူသည် "ကိုးကွယ်သည့်ဘာသာနှင့် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်နှင့် အမျိုးသားများနှင့် အမျိုးသမီးများအကြား တန်းတူညီမျှမှု"[97] အစီရင်ခံစာကို ပြင်ဆင်ခဲ့ပါသည်။ ထိုအစီရင်ခံစာက "အကျဉ်းချုပ်အားဖြင့် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် အမျိုးသားများနှင့် အမျိုးသမီးများအကြား တန်းတူညီမျှမှုအကြားရှိ ဆက်ဆံရေး၏ ရန်မူလိုသောတည်ဆောက်မှုသည် လူ့အခွင့်အရေး၏ ကိုးကွယ်သည့်ဘာသာနှင့် သက်ဝင်ယုံကြည်မှုလွတ်လပ်ခွင့် သဘောသဘာဝကို နားလည်မှုလွဲမှားခြင်းအပေါ်တွင် မကြာခဏအခြေခံပါသည်။"ဟု မှတ်ချက်ပြုခဲ့ပြီး လူ့အခွင့်ရေးတစ်ရပ်အနေဖြင့် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည် ကိုးကွယ်သည့်ဘာသာများကို ပင်ကိုယ်အားဖြင့် ကာကွယ်မှုမပေးပါ သို့သော် "တစ်ဦးချင်းစီအနေဖြင့်လည်းကောင်း၊ အခြားသူများနှင့် စုဖွဲ့၍လည်းကောင်း လူသားများ၏ လုပ်ပိုင်ခွင့်အာဏာပေးအပ်မှု" ကို ရည်ရွယ်သည်ကို နားလည်ရန် လိုအပ်သည်ဟု မီးမောင်းထိုးပြခဲ့သည်။ "လုပ်ပိုင်ခွင့်အပ်နှင်းမှု" အခြေခံမှုအပေါ်တွင် မူတည်၍ "ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် အမျိုးသားများနှင့် အမျိုးသမီးများအကြား တန်းတူညီမျှမှု အကြားရှိ ရှုပ်ထွေးသောအားပြိုင်မှုကို လုံးဝဥသုံနားလည်သဘောပေါက်မှု ဖြစ်ပေါ်လာရန်နှင့် ခုခံကာကွယ်ရန်"မှာ ဖြစ်နိုင်ခြေရှိပါသည်။

## မ လိင်တူဆက်ဆံသူ၊ ကျား လိင်တူဆက်ဆံသူ၊ လိင်တူလိင်ကွဲနှစ်မျိုးစလုံးကို ဆက်ဆံသူ၊ ကျား/မလက္ခဏာ ပြောင်းလဲထားသူများ

အချို့သောဘာသာရေးဆိုင်ရာ သွန်သင်မှုများသည် လိင်တူချင်း လိင်ဆက်ဆံမှုဆိုင်ရာ ပတ်သက်မှု၏ မကောင်းမှုဒုစရိုက်ကို အတိအလင်းကြေငြာပြီး အချို့ကဘာသာရေးဆိုင်ရာ ရှု့ထောင့်များအပေါ်တွင် အခြေခံ၍ လိင်တူချင်း လိင်ဆက်ဆံသည့်ကိစ္စသာမဟုတ် မ လိင်တူဆက်ဆံသူ၊ ကျား လိင်တူဆက်ဆံသူ၊ လိင်တူလိင်ကွဲနှစ်မျိုးစလုံးကို ဆက်ဆံသူ၊ ကျား/မလက္ခဏာ ပြောင်းလဲထားသူများကိုယ်တိုင်က ပြစ်တင်ဝေဖန်ရှုတ်ချရန် ထိုက်တန်သည်ဟု အခိုင်အမာဆိုသည်ကို ထောက်ဆလျှင် ခွဲခြားဆက်ဆံမှုမှ ကင်းလွတ်ခွင့်နှင့် တစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို ဖော်ထုတ်ပြသခွင့်တို့အကြား အငြင်းပွားမှုသည် ရှောင်လွှဲ၍မရနိုင်ပါ။[98]

တစ်ဦးချင်းစီအနေဖြင့်၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအနေဖြင့် (သို့) ပညာရေး၊ အလုပ်အကိုင်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်ထောင်ဖက်နှင့် လက်ထပ်ထိမ်းမြားမှု စသည်တို့နှင့် ဆက်စပ်နေသူများအပါအဝင် အမျိုးမျိုးသော အလုပ်အကိုင်များမှ အစိုးရအမှုထမ်းများအနေဖြင့် လိင်တူဆက်ဆံမှုကို ဘာသာတရားအရင်းခံသည့် မနှစ်မြို့ခြင်းကို အများရှေ့မှောက်တွင်ဖြစ်စေ၊ တစ်ဦးချင်းစီတွင်ဖြစ်စေ ဖော်ထုတ်ပြသနိုင်သည်။ ဤအမျိုးမျိုးသော အကြောင်းအရာများမှ ဥပမာများသည် ခွဲခြားမှုမရှိသည့် ဆက်ဆံခြင်းအခြေခံမှုသည် LGBT တစ်ဦးချင်းစီအတွက် ဆီလျော်သည့်အခြေအနေများ၏ ကွဲပြားမှုကို ထင်ရှားစေသည်။[99]

[92] လူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက် ၂၈၊ စာပိုဒ် ၂။

[93] အထက်ပါအတိုင်း, စာပိုဒ် ၄၊ ၇၊ ၈ နှင့် ၃၁။

[94] ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ, သန္နိဋ္ဌာန် "ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု အပေါ်အခြေခံသည့် အားလုံးသော မတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး"၊ U.N. Doc. A/HRC/RES/6/37/, ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၄ရက်။

[95] လူ့အခွင့်ရေးကော်မရှင် သန္နိဋ္ဌာန် ၂၀၀၁/၄၂ အရ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Abdelfattah Amor တင်သွင်းသည့် အစီရင်ခံစာ၊ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် ဘာသာတရားနှင့် ရိုးရာအစဉ်အလာများအရ အမျိုးသမီးများ၏ အဆင့်အတန်း ဖြည့်စွက်လေ့လာချက်၊ U.N. Doc. E/CN.4/2002/73/Add.2, ၂၀၀၉ခုနှစ် ဧပြီလ ၂၄ရက်။

[96] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးအစီရင်ခံစာ တင်သွင်းသူ၏ ကြားဖြတ်အစီရင်ခံစာ၊ U.N. Doc.A/68/290၊ ၂၀၁၃ခုနှစ် ဩဂုတ်လ ၇ ရက်။

သို့သော် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံချိန်စံညွှန်းများသည် လိင်စိတ်တိမ်းညွှတ်မှုနှင့် ကျား/မကိုယ်ပိုင်လက္ခဏာ အခြေခံပေါ်တွင် ခွဲခြားဆက်ဆံမှုကို တားမြစ်သည်။ အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်း[100] လိင်စိတ်တိမ်းညွှတ်မှုနှင့် ကျား/မကိုယ်ပိုင်လက္ခဏာ (သို့) သွင်ပြင်အပါအဝင် ထိစပ်နေသော၊ ပေါင်းစပ်နေသော ခွဲခြားဆက်ဆံမှုပုံစံများသည် တစ်ဦးတစ်ယောက်၏ အမှန်တကယ် သို့မဟုတ် ယိုးစွပ်ခံရသည့် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှု ရပ်တည်ချက်အပေါ်တွင် ခွဲခြားဆက်ဆံမှု၏သဘာဝကို ပိုမိုဆိုးဝါးစေခြင်း သို့မဟုတ် တနည်းအားဖြင့် ဩဇာသက်ရောက်နိုင်စေပါသည်။ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများအောက်တွင် တစ်ဦးတစ်ယောက်၏ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို လူ့အခွင့်အရေးတစ်ရပ်အနေဖြင့် ကျင့်သုံးခြင်းကို LGBT တစ်ဦးချင်းစီအပေါ် ခွဲခြားဆက်ဆံမှု၏ ကျိုးကြောင်းဖြေရှင်းရန် အခြေခံအဖြစ် အသုံးချ၍မရနိုင်ပါ။

ဤအကြောင်းအရာတွင် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများ ကော်မတီသည် လိင်စိတ်တိမ်းညွှတ်မှု အခြေခံပေါ်တွင် ခွဲခြားဆက်ဆံခြင်းသည် ICESCR ၏ အပိုဒ် ၂(၂)နှင့် ၃[101] အားဖြင့် တားမြစ်ခံရသည်ကိုလည်း ညွှန်ပြခဲ့ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက ICCPR ၏ အပိုင်း ၂(၂) နှင့် ၂၆ ရှိ "လိင်" ဟူသော ဝေါဟာရတွင် လိင်စိတ်တိမ်းညွှတ်မှု[102] ပါဝင်သည်ဟု သဘောထားမှတ်ချက်ပြုခဲ့ပါသည်။ လူ့အခွင့်အရေးကော်မတီနှင့် စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများ ကော်မတီသည် ကျား/မကိုယ်ပိုင်လက္ခဏာ အခြေခံပေါ်တွင် ခွဲခြားဆက်ဆံမှုကိုလည်း အထူးတလည် ဖြေရှင်းခဲ့ပြီးဖြစ်သည်။[103]

## ဒုက္ခသည်များ

ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းသူများ၊ နိုင်ငံမဲ့များ၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများသည် အထူးသဖြင့် သူတို့၏အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ချိုးဖောက်မှုများ ခံရနိုင်သည့် အန္တရာယ်ရှိသူများတွင် ပါရှိပါသည်။[104]

ICCPR ကဲ့သို့သော အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို အာမခံပေးထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်စာတမ်းများသည် ဤလွတ်လပ်ခွင့်အား အသုံးချမှု (သို့) အကျိုးခံစားမှုကို နိုင်ငံသားများအတွက်သာ ကန့်သတ်ထားသည်မဟုတ်ပါ။ အမှန်တကယ်အားဖြင့် ယေဘုယျအခြေခံ သဘောတရားအရ အထူးအမျိုးအစားများတွင်သာ အတိအကျကျင့်သုံးသည့် အရေအတွက်ကန့်သတ်ထားသော ပြဋ္ဌာန်းချက်များမှအပ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအောက်တွင် နိုင်ငံများ၏ လူတစ်ဦးချင်းစီအတွက် တာဝန်ဝတ္တရားသည် အဆင့်အတန်းတခုခု သို့မဟုတ် ထိုသူများ၏အဆင့်အတန်းကို ပြည်တွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်တွင် အသိအမှတ်ပြုမှုအပေါ်တွင် မူတည်မနေပါ။[105]

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအောက်တွင် "လူတိုင်းသည် နှိပ်စက်ညှဉ်းပန်းမှုများမှသည် အခြားသောနိုင်ငံများတွင် ခိုလှုံခွင့်ကို တောင်းခံခွင့်နှင့် ခံစားခွင့်ရှိသည်။"[106] ဒုက္ခသည်ဥပဒေသည် ဘာသာရေးအပေါ်အခြေခံသည့် ဒုက္ခသည်အဖြစ်တောင်းဆိုခွင့်ကို အသိအမှတ်ပြုပြီး[107] အရာအားလုံးတန်းတူဆိုလျှင် ထိုအကြောင်းပြချက်များအတွက် နှိပ်စက်ညှဉ်းပန်းမှုများမှ အကြောင်းခိုင်လုံသော ကြောက်ရွံ့မှုကို ခံစားနေရသည့်သူများကို ဒုက္ခသည်များအဖြစ် အပြည်ပြည်ဆိုင်ရာ၏ အကာအကွယ်ပေးခြင်းကို ခံစားခွင့်ပေးသည်။[108] ထို့အပြင် ဒုက္ခသည်ဥပဒေအောက်တွင် ဒုက္ခသည်များသည် သူတို့ခိုလှုံခွင့်တောင်းခံသည့် နိုင်ငံများတွင် တိကျသောအခွင့်အရေးများရှိသည်။ ဒုက္ခသည်ညီလာခံ အပိုဒ် ၄ တွင် ပေးအပ်သည်မှာ "နိုင်ငံများသည် မိမိနိုင်ငံနယ်နိမိတ်အတွင်းရှိ ဒုက္ခသည်များကို သူတို့၏ ကိုးကွယ်သည့်ဘာသာကို လွတ်လပ်စွာကျင့်ကြံခွင့်နှင့် စပ်လျဉ်း၍လည်းကောင်း၊ သူတို့၏

[97] အားလုံးသော ကိုးကွယ်သည့်ဘာသာရေးဆိုင်ရာ မတူကွဲပြားခြင်းကို မလိုလားသောပုံစံများ ဖျက်သိမ်းရေးအစီရင်ခံစာ (အမျိုးသားများနှင့် အမျိုးသမီးများအကြားရှိ တန်းတူညီမျှမှုနှင့် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်) (၂၀၀၃ ဩဂုတ်)၊ ကောက်ချက်များနှင့် အကြံပြုချက်များ၊ စာပိုဒ် ၁၉-၂၂၊ ကြည့်ရန်https://www.ohchr.org/Documents/Issues/Religion/A.68.290.pdf.

[98] ဥပမာ - "UNIBAM" ၏ လိင်တူချစ်သူ အခွင့်အရေးများကြိုးပမ်းခြင်းကို ဆန့်ကျင်သည့် ဘုရားကျောင်းများ ကောင်စီ'၊ Channel 5 Belize (၂၀၁၁ မေ ၁၈)၊ edition.channel5belize.com/archive/54599 တွင်၊ Kapya Kaoma၊ ' ယူအက်စ်၏ ခရစ်ယာန်အခွင့်အရေးနှင့် အာဖရိကရှိ လိင်တူဆက်ဆံသူများကို တိုက်ခိုက်မှု ' (၀၉ ဆောင်းတွင်း/ ၁၀ နွေဦး)၊ The Public Eye မဂ္ဂဇင်း; Kapya Kaoma ၏ ယဉ်ကျေးမှုစစ်ပွဲ ကမ္ဘာလုံးဆိုင်ရာပျံ့နှံ့မှု: ယူအက်စ်ရှေးရိုးစွဲများ၊ အာဖရိကန်ဘုရားကျောင်းများနှင့် လိင်တူဆက်ဆံသူများကို အကြောင်းမဲ့မုန်းတီးမှု၊ (နိုင်ငံရေးဆိုင်ရာသုတေသနတွဲဖက်များ ၂၀၀၉) ကို ယေဘုယျကြည့်ရန်။)

[99] သာဓကဖြစ်စဉ်များအဖြစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် "SOGI မှတ်တမ်း အခန်း ၁၀၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် မခွဲခြားပဲဆက်ဆံခြင်း"ကို ကြည့်ရန်။ https://www.icj.org/sogi-casebook- introduction/chapter-ten-freedom-of-religion-and-non-discrimination/ တွင် ရယူရန်။ Dr.Alice Donald နှင့် Dr.Erica Howard၊ "ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

ကလေးငယ်များ၏ ဘာသာရေးဆိုင်ရာ သင်ကြားမှုများနှင့်ပတ်သတ်သော လွတ်လပ်ခွင့်ကိုလည်းကောင်း ပေးအပ်ရာတွင် မိမိ၏ နိုင်ငံသားများကို ပေးအပ်သကဲ့သို့ အနည်းဆုံးတတ်နိုင်သမျှ အလေးပေးဆက်ဆံသင့်မှု ပြုသင့်သည်။" ထို့အပြင် ဒုက္ခသည်ညီလာခံ အပိုဒ် ၃တွင် အာမခံသည်မှာ "နိုင်ငံများသည် သူတို့၏ပြဋ္ဌာန်းချက်များကို ဒုက္ခသည်များအပေါ်တွင် လူမျိုး၊ ဘာသာရေး (သို့) ဇာတိနိုင်ငံတို့အရ ခွဲခြားဆက်ဆံမှုမပြုပဲ ကျင့်သုံးသင့်သည်။" နောက်ဆုံးအနေဖြင့် ဒုက္ခသည်ညီလာခံ အပိုဒ် ၃၃(၁)တွင် အာမခံထားသည်မှာ "စာချုပ်ချုပ်ဆိုထားသော မည်သည့်နိုင်ငံမျှ ဒုက္ခသည်တစ်ဦးကို မည်သည့်ဒုက္ခသည် အမျိုးအစားတွင်ဖြစ်စေ သူ၏လူမျိုး၊ ဘာသာ၊ နိုင်ငံသား၊ လူမှုအဖွဲ့ သို့မဟုတ် နိုင်ငံရေးအယူအဆ တစ်ခုခု၏အဖွဲ့ဝင် စသည့် အကြောင်းကြောင့် သူ၏အသက် သို့မဟုတ် လွတ်လပ်ခွင့်ကို ခြိမ်းခြောက်ခံရနိုင်ဖွယ်ရှိသည့် ထိုနိုင်ငံ၏ နယ်နမိတ်အစွန်အဖျား ဒေသများသို့ နှင်ထုတ် သို့မဟုတ် ပြန်ပို့ခြင်း မပြုသင့်ပါ။"

## ကိုးကွယ်သည့်ဘာသာနှင့် သက်ဝင်ယုံကြည်မှုအရ လူနည်းစုများ

ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူမှ အဆိုရှိသည်မှာ ဘာသာရေးအရ လူနည်းစုများသည် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ကို ချိုးဖောက်မှုများနှင့် အခြားသောဘာသာရေးဆိုင်ရာ မတူကွဲပြားခြင်းကို မလိုလားသောလုပ်ရပ်များ၏ အဓိကသားကောင်များ ဖြစ်နေပါသည်။[109] ကိုးကွယ်သည့်ဘာသနှင့် သက်ဝင်ယုံကြည်မှုအရ လူနည်းစုဖြစ်နေသူများသည် တရားဝင်မှတ်ပုံတင်မှု လုပ်ငန်းစဉ်အရဖြစ်စေ၊ ဘာသာရေးစာပေသင်ကြားမှု၊ ဘာသာရေးဆိုင်ရာပစ္စည်းများကို ဖြန့်ဖြူးမှု၊ ဘာသာရေးသင်္ကေတများကို ဖော်ပြခြင်းတို့နှင့် စပ်လျဉ်း၍ သက်တမ်းမရှိသော ကန့်သတ်မှုများအရဖြစ်စေ အမျိုးမျိုးသော ခွဲခြားဆက်ဆံမှုပုံစံများကို ရင်ဆိုင်ရပါသည်။ အချို့သောဘာသာရေးအရ လူနည်းစုများသည် အစိုးရမဟုတ်သည့်သူများ (non-State actors) ကျူးလွန်သည့်မတူကွဲပြားခြင်းကို မလိုလားမှု၊ ခြိမ်းခြောက်မှုများ (သို့) အကြမ်းဖက်သောလုပ်ရပ်များကြောင့် ဆိုးဆိုးဝါးဝါးလည်းခံစားရပြီး အများအားဖြင့် သက်ဆိုင်ရာအစိုးရအာဏာပိုင်များက အဆိုပါအခြေအနေများကို အားပေးအားမြှောက်ပြုခြင်း သို့မဟုတ် သည်းခံလျက်ရှိသည့် အခြေအနေများ ကြုံတွေ့ရတတ်ပါသည်။[110]

ထို့အပြင် ဘာသာရေးအရလူနည်းစုများသည် "ထုံးစံမဟုတ်သော သို့မဟုတ် အသစ်ဖြစ်သောဘာသာဟုခေါ်သော" အုပ်စုများနောက်ကိုလိုက်သောအခါ ဤအုပ်စုဝင်များသည် သံသယဖြစ်ဖွယ်ရာပုဂ္ဂိုလ်များ ဖြစ်လာနိုင်ပြီး အကျိုးဆက်အားဖြင့် သူတို့၏ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည် ကြီးစွာသောကန့်သတ်မှုများ ခံစားရနိုင်ပါသည်။[111]

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများအောက်တွင်[112] နိုင်ငံများ၌ လူနည်းစုတို့၏ အခွင့်အရေးဖြစ်သည့် ကိုးကွယ်သည့်ဘာသာအယူဝါဒနှင့် ဘာသာအယူဝါဒကို ကျင့်ကြံမှုလွတ်လပ်ခွင့်ကို အာမခံပေးရန် ဝတ္တရားတစ်ခုရှိသည်။ နိုင်ငံတော်အစိုးရသည် ဘာသာရေးအရ လူနည်းစုများကိုဆန့်ကျင်၍ အစိုးရနှင့်မသက်ဆိုင်သူများမှ ကျူးလွန်သည့် မတော်မတရားမှုများမှ ကာကွယ်ရန် တာဝန်တစ်ရပ်ရှိသည်။ နိုင်ငံများသည် ဘာသာရေး ကိုယ်ပိုင်လက္ခဏာအပါအဝင် လူနည်းစုများ၏ ကိုယ်ပိုင်လက္ခဏာကို မြှင့်တင်ပေးသည့် အခြေအနေများ ဖန်တီးပေးရန်လည်း လိုအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများအောက်တွင် သူတို့၏ဝတ္တရားများကို ပြည့်မီရန်အတွက် နိုင်ငံများသည် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုအရ လူနည်းစုဝင်တို့၏ အခွင့်အရေးများအတွက် ကျယ်ပြန့်ပြီး အားလုံးပါဝင်

လွတ်လပ်ခွင့်နှင့် ယင်း၏ အခြားသောအခွင့်အရေးများနှင့် ထိစပ်နေမှု" တွင်လည်း ကြည့်ရန်။ ILGA-Eurpe ၏ သုတေသနစာတမ်းတစ်ခု၊ ၂၀၁၅ ဇန်နဝါရီ၊ https://www.ilgaeurope.org/sites/default/files/Attachments/the_right_to_freedom_of_religion_or_belief_and_its_intersection_with_other_rights__0.pdf တွင် ရယူရန်။

[100] "အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု အခြေခံပေါ်တွင် ခွဲခြားဆက်ဆံမှု" စာမျက်နှာ ၆ ကို ကြည့်ရန်။

[101] ၁၀၂ CESCR ၏ အထွေထွေမှတ်ချက် အမှတ်၁၄ (အမြင့်ဆုံးရယူနိုင်သော ကျန်းမာရေးစံချိန်စံညွှန်း ရပိုင်ခွင့်)၊ ၂၀၀၀၊ စာပိုဒ် ၁၂။ အထွေထွေမှတ်ချက်အမှတ် ၁၅(ရေ ရပိုင်ခွင့်)၊ ၂၀၀၂၊ စာပိုဒ် ၁၈။ အထွေထွေမှတ်ချက် အမှတ် ၁၈(အလုပ်လုပ်ပိုင်ခွင့်)၊ ၂၀၀၅၊ စာပိုဒ် ၁၂။ အထွေထွေမှတ်ချက်အမှတ် ၂၀ (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်ရေးများတွင် မခွဲခြားပဲဆက်ဆံခြင်း)၊ ၂၀၀၉၊ စာပိုဒ် ၃၂.၉ ကိုကြည့်ရန်။ ဥပမာအနေဖြင့် HRC ၏ အိုင်ယာလန်တွင် အဆုံးသတ်လေ့လာချက်များ (CCPR/C/IRL/Co/4)၊ စာပိုဒ် ၇ နှင့် HRC ၏ ယူကေတွင် အဆုံးသတ်လေ့လာချက်များ (CCPR/C/GBR/CO/6) စာပိုဒ် ၅ နှင့် CESCR အထွေထွေမှတ်ချက် အမှတ် ၂၀(နံပါတ် ၈)၊ စာပိုဒ် ၃၂ ကိုကြည့်ရန်။

[102] Tonnen v. ဩစတြေးလျ (၄၈၈/၁၉၉၂) CCPR/C/50/D/488/1992, 1-3 IHRR 97 (1997)၊ စာပိုဒ် ၈.၇။

[103] ဥပဒေအနေဖြင့် HRC ၏ အိုင်ယာလန်နှင့် ယူကေနိုင်ငံအပေါ်တွင် အဆုံးသတ်လေ့လာချက်များ (CCPR/C/GBR/CO/6) စာပိုဒ် ၅ နှင့် CESCR အထွေထွေမှတ်ချက် အမှတ် ၂၀(နံပါတ် ၈)၊ စာပိုဒ် ၃၂ ကိုကြည့်ရန်။

သော အဓိပ္ပါယ်ရှင်းလင်းချက်ကို လက်ခံရမည်။ ဤတွင် လူနည်းစုဝင်များ၊ အမြင်မတူသူ တစ်ဦးချင်းစီ၊ လူနည်းစုများအတွင်းရှိ လူနည်းစုများ၊ ဘုရားမဲ့ဝါဒီ (သို့) ကခ်ါဝါဒီ၊ ဘာသာအယူဝါဒကူးပြောင်းသူ (သို့) ဘာသာရေးဆက်နွယ်မှု မရှင်းလင်းသူ စသည့် တစ်ဦးချင်းစီ (သို့) အုပ်စုလိုက်သောသူများ၏ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ကို ထည့်သွင်းစဉ်းစားမှု ပါဝင်ပါသည်။[113]

## အခြားသောလူ့အခွင့်ရေးများနှင့် ဆက်နွယ်မှု

အတွေးအခေါ်၊ ဆင်ခြင်တုံတရားနှင့် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည် တခါတရံအခြားသောလူ့အခွင့်အရေးများနှင့် အားပြိုင်မှုဖြစ်စေသည်ကို လေ့လာမိသည်။ စင်စစ်အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့်နီးကပ်စွာ အပြန်အလှန်ဆက်နွယ်နေသည့် အခွင့်ရေး တစ်ခုဖြစ်သည့် လွတ်လပ်စွာ ဖော်ထုတ်ပြသခွင့်ကဲ့သို့သော အခြားသောအခွင့်အရေးများနှင့် အငြင်းပွားမှုဖြစ်လာနိုင်သည်။ သို့ သော် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာတင်သွင်းသူ၏ မှတ်ချက်အရ ထိုအခွင့်အရေးနှစ်ခုစလုံးသည် "အခြားသောလွတ်လပ်ခွင့် အခွင့်အရေးများနှင့်ပေါင်းစပ်နေသော လွတ်လပ်သော၊ ဒီမိုကရေစီဝါဒကို အခြေခံသော လူ့ဘောင်အဖွဲ့အစည်း၏ ရှင်သန်မှု" [114] ကို ပံ့ပိုးပေးပြီး အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့် ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် အခြားသောလူ့အခွင့်အရေးများအကြားရှိ သတိမူမိသည့် မည်သည့်အားပြိုင်မှုမဆို များသောအားဖြင့် "ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်သည် ကိုးကွယ်သည့်ဘာသာများကို ပင်ကိုယ်အားဖြင့် ကာကွယ်မှုပေးသည်ဆိုသည့် နားလည်မှုလွဲမှားမှု" [115] အပေါ်တွင် ထုံးစံအတိုင်း အခြေခံပါသည်။ သို့သော် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမူဘောင်သည် လူသားတစ်ဦးချင်းစီ၏ လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်နှင့် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်တို့ကို အာမခံပေးပြီး ဤကိစ္စတွင် သတ်မှတ်ထားသည့် သက်ဝင်ယုံကြည်မှုတခုခုသို့ ဘာသာရေးစနစ် (သို့) တိကျသော ဖော်ထုတ်ပြောဆိုမှုတစ်ခုခု၏ ကြီးစိုးမှုကို အာမခံခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

[104] ဥပမာအနေဖြင့် ၎င်း၏ "ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုအပေါ် အခြေခံသည့် အားလုံးသော မတူကွဲပြားခြင်းကို မလိုလားမှုနှင့် ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေး" သန္နိဋ္ဌာန်တွင် ကုလသမဂ္ဂအထွေထွေညီလာခံသည် "သူတို့၏ အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို လွတ်လပ်စွာ အသုံးချနိုင်စွမ်းနှင့် ပတ်သက်ပြီး ဒုက္ခသည်၊ နိုင်ငံရေးခိုလှုံခွင့်တောင်းသူများနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ [...]၊ လူမျိုး သို့ လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာ လူနည်းစုများ၏ လူနည်းစုဝင်များ၊ ရွှေ့ပြောင်းနေထိုင်သူများ အပါအဝင် ထိခိုက်လွယ်သော အခြေအနေများတွင်ရှိသည့် လူများ၏အခြေအနေကို အလေးအနက် အသိအမှတ်ပြု" ခဲ့သည်၊ U.N. Doc. A/RES/65/211၊ ၂၀၁၁ ခုနှစ် မတ်လ ၃၀ရက်၊ စာပိုဒ် ၈။ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် ဆိုင်ရာ ကုလသမဂ္ဂအထူးအစီရင်ခံစာ တင်သွင်းသူ၏ ကြားဖြတ်အစီရင်ခံစာ၊ U.N. Doc.A/62/280၊ ၂၀၁၃ခုနှစ် ဩဂုတ်လ ၂၀ ရက်၊ စာမျက်နှာ ၃၈-၆၃ ကိုလည်း ကြည့်ရန်။

[105] သာဓကအားဖြင့် ICCPR က အာမခံထားသည့် အခွင့်အရေးများအားလုံးသည် ICCPR ၏ နိုင်ငံသားများကိုသာ အတိအကျ အာမခံပေးသည့် အပိုဒ် ၂၅ အောက်ရှိ တစ်ခုတည်းသော ခြွင်းချက်ဖြစ်သည့် အခွင့်အရေးများမှအပ လူတိုင်းအပေါ်တွင် အကျိုးသက်ရောက်မှုရှိပါသည်။ (ပြည်သူ့ဝန်ထမ်းဘဝကို ပါဝင်ခြင်း၊ ရွေးကောက်ပွဲများတွင် မဲပေးခြင်း၊ ပြည်သူ့ရေးရာဝန်ဆောင်မှုတွင် တာဝန်ထမ်းဆောင်ရန် လျှောက်ထားခြင်း)

[106] ဥပမာ UDHR ၏ အပိုဒ် ၁၄။

[107] အခြားအရာများအနက် the 1951 Convention ၏ အပိုဒ် ၁က(၂)အောက်ရှိ အပြည်ပြည်ဆိုင်ရာအကာအကွယ် - ဘာသာရေးအခြေခံသည့် ဒုက္ခသည်တောင်းဆိုမှုများအတွက် UNHCR ၏ လမ်းညွှန်ချက်များနှင့်/သို့ ဒုက္ခသည်အဆင့်အတန်းနှင့် ဆက်စပ်နေသည့် the 1967 Protocol၊ HCR/GIP/04/06၊ ၂၀၀၄ ဧပြီလ ၂၈ရက်။

[108] 1967 Protocol အရ ပြင်ဆင်ဖြည့်စွက်ထားသည့် ဒုက္ခသည်ဆိုင်ရာ သဘောတူညီချက်စာချုပ်၏ အပိုဒ် ၁က(၂)တွင် ထို သဘောတူစာချုပ်၏ ရည်ရွယ်ချက်များအတွက် ဒုက္ခသည်ဆိုသည့်စကားရပ်၏ အဓိပ္ပါယ်ကို တစ်ဦးတစ်ယောက်သည် အခြားအရာများထက် "လူမျိုး၊ ဘာသာ၊ နိုင်ငံသား၊ လူမှုအဖွဲ့ သို့မဟုတ် နိုင်ငံရေးအယူအဆတစ်ခုခု၏ အဖွဲ့ဝင်ဆိုသည့် အကြောင်းအရင်းအတွက် နှိပ်စက်ညှင်းပန်းခံရခြင်းမှ အကြောင်းခိုင်လုံသော ကြောက်ရွံ့မှုကို ပိုင်ဆိုင်ထားသူဖြစ်ပြီး သူ၏နိုင်ငံသားဖြစ်သည့် နိုင်ငံပြင်ပတွင်ရှိနေပြီး မစွမ်းသာဖြစ်နေသည်၊ သို့မဟုတ် ထိုကဲ့သို့သော ကြောက်ရွံ့မှုကို ပိုင်ဆိုင်ထားသူဖြစ်ပြီး သူ့ကိုယ်သူ ထိုနိုင်ငံ၏ ကာကွယ်ပေးမှုအခွင့်ရေးကို ယူရန်ဆန္ဒမရှိပါ၊ သို့မဟုတ် နိုင်ငံသားဖြစ်မှုမရှိပဲ ထိုကဲ့သို့သော နှိပ်စက်ညှင်းပန်းမှုများကြောင့် သူ၏ ယခင်နေမြဲနေထိုင်ရာမှ နိုင်ငံ၏ပြင်ပတွင် ရောက်ရှိသူဖြစ်ပြီး ယခင်နေရာသို့ ပြန်ရန်ဆန္ဒမရှိပါ။" ဟု ဖွင့်ဆိုသည်။

[109] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးအစီရင်ခံစာ တင်သွင်းသူ၏အစီရင်ခံစာ၊ U.N. Doc. A/61/340၊ ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၃ ရက်၊ စာမျက်နှာ ၄၉-၅၁။

[110] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးအစီရင်ခံစာ တင်သွင်းသူ၏ ကြားဖြတ်အစီရင်ခံစာ၊ U.N. Doc.A/64/159၊ ၂၀၀၉ ခုနှစ် ဇူလိုင်လ ၁၇ ရက်၊ စာမျက်နှာ ၂၉။

[111] ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂအထူးအစီရင်ခံစာ တင်သွင်းသူ၏အစီရင်ခံစာ၊ U.N. Doc. A/61/340၊ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၃ရက်၊ စာမျက်နှာ ၄၉-၅၁။



အတွေးအခေါ် ၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ သို့ မဟုတ် သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့် ဆိုင်ရာအခွင့်အရေး - မိတ်ဆက်

## လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ဖော်ထုတ်ပြောဆိုခွင့်

ICCPR ၏ အပိုဒ် ၁၉(၁)သည် လူတိုင်း၏ ထင်မြင်ယူဆမှုများကို စွက်ဖက်ခြင်းမရှိပဲ စွဲကိုင်ထားခွင့်ကို အာမခံပြီး အပိုဒ် ၁၉(၂) သည် မည်သည့်နယ်ပယ်များတွင်ဖြစ်စေ၊ နှုတ်စကားဖြင့်ဖြစ်စေ၊ လက်ရေး (သို့) ပုံနှိပ်စာမှုဖြင့်ဖြစ်စေ၊ အနုပညာပုံစံတခုခုဖြစ်စေ (သို့) တစ်ဦးဦး၏ရွေးချယ်ရာ အခြားသောဆက်သွယ်ရေး ကြားခံမှတဆင့်ဖြစ်စေ ဂရုမထားပဲ သတင်းအချက်အလက်နှင့် အတွေးအခေါ်အမျိုးအစားအားလုံးကို ဝေမျှပေးရန်အပါအဝင် လူတိုင်း၏လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ကို အာမခံပေးသည်။

လူ့အခွင့်အရေးကော်မတီမှ မှတ်ချက်ပြုသည်မှာ "ဘာသာရေးအမျိုးအစားတစ်ခု၏ အမြင်များအပါအဝင် ထင်မြင်ယူဆမှု ပုံစံအားလုံး" နှင့် "သူတို့စွဲကိုင်ထားသည့် ထင်မြင်ယူဆမှုများကို အကြောင်းပြုပြီး ဖမ်းဆီးခြင်း၊ အကျဉ်းချခြင်း၊ အမှုရင်ဆိုင်ခြင်း (သို့) ထောင်ချခြင်းအပါအဝင် လူတစ်ယောက်ကို နှောက်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း (သို့) ကဲ့ရဲ့အပြစ်ဆိုခြင်းသည် အပိုဒ် ၁၉(၁)ကို ချိုးဖောက်ခြင်းဖြစ်သည်။"[116] ထိုကော်မတီသည် မည်သည့်ထင်မြင်ယူဆမှုကိုမဆို ထင်မြင်ယူဆမှုတစ်ခုကို စွဲကိုင်ခြင်းကို ပြစ်မှုအဖြစ် ပြဋ္ဌာန်းသတ်မှတ်ခြင်းသည် အပိုဒ် ၁၉နှင့် မဆီလျော်ဟု ယူဆခဲ့ပြီးဖြစ်သည်။[117]

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် အကြွင်းမဲ့သော ရပိုင်ခွင့်မဟုတ်ပါ။ ထိုအခွင့်အရေးသည် ICCPR ၏ အပိုဒ် ၁၉(၃)တွင် ဖော်ပြထားသော ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန်အတွက် နိုင်ငံ၏စည်းမျဉ်းဥပဒေပြုခြင်းကို ခံရနိုင်ပါသည်။ ထို ရည်ရွယ်ချက်များမှာ အခြားသူများ၏ အခွင့်ရေးများနှင့် ဂုဏ်သတင်းများကို လေးစားခြင်းနှင့် အမျိုးသားလုံခြုံရေး၊ အများပြည်သူ လုံခြုံအေးချမ်းရေး (သို့) ပြည်သူ့ကျန်းမာရေး (သို့) လူ့ကျင့်ဝတ်များကို ကာကွယ်ခြင်းတို့ဖြစ်ပါသည်။ သို့သော် သတ်မှတ်ထားသည့် ကိုးကွယ်သည့်ဘာသာတစ်ခုခု (သို့) ဘာသာရေးအယူဝါဒတစ်ခုခုကို ကာကွယ်ခြင်းသက်သက် သို့မဟုတ် ထိုကိစ္စအတွက် တစ်စုံတစ်ဦး၏ ဘာသာရေးခံယူချက်များသည် လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့် ရရှိခံစားမှုအပေါ် ကန့်သတ်မှုအချို့ကို ဥပဒေနှင့်အညီ ပြဋ္ဌာန်းခြင်းအတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများအောက်တွင် အသိအမှတ်ပြုထားသည့် တရားဝင် ဖြစ်သော အကြောင်းအရာများတွင် မပါဝင်ပါ။

[112] ဥပမာအားဖြင့် ပြည်သူရေးရာနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ အပြည်ပြည်ဆိုင်ရာစာချုပ် အပိုဒ် ၂၇၊ လူ့အခွင့်အရေးကော်မတီ၏ ၁၉၉၄ ခုနှစ် ဧပြီလ ၆ရက်နေ့၏ အထွေထွေမှတ်ချက် အမှတ် ၂၃၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၃၀၊ လူမျိုး သို့ လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာစကားအရ လူနည်းစုများတွင် ပါဝင်သူများ၏အခွင့်အရေး ကြေညာစာတမ်းကိုကြည့်ရန်။

[113] "ဘာသာရေးအရ လူနည်းစုများတွင် ပါဝင်သူများ၏ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ကို ကာကွယ်ခြင်း"၊ Heiner Bielefeldt၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်: ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူ၏ အကြောင်းအရာအလိုက် အစီရင်ခံစာ၊ ၂၀၁၀-၂၀၁၆၊ စာမျက်နှာ ၁၃၄-၁၄၄ ကိုကြည့်ရန်။

[114] "နီးကပ်စွာ အပြန်အလှန်ဆက်နွယ်နေသည့် အခွင့်အရေးနှစ်ခု : ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ဖော်ထုတ်ပြောဆိုခွင့်"၊ Heiner Bielefeldt၊ ကိုးကွယ်သည့်ဘာသာ သို့ သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်: ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူ၏ အကြောင်းအရာအလိုက် အစီရင်ခံစာ၊ ၂၀၁၀-၂၀၁၆၊ စာမျက်နှာ ၃၃၀။

[115] အထက်ပါအတိုင်း။

[116] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ အထွေထွေမှတ်ချက် ၃၄၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (စာပိုဒ် ၁၉)၊ UN Doc. CCPR/C/GC/34၊ (၂၀၁၁)၊ စာပိုဒ် ၉၊ http://www2.ohchr.org/english/bodies/hrc/docs/gc34.pdf. ကို ကြည့်ရန်။

[117] အထက်ပါအတိုင်း၊ စာပိုဒ် ၄၈။

[118] Malcolm Ross v. Canada၊ လူ့အခွင့်အရေးကော်မတီ ဆက်သွယ်ရေး အမှတ် ၇၃၆/၁၉၉၇၊ U.N. Doc.CCPR/C/70/D/736/1997 ၂၀၀၀ခုနှစ် အောက်တိုဘာလ ၂၆ရက် မြင်ကွင်းများ၊ စာပိုဒ် ၁၁.၁-၁၁.၆ ကိုကြည့်ရန်။

[119] အထက်ပါအတိုင်း၊ စာရေးသူ (Mr. Malcolm Ross) သည် လူ့အခွင့်အရေးကော်မတီဆီသို့ အကြောင်းကြားချက်တစ်ခု တင်သွင်းပြီး ICCPR ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ကနေဒါသည် သူ၏ ထိုပဋိညာဉ်စာချုပ်အပိုဒ် ၁၈နှင့် ၁၉တွင် ရှင်းလင်းတိကျစွာ ရှင်းပြထားသည့် သူ၏ အခွင့်အရေးများကို ချိုးဖောက်ခဲ့ပြီးဖြစ်သည်ဟု အခိုင်အမာဆိုပါသည်။ စာရေးသူသည် စာဖတ်ခြင်းအခက်အခဲကို ကုစားသော သင်ခန်းစာသင်သည့် ဆရာအဖြစ် ၁၉၇၆ မှ ယခု ၁၉၉၁ ခုနှစ်အထိ အလုပ်လုပ်ခဲ့ပါသည်။ ဤကာလတစ်လျှောက်လုံးတွင် စာရေးသူသည် စာအုပ်များစွာ၊ လက်ကမ်းစာစောင်များကို ထုတ်ဝေခဲ့ပြီးနှင့် တီဗွီအင်တာဗျူးများတွင် ပါဝင်ခဲ့ပါသည်။ သူ့၏စာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် အင်တာဗျူးများ၏ အကြောင်းအရာမှာ ဂျူးမုန်းတီးရေးဖြစ်သည်။ ကျောင်းသားမိဘတချို့၏ တိုင်တန်းချက်များရပြီးနောက် စာရေးသူ၏ စာသင်ခန်းအတွင်း စာပေသင်ကြားမှုကို ၁၉၇၉ ခုနှစ်မှ စ၍ စောင့်ကြည့်ခြင်းခံခဲ့ရပြီး သူသည်လည်းပဲ လူသိရှင်ကြား ဂျူးမုန်းတီးရေးအမြင်များကို ဆက်လက်ဆွေးနွေးခြင်းသည် သူ့ကို အလုပ်မှ ထုတ်ပယ်မှုဆီသို့ ဦးတည်သွားမည်ဟု သတိပေးခြင်းခံခဲ့ရပါသည်။ သို့သော် သူ၏ တီဗွီအင်တာဗျူးတစ်ခုတွင် တစ်ကြိမ်ထပ်မံပါဝင်မှုသည် ဂျူးလူမျိုး မိဘတစ်ဦးမှ New Brunswick ၏ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ဆီသို့ တိုင်တန်းချက်တစ်ခု ဖွင့်ခြင်းဆီသို့ ဦးတည်သွားခဲ့ပါသည်။ ထိုတိုင်စာတွင် ဖော်ပြထားသည်မှာ ကော်မရှင်နှင့် ကျောင်းဘုတ်အဖွဲ့၏ ထိုစာရေးသူကို ဆန့်ကျန်၍ အရေးယူရန် ပျက်ကွက်မှုသည် သူတို့သည် ထိုစာရေးသူ၏ ဂျူးမုန်းတီးရေးအမြင်များကို လျစ်လျူရှုပြီး ဂျူးလူမျိုးနှင့် အခြားသောလူနည်းစုဝင် ကျောင်းသားများ၏ ခွဲခြားမှုမရှိသည့် ဆက်ဆံခြင်းကို ဆန့်ကျင်သော အခွင့်အရေးများကို ချိုးဖောက်ခဲ့သည်ဟု ဖြစ်သည်။ ဤတိုင်ကြားမှုသည် ပုံနှိပ်ထုတ်ဝေမှုများနှင့် ဂျူးမုန်းတီးရေး အမြင် ထုတ်ဖော်ပြောဆိုမှုများကို ၁၈လ တရားဝင်ဆိုင်းငံ့ထားမှုအောက်သို့ စာရေးသူကို ရောက်ရှိသွားစေသည်။ ထိုစာရေးသူ တောင်းဆိုသည်မှာ

အပြန်အလှန်အားဖြင့် အချို့သောဘာသာရေးအဖွဲ့အစည်းများ၊ အထူးသဖြင့်လူနည်းစုများကို ခွဲခြားဆက်ဆံမှုမှ ကာကွယ်ရန်အတွက်အပါအဝင် တစ်ဦးတစ်ယောက်၏ လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်ကို ဥပဒေနှင့်အညီ ကန့်သတ်သည့်ကိစ္စတွင် သာဓကများရှိနိုင်ပါသည်။ ထို့အပြင် ICCPR မှအသိအမှတ်ပြုထားသည့် ရည်ရွယ်ချက်များအတွက် ထိုကန့်သတ်မှုများသည် ဥပဒေအရပြဋ္ဌာန်းခံရသင့်ပြီး ICCPR ၏ အပိုဒ် ၁၉(၃) တွင် ဖော်ပြထားသော အကျိုးစီးပွားများကို ကာကွယ်ရန်အတွက်သာ အတိအကျလိုအပ်သင့်သည်။[118]

## ရော့စ်အမှု ကနေဒါ (Ross v. Canada)

ရော့စ်အမှု ကနေဒါတွင်[119] လူ့အခွင့်အရေးကော်မတီသည် ဘာသာရေးအဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားကိုကာကွယ်ရန်အတွက် လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်သည် ဥပဒေနှင့်လျော်ညီစွာ ကန့်သတ်ခြင်းခံရနိုင်သည့် အခြေအနေများကို စစ်ဆေးခဲ့သည်။ ဤအမှုသည် "ဂျူးဆန့်ကျင်"သူအဖြစ် ကျယ်ပြန့်စွာ သဘောပေါက်ခြင်းခံရသည့် သူ၏လူသိရှင်ကြားထွက်ဆိုချက်များနှင့် ရေးသားမှုများကြောင့် စာဖတ်ခြင်းအခက်အခဲကို ကုစားသော သင်ခန်းစာသင်သည့် ဆရာမယ်ကွန်ရော့စ်ကို ကျောင်းစာသင်ခန်းတွင် စာပေသင်ကြားသည့်တာဝန်မဟုတ်သည့် နေရာသို့ပြောင်းရွှေ့မှုနှင့် ဆက်စပ်နေသည့်အမှုဖြစ်သည်။ လူ့အခွင့်အရေးကော်မတီသည် အစိုးရအနေဖြင့် ထိုစာရေးသူအပေါ်တွင် ချမှတ်ခဲ့သော ကန့်သတ်မှုများသည် "ဘက်လိုက်ခြင်း၊ ဥပါဒါန်စွဲလမ်းခြင်း၊ မတူကွဲပြားခြင်းကို မလိုလားမှုတို့မှ ကင်းရှင်းသော အစိုးရကျောင်းပညာရေးစနစ်တွင် ပညာဆည်းပူးခွင့်အပါအဝင် ဂျူးဘာသာကို သက်ဝင်သူများ၏ "အခွင့်အရေးများနှင့် ဂုဏ်သိက္ခာများ"ကို ကာကွယ်လိုသည့် ရည်ရွယ်ချက်ဖြစ်သည်" ဟု ကောက်ချက်ချခဲ့သည်။[120] လူ့အခွင့်အရေးကော်မတီမှ သဘောတူခဲ့သည်မှာ ထိုစာရေးသူ၏ ဂျူးမုန်းတီးရေးအမြင်များနှင့် ဂျူးကလေးငယ်များ ကျောင်းတွင်ကြုံတွေ့ခံစားရသည့် 'အဆိပ်အတောက်ဖြစ်နေသော ကျောင်းပတ်ဝန်းကျင်အကြားရှိ သာမာန်ဆက်နွယ်မှုကို အစိုးရမှသက်သေပြခဲ့ပြီး ထို့ကြောင့် နောက်ဆုံးတွင် ထိုစာရေးသူကို စာပေသင်ကြားရေးရာထူးမှ ဖယ်ရှားခြင်းသည် ဂျူးကလေးငယ်များ၏ ဘက်လိုက်ခြင်းနှင့် ဥပါဒါန်စွဲလမ်းခြင်းတို့မှ ကင်းရှင်းသော သင်ကြားရေး ပတ်ဝန်းကျင်တစ်ခုရရန် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ရန်အတွက် မဖြစ်မနေလိုအပ်သော ကန့်သတ်မှုဖြစ်ခဲ့သည် ဆိုသည့်အချက်ဖြစ်သည်။[121] ထို့အပြင် ကော်မတီသည် စာရေးသူအပေါ်တွင် ချမှတ်ထားသည့် ကန့်သတ်မှုများသည် အကာအကွယ်ပေးလိုသော ရည်ရွယ်ချက်ကို ဖြည့်ဆည်းရန် အတိအကျလိုအပ်သည်မှအပ ကျော်လွန်မှုမရှိခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။[122]

## ဘုရားသခင်နှင့် မြင့်မြတ်သောအရာများကို အသရေဖျက်မှုဥပဒေ

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီသည် ICCPR အပိုဒ် ၁၉ အား အသေးစိတ်ရှင်းလင်းမှုကို တိကျစွာဖော်ပြခဲ့သည်မှာ "ဘုရားသခင်နှင့် မြင့်မြတ်သောအရာများကို အသရေဖျက်မှုဥပဒေ" အပါအဝင် ဘာသာတစ်ခု (သို့) အခြားသော သက်ဝင်ယုံကြည်မှုစနစ်အပေါ် ရှိသေလေးစားမှုကင်းမဲ့ကြောင်း ပြသခြင်းများကို တားမြစ်မှုများသည်" အပိုဒ် ၂၈ထဲတွင် မျှော်မှန်းထားသည့် တိကျသော

အစိုးရသည် သူ၏လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် ဖော်ထုတ်ပြောဆိုခွင့်နှင့် သူ၏ကိုးကွယ်သည့်ဘာသာ လွတ်လပ်ခွင့်ကို ချိုးဖောက်ခဲ့ပါသည်ဟု တောင်းဆိုခဲ့ပါသည်။

[120] ရော့စ်အမှု ကနေဒါ၊ အထက်ပါ အောက်ခြေမှတ်ချက် ၁၁၆, စာပိုဒ် ၁၁.၅။

[121] အထက်ပါအတိုင်း။

[122] အထက်ပါအတိုင်း။

[123] ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၊ the United Kingom of Great Britain နှင့် Northern Ireland –the Crown Dependencis of Jersey, အပေါ်အဆုံးသတ် လေ့လာချက်၊ Guernsey နှင့် the Isle Man, ၂၀၀၈ ခုနှစ် ဧပြီလ ၂၅ ရက်၊ UN Doc. CCPR/CO/79/Add.119, HRC, GC 34, စာမျက်နှာ ၄၈။ ICCPR ၏ အပိုဒ် ၂၀(၂)သည် နိုင်ငံများကို ခွဲခြားဆက်ဆံခြင်း၊ ရန်လိုခြင်း သို့ အကြမ်းဖက်မှုကို လှုံ့ဆော်မှုဖြစ်စေသည့် မည်သည့်ဘာသာရေးဆိုင်ရာအမုန်းတရား အားပေးအားမြှောက်ပြုလုပ်မှုကိုမဆို ဥပဒေအရတားမြစ်ခြင်းနှင့် ဆက်စပ်နေသည်။ ထိုတားမြစ်မှုသည် လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်ကို စိစစ်ဖြတ်တောက်ခြင်း သို့ နှိမ်နင်းခြင်းဟု ဆိုလိုသည်မဟုတ်ပဲ အများပြည်သူ၏ ပြုပြင်မှု အလားအလာကို ဆို ဆိုလိုခြင်းဖြစ်သည်။ Michael G. Kearney၊ အပြည်ပြည်ဆိုင်ရာဥပဒေတွင် စစ်အတွက်ဝါဒဖြန့်ခြင်းကို တားမြစ်မှု၊ ၂၀၀၇၊ နယူးယောက်၊ Oxford University press, စာမျက်နှာ ၁၁၁ တွင် ကိုးကားထားသည့် လူ့အခွင့်အရေးကော်မရှင်၊ ပြည်သူရေးရာနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ အပြည်ပြည်ဆိုင်ရာစာချုပ်၏ အပိုဒ် ၂၀ရှိ Travaux ကြိုတင်ပြင်ဆင်မှုများ၊ UN Doc. E/CN.4/SR.377, 10, ကို ကြည့်ရန်။

[124] ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်၊ "အမှုရင်ဆိုင်ခြင်း : ပါကစ္စတန်၏ ဘုရားသခင်နှင့် မြင့်မြတ်သောအရာများကို အသရေဖျက်မှုဥပဒေကို အကောင်အထည်ဖော်ခြင်း"၊ ၂၀၁၅ခုနှစ် နိုဝင်ဘာ။





အခြေအနေများမှအပ ပဋိညာဉ်စာချုပ်နှင့် သဟဇာတမဖြစ်ပါ။[123] ကော်မတီမှ ထပ်မံရှင်းလင်းပြီးသည်မှာ သတ်မှတ်ထားသော ဘာသာတစ်ခု (သို့) သက်ဝင်ယုံကြည်မှုစနစ်ကိုဖြစ်စေ၊ ထိုဘာသာတို့၏ နောက်လိုက်များမှ အခြားသူတို့အပေါ် (သို့) ဘာသာရေးယုံကြည်သူများမှ ဘာသာရေးမယုံကြည်သူများအပေါ်တွင်ဖြစ်စေ မျက်နှာသာပေးခြင်း (သို့) ဆန့်ကျင်ခြင်းအားဖြင့် ခွဲခြားဆက်ဆံသည့်ဥပဒေမျိုး တစ်ခုတလေကိုမျှ လက်မခံနိုင်ပါ။ ဘာသာရေးခေါင်းဆောင်များကို ဝေဖန်ခြင်း (သို့) ဘာသာရေးအယူဝါဒနှင့် သက်ဝင်ယုံကြည်မှုရေသောက်မြစ်အပေါ် ထင်မြင်ချက်ပေးခြင်းတို့ကို တားဆီး (သို့) အပြစ်ပေးရန်အသုံးပြုသည့် တားမြစ်မှုမျိုးများကိုလည်း လက်သင့်မခံပါ။[124]

## အကြံပြုချက်များ

ဤမိတ်ဆက်တွင် တင်ပြထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများနှင့် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်စံချိန်စံညွှန်းများ သုံးသပ်ချက်အရ ICJ အဖွဲ့မှ အကြံပြုထားသည်မှာ နိုင်ငံများသည်

- "ပြောင်းလဲခြင်း"၊ "ဖိဆန့်ခြင်း"ကို ကန့်သတ် (သို့) တားမြစ်သော မည်သည့်ဥပဒေပြဋ္ဌာန်းမှုကိုမဆို ရုပ်သိမ်းသင့်သည် သို့မှမဟုတ်လျှင် ထိုအရာသည် တစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို စွန့်လွှတ်ခွင့်၊ ပြောင်းလဲခွင့် (သို့ ထိန်းထားခွင့်တို့ကို လျော့ချလိမ့်မည်။
- လူတစ်ဦးတစ်ယောက်၏ ကိုးကွယ်သည့်ဘာသာကို ဖော်ထုတ်ပြသမှု လွတ်လပ်ခွင့် - ဥပမာအားဖြင့် ဘာသာရေးဆိုင်ရာ သင်္ကေတများကိုပြသခြင်း (သို့) ဘာသာရေးဆိုင်ရာ အဝတ်အစားများဝတ်ဆင်ခြင်း - အပါအဝင် အတွေးအခေါ်၊ ဆင်ခြင်တုံတရားနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်အပေါ်ပြုလုပ်သည့် မည်သည့်ကန့်သတ်မှုကိုမဆို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအောက်တွင် အသိအမှတ်ပြုခြင်းခံရသည့် တရားဝင်သော ရပ်တည်ချက်များပေါ်တွင်သာ သီးသန့်အခြေခံသည်ကို သေချာအောင်လုပ်သင့်သည်။ အတိအကျဆိုရသော် ယင်းကန့်သတ်မှု၏ ရည်ရွယ်ချက်မှာ အများပြည်သူလုံခြုံရေး၊ ဥပဒေစိုးမိုးရေး၊ ကျန်းမာရေး (သို့) လူ့ကျင့်ဝတ် (သို့) လူအများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်ကိုကာကွယ်ရန် ဖြစ်ရမည်၊ ဤမည်သည့် ကန့်သတ်မှုမဆို ဥပဒေအရနှင့် လိုအပ်ချက်အရ ပြဋ္ဌာန်းခံရမည်၊ ယင်းကန့်သတ်မှုများသည် အနည်းဆုံးအထက်တွင်ဖော်ပြထားသည့် တရားဝင်သော ရည်ရွယ်ချက်တခုခုကို လုပ်ဆောင်ရန်ဖြစ်ရမည်၊ ယင်းကန့်သတ်မှုများသည် အချိုးကျဖြစ်ရမည်။
- ဤမိတ်ဆက်တွင် အနှစ်ချုပ်ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံချိန်စံညွှန်းများအောက်ရှိ "မလွှဲမရှောင်သာသော ကန့်သတ်မှု" လိုအပ်ချက်များကိုဖြည့်ဆည်းရန် တားမြစ်မှုများအပ "ဘာသာပြောင်းခြင်း" (သို့) ဘာသာရေးဆိုင်ရာသင်ကြားမှုအပေါ် ပြုလုပ်သည့် မည်သည့်တားမြစ်မှုများကိုမဆို ရုပ်သိမ်းသင့်သည်။
- ဘာသာရေးဆိုင်ရာ ဝတ်ပြုခြင်း၊ မြင့်မြတ်သောနေရာ၊ အထွတ်အမြတ်ဗိမာန် တို့အတွက် နေရာများကို အပြည့်အဝလေးစားခြင်း၊ ကာကွယ်ခြင်းနှင့် ယင်းနေရာများတွင် ကြိုမြင်နိုင်သော မတော်မလျော်ပြုမှု (သို့) ဖျက်ဆီးမှုအန္တရာယ်တို့ ကြုံတွေ့လာပါက ယင်းတို့၏လုံခြုံရေးကို သေချာစေရန် ထပ်တိုးလုပ်ဆောင်မှုများ ပြုလုပ်ခြင်းတို့ကို သေချာအောင်လုပ်သင့်သည်။
- အထူးသဖြင့် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်ကို တရားဝင်ကျင့်သုံးမှုနှင့် ဆက်နွယ်၍ ဘာသာရေးကျင့်ဝတ်နှင့်မလျော်ဟု ခံယူသဖြင့် ငြင်းဆိုနိုင်ခွင့်ကို အာမခံသည့် ဥပဒေပြဋ္ဌာန်းမှုကို ကျင့်သုံးသင့်သည်။
- အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာအပေါ် လေးစားမှုတို့ကို အထူးသဖြင့် အမျိုးသမီးနှင့် မိန်းမငယ်လေးများ (သို့) မည်သူ့ကိုမဆိုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုလုပ်ရပ်တို့၏ ကျိုးကြောင်းဆီလျော်မှုကိုပြသည့် မှုမမှန်သောအကြောင်းပြချက်များအဖြစ် ဘယ်သောအခါမှ အသုံးချခြင်းမခံရစေရေးကို သေချာအောင်လုပ်သင့်သည်။
- အထူးသဖြင့် ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှု၊ လူမျိုးစုဝင်၊ လူမျိုး၊ ကျား၊မ၊ လိင်စိတ်တမ်းညွှတ်မှုနှင့် ကျား/မကိုယ်ပိုင်လက္ခဏာအရ သတ်မှတ်ထားသောအုပ်စုများ အပါအဝင် အချို့သောအုပ်စုများမှ လူတို့ကိုကိုယ်စားပြုမှုအပေါ်မူတည်၍ ခွဲခြားဆက်ဆံခြင်းအားလုံးကို တားမြစ်ရန်အလို့ငှာ ဥပဒေထုတ်ပြန်ခြင်း သို့မဟုတ် လက်ရှိဥပဒေကို ပြင်ဆင်ခြင်းပြုလုပ်သင့်ပါသည်။

- "ဘုရားသခင်နှင့် မြင့်မြတ်သောအရာများကို အသရေဖျက်မှု"ကို ပြစ်မှုအဖြစ် ဥပဒေပြဋ္ဌာန်းသတ်မှတ်ထားသည့် သို့တည်းမဟုတ် ဥပဒေအရတားမြစ်ခြင်းခံရနိုင်သည့် နိုင်ငံတို့တွင် ထိုကဲ့သို့သော ဥပဒေများကို ရုပ်သိမ်းသင့်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းဥပဒေတို့သည် အတွေးအခေါ်၊ ဆင်ခြင်တုံတရား၊ ကိုးကွယ်သည့်ဘာသာ (သို့) သက်ဝင်ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာဖော်ထုတ်ပြသခွင့်တို့နှင့် ရှေ့နောက်လျော်ညီမှုမရှိပဲ အဆိုပါ အခွင့်အရေးများကို အကျိုးခံစား၊ ကျင့်သုံးရာတွင် အဟန့်အတားဖြစ်စေပါသည်။
- နိုင်ငံတို့သည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ အပြည်ပြည်ဆိုင်ရာစာချုပ်၊ အပြည်ပြည်ဆိုင်ရာအားလုံးသော လူမျိုးရေးခွဲခြားဆက်ဆံမှု ပုံစံများဖျက်သိမ်းရေးညီလာခံ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာအားလုံး သော အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုပုံစံများ ဖျက်သိမ်းရေးညီလာခံ၊ ဒုက္ခသည်များအဆင့်အတန်းနှင့် စပ်လျဉ်း သောညီလာခံ စသည်တို့ပါဝင်သော အဓိကအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာချုပ်စာတမ်းများအားလုံးတွင် ပါဝင် ပတ်သက်သင့်သည်။ နိုင်ငံတို့သည် ဘာသာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများကို လေးစားသယောင် ဟန်ဆောင်ထား သည့် ကန့်သတ်ထိန်းချုပ်မှုများအပါအဝင် လက်ရှိကန့်သတ်ထိန်းချုပ်မှုအားလုံးမှ ရုပ်သိမ်းပေးသင့်သည်။